ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့၊ (12-2-2015) (၈၁၁၄)

ညီညွတ်ရေးအတွက် ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ ထပ်စဉ်းစားဖို့လိုတယ်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ တိုင်းသူပြည်သားညီညွတ်ရေး၊ လူထုရဲ့ ညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီးလုပ်ကြဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင်ကျင်းပသော ပြည်သူ့အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အမျိုးသားနိုင်ငံရေးအင်အားစုအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရေးတို့ကို မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား -

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ရင်ထဲတွင် ထာဝရ သတိတရရှိနေသည့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည့် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အချိန်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်း ချစ်ခင်ရင်းနှီးစွာ မှီတင်းနေထိုင်လျက်ရှိကြကုန်သော တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းတစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးစုများ အားလုံး၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေး စိတ်ဓာတ် တို့သည် ပြည်ထောင်စုကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ် ထည်ဝါစွာ မားမားမတ်မတ် ရပ်တည်စေနိုင်သည့် အမျိုးသားရေးအားမာန်များ ဖြစ်သည်ကို ထင်ထင်ရှားရှားတွေ့မြင်ရမည် ဖြစ်ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးစုများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိခဲ့ကြသည့်အတွက်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တည်းဟူသော အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးစုများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ရှိခဲ့ကြသည့်အတွက်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တည်းဟူသော အချုပ်အခြာ အာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့ခြင်းဖြစ်

ထို့ကြောင့် နိုင်ငံတကာအလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ထည်ထည်ဝါဝါရပ်တည်နိုင်ရန်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်အတွက် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို သားစဉ်မြေးဆက်ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ တာဝန်ဖြစ်သည်ဟု အလေးအနက်ခံယူသွားရမည် ဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား -

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်အတွက် ကူညီဆောင်ရွက်ပေးရန် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် တို့ကို နိုင်ငံတော်၏ အခြေခံမူများအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ပြီး လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးရှိရန် လိုအပ်လှပါသည်။

ယနေ့အချိန်အခါတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၏ အောင်မြင်မှုကြောင့် မြန်မာ့နိုင်ငံရေးတွင် မတူညီသည့် သဘောထားများကို စေ့စပ်ဆွေးနွေးခြင်းနည်းလမ်းများဖြင့် အဖြေရှာသည့် နိုင်ငံရေး ယဉ်ကျေးမှုသစ် အသက်ဝင်ရှင်သန်နေပြီဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့်

စာမျက်နှာ ၃ သို့ » »

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏

ကြေးမုံ စာ တည်း ရှု ထောင့် **၁၂-၂-၂၀၁၅၊ ကြာသပတေးနေ့**

စည်းလုံးညီညွတ်မှုတည်ဆောက်

ယနေ့သည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စည်းလုံးညီညွတ်မှုစွမ်းအားကို ထုတ်ဖော်ပြသနိုင်ခဲ့သည့် နေ့တစ်နေ့ဖြစ်သည်။ တစ်နည်းဆိုသော် ပြည်ထောင်စု တိုင်းရင်းသားအားလုံး တစည်းတလုံးတည်းနေထိုင်မည်ဟူသော ဆုံးဖြတ်ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သောနေ့ (ပြည်ထောင်စုနေ့)ဖြစ်သည်။

ယနေ့ပြည်ထောင်စုနေ့သို့ ရောက်ရှိခဲ့သည်မှာ (၆၈)နှစ် တိုင်ခဲ့ပြီဖြစ်သည်။ (၆၈)နှစ်ကြာ ကာလအတွင်း ပြည်ထောင်စုသားတိုင်းရင်းသား ပြည်သူအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ခဲ့ကြသောကြောင့် မည်သူမျှ သွေးမခွဲနိုင်၊ မည်သူမျှမဖျက်ဆီးနိုင်ဘဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေခြင်းဖြစ် သည်။

တည်တံ့ခိုင်မြဲနေမှုကြောင့်လည်း လွတ်လပ်ရေး၏အရသာနှင့် အချုပ်အခြာအာဏာ၏တန်ဖိုးကို နိုင်ငံသားတိုင်းခံစားနိုင်ပြီး တိုင်းရင်းသား ပြည်သူအားလုံး အေးအေးချမ်းချမ်းသာသာယာယာနှင့် ရပ်တည်နေထိုင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်သွေးဖြစ်သည်ကို တိုင်းရင်းသားပြည်သူအပေါင်းက သိရှိနားလည်ထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်၊ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့စဉ်က တိုင်းရင်းသားပြည်သူအပေါင်းတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကျူးကျော်သူနယ်ချဲ့တို့ကိုတွန်းလှန်တိုက်ထုတ်နိုင်ခဲ့ပြီးနောက် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရတော့မည့်အခါ နယ်ချဲ့တို့ကတောင်တန်းဒေသကို ချန်လှပ်ထားရန် ရည်ရွယ်ခဲ့သည်။ ထိုစဉ်က တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လွတ်လပ်ရေးကို အတူတကွရယူရန် တိုင်းရင်းသားခေါင်းဆောင်များ သဘောတူခဲ့ကြသည်။ ထိုနေ့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်(ပြည်ထောင်စုနေ့)ဖြစ်သည်။

ပင်လုံကိုသက်သေပြုသည့် ပြည်ထောင်စုစိတ်ဓာတ်ကြောင့် တစ်နှစ်အတွင်း မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးမရရှိခင်က တိုင်းရင်းသားများအတွင်း သဘောထားအမြင်အမျိုးမျိုး ရှိခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ဦးဆောင်စည်းရုံးမှုကြောင့် တူညီသောသဘောထားများနှင့် ပြည်ထောင်စုမျိုးစေ့ကိုစိုက်ထူကာ မြန်မာနိုင်ငံလွတ်လပ်လာခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်တွင်လည်း သွေးခွဲမှုအမျိုးမျိုး၊ သပ်လျှိုမှုအဖုံဖုံ၊ သဘောထားအမြင်ကွဲလွဲမှုအချို့တို့ကြောင့် တိုင်းပြည်ငြိမ်းချမ်းရေးကို နှစ်ပေါင်းများစွာတည်ဆောက်ကြရသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးစု အားလုံးတို့၏ တစ်စိတ်တစ်ဝမ်းတည်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိခဲ့ကြသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်းဟူသော အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေခြင်းဖြစ်သည်။

ဆက်လက်၍ နိုင်ငံတကာအလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ထည်ထည်ဝါဝါရပ်တည်နိုင်ရန်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်အတွက် တို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး၏ တာဝန်ဖြစ်သည်ဟု အလေးအနက်ခံယူထားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအခိုင်အမာတည်ဆောက်ပြီးမှ ညီညွတ်သောစွမ်းအားဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ ထိုညီညွတ်သော စွမ်းအား ထာဝစဉ်ခိုင်မာအားကောင်းနေစေရန် ပြည်ထောင်စု တိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်မှုကို တူညီသောသဘောထားများဖြင့် တည်ဆောက်ကြရမည်ဖြစ်ပါသည်။ ။

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်

တောင်ကုတ် ဖေဖော်ဝါရီ ၁၁

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် မအီမြို့တွင် မအီ/မအီ ပြင်ဝန်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ11KVနှင့် 0.4 KV ဓာတ်အားလိုင်းတစ်လျှောက်ရှိ သစ်ပင် သစ်ကိုင်းများအား ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးနှင့် ဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

(ကြေးမုံ)

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဩစတြေးလျရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Mr. Tom Rogers နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းပုံ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးမှုစနစ်၊ မဲစာရင်းပြုစုခြင်းဆောင်ရွက်နေမှု၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းဖြတ်သန်းခဲ့ရသော မြန်မာ့နိုင်ငံရေးနှင့်ရွေးကောက်ပွဲများ ကျင်းပခဲ့မှုအခြေအနေ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဩစတြေးလျရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဩစတြေးလျနိုင်ငံ၏ ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲအတွေ့အကြုံများ၊ ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်ခဲ့သောအခြေအနေနှင့် သင်ခန်းစာယူဖွယ်ကိစ္စများအား ရှင်းလင်းပြောကြားပြီး ရရှိခဲ့သောသင်ခန်းစာနှင့် အတွေ့အကြုံအရ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် Voter Training, Voter Education နှင့် Voter Information လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာ ဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ရန်ကုန် ရွှေဈေး	၆၈၈၀၀၀	-	၆၈၉၀၀၀
မန္တလေး ရွှေဈေး	၆၈၈၃၀၀	-	၆၈၉၃၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၆၄၀	ကျပ်
(ခ) အောက်တိန်း၉၅	တစ်လီတာ	၈၃၀	ကျပ်
(ဂ) အောက်တိန်း၉၂	တစ်လီတာ	၅၅၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၇၇၀	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၁၀၂၆. ၀
(ခ) ဥရောပ	တစ်ယူရို	= ၁၁၆၁. ၉
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	= ၇၅၇. ၀၆
(ဃ) တရုတ်	တစ်ယွမ်	= ၁၆၄. ၄၀
(င) ထိုင်း	တစ်ဘတ်	= ၃၁. ၄၅၃
(စ) မလေးရှား	တစ်ရင်းဂစ်	= ၂၈၆. ၁၁
(ဆ) အိန္ဒိယ	တစ်ရူပီး	= ၁၆. ၄၆၆
(ဇ) ဂျပန်	တစ်ရာယန်း	= ၈၅၉. ၁၂
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၅၇၁
(ည) ဩစတြေးလျ	တစ်ဒေါ်လာ	= ၇၉၈. ၅၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ရက်(ကြာသပတေးနေ့)"ပြည်ထောင်စုနေ့"သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အများသိစေရန်ကြေညာချက်

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီများ အနက် လိပ်စာတွင်ရှာမတွေ့ခြင်း၊ အခွန်ဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်းနှင့် ဆက်သွယ်၍မရသော တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွဲ့စည်းထားသောကုမ္ပဏီများ စာရင်း (ပဲခူးတိုင်းဒေသကြီး ၂၁ခု၊ တနင်္သာရီတိုင်းဒေသကြီး ၉၅ ခုနှင့် ကရင်ပြည်နယ် ၈၁ ခု)တို့အား ပြည်တွင်းအခွန်များဦးစီးဌာနမှ ပေးပို့လာပါသည်။

အဆိုပါကုမ္ပဏီများအနေဖြင့် အောက်ပါရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)နှင့် ဌာနခွဲများသို့ ၂၈-၂-၂၀၁၅ရက် နောက်ဆုံးဆက်သွယ်ဆောင်ရွက်ကြပါ ရန်နှင့်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၄၇နှင့်အညီ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ အဆိုပါကုမ္ပဏီစာရင်းအသေးစိတ်အား www.dica .gov. mm website တွင် ဖော်ပြထားပါသည်။

ရန်ကုန်ရုံးချုပ်	-	အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Fax-၀၁-၆၅၈၁၃၅
နေပြည်တော်ရုံး	-	ရုံးအမှတ်(၃၂)၊ နေပြည်တော်။ Fax-၀၆၇-၄၀၆၃၀၆
မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး	-	(၂၆×၈၄)လမ်းထောင့်၊ ဈေးချိုအရှေ့ဘက်တိုက်တန်း၊ တတိယထပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ရှမ်းပြည်နယ်ဦးစီးမှူးရုံး	-	အမှတ်(၁၃၉)၊ စပ်စံထွန်းလမ်း၊ ဈေးပိုင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။
မွန်ပြည်နယ်ဦးစီးမှူးရုံး	-	အမှတ်(၄၀၁)၊ တိုးချဲ့ကမ်းနားလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

» » ရှေ့ဖုံးမှ

လွတ်လပ်ရေးရရှိချိန်မှစတင်ပြီး နှစ်ပေါင်းခြောက်ဆယ်ကျော် ရင်ဆိုင်နေခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်း၊ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်နိုင်ရေးအတွက် အမျိုးသားနိုင်ငံရေးအင်အားစုအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရေးတို့ကို မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဖြည့်ဆည်းရမည့် ကွက်လပ်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများက စုပေါင်းညီညွတ်စွာ ကြိုးပမ်းရန်လိုအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား-

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တူညီသည့်ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာကအသိအမှတ်ပြုချီးကျူးခဲ့ရသည့် အောင်မြင်မှုများရရှိခဲ့သကဲ့သို့ ဆက်လက်ကျော်လွှားရမည့် စိန်ခေါ်မှုများလည်း ကျန်ရှိနေပါသေးသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းပေါင်းများစွာကို တစ်ပြိုင်တည်းဆောင်ရွက်ရသည့်အတွက် အချို့ကဏ္ဍများတွင် တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးရန် လိုအပ်နေဆဲဖြစ်ပါသည်။

ထိုကဲ့သို့ ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲများကို ကျော်လွှားပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးသည် အမိမြန်မာနိုင်ငံတော်အတွက် အရေးကြီးလှပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများစသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့သည် လက်ဝယ်ရရှိထားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ အရှိန်အဟုန်လျော့ကျသွားခြင်းမရှိစေရန်အတွက် မိမိတို့ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ ရှေ့သို့ဆက်ကာ ပူးပေါင်းပါဝင်သွားကြပါရန် မင်္ဂလာရှိသော ပြည်ထောင်စုနေ့အခါသမယတွင် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအား ယနေ့ညပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်မက်စ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ရှေးဦးစွာ ဒုတိယသမ္မတက ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)၊ ချင်းအမျိုးသားတပ်ဦး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်၊ နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (ကပ္ပလန်)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ မွန်ပြည်သစ်ပါတီ၊ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ၊ “ဝ”ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် အထူးဒေသ-၂၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်၊ ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ-၄ တို့မှ အဖွဲ့ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံမှုမှတစ်ဆင့် ရာသက်ပန်ငြိမ်းချမ်းရေးရရှိစေရန် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ပါကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့်ကိစ္စများကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းရန်ကြိုးစားရင်း နှစ်ဖက်စလုံးအကျိုးမဲ့ဖြစ်ခဲ့ရပါကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် အဓိကလိုအပ်ချက်မှာ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်ပါကြောင်း၊ သို့ရာတွင် လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပေါ်နေသည့်အတွက် ပြည်တွင်း/ပြည်ပမှ ရေရှည်ရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်ကြပါကြောင်း၊ ထို့ပြင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို အကြောင်းပြုပြီး စီးပွားရေးပိတ်ပင်ခံရသည့်အတွက် နိုင်ငံတကာအဆင့် စီးပွားရေးမှာ မရှိသလောက် ဖြစ်ခဲ့ရပါကြောင်း။

စီးပွားရေးမဖွံ့ဖြိုးမှုသည် ပညာရေး၊ ကျန်းမာရေးစသည်ဖြင့် အစစအရာရာကို နိမ့်ကျစေခဲ့ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး မယုံကြည်မှု၊ မုန်းတီးမှုများသည် စိတ်မကောင်းစရာဖြစ်ရပ်များကို ဖြစ်ပေါ်စေပါကြောင်း၊ ထိုသို့ ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက မိမိတို့တိုင်းပြည်နှင့် လူမျိုးအတွက် များစွာနစ်နာစေမည်ဖြစ်ပါကြောင်း၊ မိမိ၏ တစ်ဦးတည်းအမြင်အရဆိုရလျှင် တရားမျှတမှု၊ တန်းတူညီမျှမှုတို့အား အကောင်အထည်ဖော်ရာတွင် မျက်နှာကြီးငယ်မရွေး တော်သူကိုတော်သလို ချီးမြှင့်အားပေးနိုင်မှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းဖြစ်ပါကြောင်း။

ဤနည်းဖြင့်သာ မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဆီသို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏စိတ်ခံစားချက်များဖြင့် အလုပ်မလုပ်ကြဘဲ ဆင်ခြင်တုံတရားဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုးခွဲခြားဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတက ညစာစားပွဲသို့ တက်ရောက်လာသည့် အဖွဲ့များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကိုယ်စား ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်ဥက္ကဋ္ဌ ဦးရွက်ဆစ်က လက်ခံသည်။

အဆိုပါညစာစားပွဲသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း သတင်းမီဒီယာများအား တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့နှင့်အတူ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်မီဒီယာခန်း၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော် နာယကသည် သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများနှင့် ပြည်တွင်းသတင်းစာ၊ ဂျာနယ် ၂၉ ခုတို့မှ အယ်ဒီတာနှင့် သတင်းထောက် စုစုပေါင်း ၄၈ ဦးတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ဟောပြောပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၁ ။ ။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)၏ သွားဘက်ဆိုင်ရာဆေးပညာရပ်များ စဉ်ဆက်မပြတ်ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ ဇမ္ဗူရာဇ်ရွှေစင်ခန်းမ၌ အငြိမ်းစားပါမောက္ခချုပ်/ပါမောက္ခ ဒေါက်တာမျိုးဝင်းက Clinical Fluoride Management ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး တက်ရောက်လာသူများနှင့်ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ပါမောက္ခချုပ်/ပါမောက္ခဒေါက်တာရွှေတိုးက ဂုဏ်ပြုမှတ်တမ်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေးတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) သို့ တက်ရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ကွာလာလမ်ပူမြို့ ဆူဘန်းလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မလေးရှားတပ်မတော်မှ Maj-Gen.Dato' Hanafiah Jaafar(Assistant Chief Of Staff,Defence Logistic)၊ Brig-Gen.Dato' Mohd Azmi Borhan(Armed Forces Provost Marshall)၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့က ဆူဘန်း လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ထွန်းထွန်းနောင်၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mohd Haniff Bin Abd Rahman နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (12th ACDFIM) သို့ တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီ ၁၀ ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် မလေးရှား တပ်မတော်အရာရှိ စားရိပ်သာ၌ မလေးရှား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tan Sri Dato' Sri(Dr.)Zulkifeli Bin Mohd Zin နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များနှင့်ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri (Dr.) Zulkifeli Bin Mohd Zin က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ညစာစားပွဲသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များနှင့်အတူ ညစာ အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မလေးရှားတပ်မတော် တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၊ ဇနီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အခမဲ့ပညာရေးနှင့် ပညာရေးထောက်ပံ့မှု လျာထားချက်များ

အခြေခံပညာကဏ္ဍ

စဉ်	အခြေခံပညာ အဆင့်	တစ်ဦးအတွက် ထောက်ပံ့မှုနှုန်းထား	ကျောင်းသား ဦးရေ	မှတ်ချက်
၁	မူလတန်း	ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် (၆)အုပ်၊ ကျောင်းဝတ်စုံ(၁)စုံ	(၅)သန်းကျော်	ကျောင်းသားအရေအတွက်အနည်း/ အများအပေါ်မူတည်၍ ကျောင်းထောက်ပံ့ကြေး တစ်ကျောင်းလျှင် တစ်နှစ်အတွက် ငွေကျပ် ၈ သိန်းမှ ငွေကျပ် ၁၆ သိန်း အထိ ထောက်ပံ့ခြင်းကို စုစုပေါင်းငွေကျပ် ၄၆ ဘီလီယံကျော် သုံးစွဲမည်ဖြစ်ပါသည်။
၂	အလယ်တန်း	ကျောင်းသုံးပုံနှိပ် စာအုပ်များ တစ်နှစ်လျှင် ကျပ်(၂)သိန်း	(၂ ဒသမ ၈) သန်းကျော် ၁၁၅၈ ဦး	မြို့နယ်တစ်ခုလျှင် (၃)ဦးနှုန်း မြို့နယ်ခွဲတစ်ခုလျှင် (၂)ဦးနှုန်း
၃	အထက်တန်း	ကျောင်းသုံးပုံနှိပ် စာအုပ်များ တစ်နှစ်လျှင် ကျပ်(၃)သိန်း	(၈)သိန်းကျော် ၁၁၅၈ ဦး	မြို့နယ်တစ်ခုလျှင် (၃)ဦးနှုန်း မြို့နယ်ခွဲတစ်ခုလျှင် (၂)ဦးနှုန်း

အဆင့်မြင့်ပညာကဏ္ဍ

စဉ်	ထောက်ပံ့မှု အမျိုးအစား	တစ်ဦးအတွက် ထောက်ပံ့မှုနှုန်းထား	ကျောင်းသား ဦးရေ	မှတ်ချက်
၁	တက္ကသိုလ်ပညာသင်ဆု	တစ်နှစ်ငွေကျပ် (၁၀)သိန်း	ပညာသင်ဆုရရှိသူများ	-
၂	ဆင်းရဲနွမ်းပါး ကျောင်းသားထောက်ပံ့မှု	တစ်နှစ်ငွေကျပ် (၃)သိန်း	၂၆၄၄၀	စုစုပေါင်းငွေကျပ် ၇ ဒသမ ၆ ဘီလီယံ လျာထား

နည်းပညာနှင့် အသက်မွေးကဏ္ဍ

စဉ်	ပညာရပ်အမျိုးအစား	တစ်ဦးအတွက် ထောက်ပံ့မှုနှုန်းထား	ကျောင်းသား ဦးရေ	မှတ်ချက်
၁	ဆရာအတတ်ပညာဒီပလိုမာ	တစ်နှစ်ငွေကျပ် (၃)သိန်း	၂၆၀၀၀ ကျော်	စုစုပေါင်းငွေကျပ် ၈ ဘီလီယံလျာထား
၂	လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ			
၃	သူနာပြုဒီပလိုမာ			
၄	သားဖွားဒီပလိုမာ			
၅	အစိုးရစက်မှုလက်မှုသိပ္ပံ			
၆	အစိုးရနည်းပညာအထက်တန်း			

ဘဏ္ဍာနှစ်အလိုက် ပညာရေးအသုံးစရိတ်များ

စဉ်	ဘဏ္ဍာရေးနှစ်	အသုံးစရိတ်	မှတ်ချက်
၁	၂၀၁၁-၂၀၁၂	၃၁၀ ဒသမ ၄၀၁ ဘီလီယံ	
၂	၂၀၁၂-၂၀၁၃	၆၄၇ ဒသမ ၈၉၄ ဘီလီယံ	
၃	၂၀၁၃-၂၀၁၄	၉၀၉ ဒသမ ၄၅၉ ဘီလီယံ	
၄	၂၀၁၄-၂၀၁၅	၁၁၅၈ ဒသမ ၂၈၀ ဘီလီယံ	
၅	၂၀၁၅-၂၀၁၆	၁၄၀၉ ဒသမ ၉၁၉ ဘီလီယံ(လျာထား)	-၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပညာရေးအသုံးစရိတ်၏ ငါးဆနီးပါးအထိ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရန် လျာထားပါသည်။

(သတင်းစဉ်)

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

တောတောင်တိုင်းတွင် စန္ဒကူးမရှိ၊ ဆင်တိုင်းတွင် အမြုတေမရှိ၊ နေရာတိုင်းတွင် ပညာရှိ အာဇာနည်မရှိနိုင်။ စန္ဒကူးသစ်သည် သစ်တကာတို့တွင် အဖိုးတန်ဆုံးရတနာဖြစ်သည့်အတွက် တောတောင်တိုင်းတွင် ပေါက်ရောက်ခြင်းမရှိ။ အမြုတေကျောက်သည် ရတနာစိန်ကျောက်များထဲတွင် အဖိုးတန်ဆုံးရတနာဖြစ်သည့်အတွက် ဆင်တိုင်းတွင်မရှိ။ ပညာရှိအာဇာနည်ဆိုသည်မှာလည်း နိုင်ငံတော်၏ အဖိုးတန်အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည့်အတွက် ခေတ်တစ်ခေတ်၏ သမိုင်းတွင် များစွာပေါ်ထွန်းလေ့မရှိပေ။

ပညာရှိအာဇာနည်ဖြစ်သင့်ဖြစ်ထိုက်သည့် ဂုဏ်ထူးဝိသေသတို့ဖြစ်သော ရိုးသားမှု၊ စိတ်ဓာတ်ခိုင်မာမှု၊ ရဲရင့်သတ္တိရှိမှု၊ စွန့်လွှတ်စွန့်စားနိုင်မှု၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကင်းစင်မှု၊ ပြည်ထောင်စုစိတ်ဓာတ် ပြင်းထန်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ အင်အားကို တန်ဖိုးထားတတ်မှု၊ နိုင်ငံရေးအမြော်အမြင်ကြီးမားမှုဆိုသည့် ခေါင်းဆောင်မှုအရည်အသွေးပေါင်းများစွာကို ပိုင်ဆိုင်ခဲ့သည့် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားများကို ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ ကျင်းပလျက်ရှိပေသည်။

လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း(၆၀)ကျော်အကြာတွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ် ပြန်လည်ပေါ်ပေါက်ခဲ့သည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုလွှတ်တော်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ဒုတိယဝန်ကြီးများ၊ ဗိုလ်ချုပ်အောင်ဆန်း၏သမီး ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်များမှ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် သမိုင်းဝင်နိုင်ငံရေးဆောင်ရွက်ချက်များအား ကောက်နုတ်ဖော်ပြထားသည့် ဗီဒီယိုမှတ်တမ်းကို ဂုဏ်ပြုပြသသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ကို ရည်စူးပြီး ဗိုလ်ချုပ်အား ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေးခေါင်းဆောင်ဟု တင်စားဂုဏ်ပြုလိုပါကြောင်း။

ဗိုလ်ချုပ်သည် တက္ကသိုလ်ကျောင်းသားဘဝတွင် စိတ်တူသဘောတူ အပေါင်းအသင်းများနှင့် တွေ့ရှိပြီး လွတ်လပ်ရေးလှုပ်ရှားမှုတွင် စတင်ပါဝင်ခဲ့ပါကြောင်း၊ ထိုအချိန်ကပင် ဒီမိုကရေစီစံနှုန်း စံထားများကို လက်ခံကျင့်သုံးခဲ့သည်ဟုပြောပါက မမှားနိုင်ပါကြောင်း၊ အများ၏ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်မှုအရ ကျောင်းသားသမဂ္ဂတွင် တာဝန်အဆင့်ဆင့်ကိုယူခဲ့ပြီး တစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအထိ တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း။

တက္ကသိုလ်ကျောင်းမှထွက်ပြီးနောက် ဒို့ဗမာအစည်းအရုံးအဖွဲ့ဝင်တစ်ဦးအနေဖြင့် လွတ်လပ်ရေးလှုပ်ရှားမှုများတွင် ဆက်လက်ပါဝင်ခဲ့ပါကြောင်း၊ ထို့နောက် နိုင်ငံရေးပါတီကိုအခြေခံသည့် နိုင်ငံရေးလမ်းကို စတင်လျှောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၉၄၁ ခုနှစ်တွင် ဖွဲ့စည်းလိုက်သော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ဦးဆောင်သည့် ဗိုလ်တေဇ(ခေါ်)ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့တပ်မတော်၏ ဖခင်ဖြစ်ပါကြောင်း၊ ဒုတိယကမ္ဘာစစ်မီးပွားများ မြန်မာနိုင်ငံအတွင်းသို့ ပျံ့လွင့်တောက်လောင်နေစဉ်အတွင်း တပ်မတော်တာဝန်ထမ်းဆောင်နေသည့်ကာလ၌ပင်လျှင် ဗိုလ်ချုပ်အောင်ဆန်း၏ ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ရေးကြိုးပမ်းမှုများ စတင်အကောင်အထည်ဖော်လာသည်ဟုပြောလျှင် အချို့က အံ့သြကောင်းအံ့သြကြမည်ဖြစ်ပါကြောင်း။

ဗိုလ်ချုပ်သည် နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှုသည် အဓိကကျကြောင်း သဘောပေါက်လက်ခံသည်နှင့်အမျှ ကရင်-ဗမာချစ်ကြည်ရေးကို ဦးတည်ကြိုးပမ်းခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်တွင် ဗိုလ်ချုပ်၏ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ပြနေပြီး ဒီမိုကရေစီစံနှုန်းထားကို ပေါ်လွင်စေခဲ့ပါကြောင်း၊ ဒီမိုကရေစီယဉ်ကျေးမှု၏ကျောရိုးမှာ ပြဿနာများ၊ ပဋိပက္ခများကို ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းဖြင့် ဖြေဖျောက်နိုင်စွမ်းပင်ဖြစ်ပါကြောင်း၊ စစ်ပြီးကာလတွင် ဗိုလ်ချုပ်၏ ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ရေးအတွက် ခေါင်းဆောင်မှုပေးနိုင်သော အရည်အချင်းများသည် ပိုမိုထင်ရှားလာပါကြောင်း၊ လွတ်လပ်ရေးတိုက်ပွဲကို ဦးစီးဦးဆောင်ပြုရာ၌ ပြည်သူ့အင်အားကို အလေးထားသော်လည်း အလွဲသုံးစားမှုမပြုခဲ့ပါကြောင်း၊ တတ်နိုင်သရွေ့ နိုင်ငံနှင့်ပြည်သူ မနာစေမည့်

နည်းလမ်းများသုံးပြီး လွတ်လပ်ရေးရယူရန်ကြိုးပမ်းခဲ့ပါကြောင်း။

လန်ဒန်မြို့သို့သွားရောက်ပြီး လွတ်လပ်ရေးတံခါးကို ဟခဲ့သည့် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့ပါကြောင်း၊ ထို့နောက် ပြည်ထောင်စုလမ်းကို ပွင့်စေခဲ့ပြီး ပင်လုံစာချုပ်ကိုလည်း ချုပ်ဆိုခဲ့ပါကြောင်း၊ ဒီမိုကရေစီအုတ်မြစ်ချရေးအတွက် တိုင်းပြုပြည်ပြုရွေးကောက်ပွဲတွင် ပါဝင်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲပြီးမြောက်သည့်အခါ လွှတ်တော်တွင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ တင်သွင်းအတည်ပြုရေးကို ဦးဆောင်ခဲ့ပါကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုရာ၌ ဗိုလ်ချုပ်၏ ဒီမိုကရေစီ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်မြင့်မားပုံကို ထင်ရှားစေခဲ့ပါကြောင်း၊ ခိုင်မာသော နိုင်ငံရေးမူများကို အခြေခံပြီး ကျွမ်းကျင်သည့် အဆင့်မြင့်ဥပဒေပညာရှင်များနှင့်တိုင်ပင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ပါကြောင်း၊ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ကို လွှတ်တော်အတွင်းရယူခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဓိကကျသော အပိုဒ်များကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရှင်းလင်းတင်သွင်းခဲ့ပါကြောင်း၊ အဆိုတင်သွင်းချက်ကို တိုင်းရင်းသားခေါင်းဆောင်ကြီးများဖြစ်သော ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၊ ဝန်ကြီး မန်းဘခိုင်နှင့် ဆမားဒူးဝါး ဆင်ဝါးနော်တို့က ထောက်ခံခဲ့ကြပါကြောင်း၊ ယင်းသည်ပင် ဗိုလ်ချုပ်အောင်ဆန်း၏ ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ရေး ခေါင်းဆောင်မှုအရည်အချင်းကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း။

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် သတိရဂုဏ်ပြုသည့်အချိန်ကာလအတွင်း ဗိုလ်ချုပ်၏ ဒီမိုကရေစီပြည်ထောင်စု အိပ်မက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့အားလုံးက ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးပါတီများမှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့က ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်နှင့် မူဝါဒများအပေါ် ရှုထောင့်စုံမှ သုံးသပ်ထားသည့် စာတမ်း(၁၄)စောင်ကို ဖတ်ကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အထိမ်းအမှတ်ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လူ့ဘဝတွင် အသက်ရှင်နေထိုင်ခွင့်ရခဲ့သည်မှာ နှစ်ပေါင်း(၃၀)သာသာရှိပြီး လူ့သက်တမ်းအားဖြင့်ဆိုလျှင် အလွန်တိုတောင်းလှသည့် တစ်သက်တာဟုဆိုနိုင်ပါကြောင်း၊ သို့သော် ဗိုလ်ချုပ်ဖြတ်သန်းခဲ့သည့် အနှစ်(၃၀)သာသာသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းစဉ်ကြီးတစ်ခုလုံးကို ထင်ဟပ်ဖော်ပြနေခြင်းကြောင့် ကြီးကျယ်ခမ်းနားလှသည့် တစ်သက်တာဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကြီးကျယ်ခမ်းနားလှသည့် သမိုင်းမှတ်တိုင်ကြီးကို ဖန်တီးစိုက်ထူနိုင်ခဲ့သည့် ဗိုလ်ချုပ်၏ ထူးခြားဂုဏ်အင်များကို ကျမ်းအစောင်စောင်ပြုစုခဲ့သော်လည်း ကုန်နိုင်ဖွယ်ရာမရှိပါကြောင်း။

"သမိုင်းမှာ တွင်ကျန်ရစ်တဲ့ ပုဂ္ဂိုလ်ကျော်ဆိုတာ သူဖြတ်သန်းရာ ခေတ်ရဲ့တာဝန်ကို ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်သူသာဖြစ်တယ်" ဟု "မဟာအင်အားကြီးနိုင်ငံများရဲ့ နေထွက်ချိန်နဲ့ နေဝင်ချိန်" (The Rise and Fall of Great Power) ကျမ်းကြီးကိုပြုစုခဲ့သည့် ခေတ်ပြိုင် သမိုင်းပညာရှင် ပေါ(လ)ကင်နေဒီက ဖွင့်ဆိုဖူးပါကြောင်း၊ မိမိတို့၏ ဗိုလ်ချုပ်သည် ကင်နေဒီ ဖွင့်ဆိုပြခဲ့သည့် သမိုင်းတွင်ကျန်ရစ်သည့်ပုဂ္ဂိုလ်မျိုးဖြစ်ပါကြောင်း၊ ထောင့်သုံးရာပြည့်အရေးတော်ပုံကြီးအတွင်းတွင် ဗိုလ်ချုပ်ဦးဆောင်သည့် ခေါင်းဆောင်များက မိမိတို့တိုင်းပြည်အတွက် မဟာဗျူဟာ ရည်မှန်းချက်ကြီး (၃)ရပ်ကို ချမှတ်ခဲ့ပါကြောင်း၊ "လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေး၊ တစ်နည်းဆိုရလျှင် ခေတ်မီနိုင်ငံတော်ထူထောင်ရေး"တို့ဖြစ်ပါကြောင်း။

ဗိုလ်ချုပ်တို့ခေတ်၏တာဝန်သည် "လွတ်လပ်ရေးကြိုးပမ်းမှု"ဖြစ်ပါကြောင်း၊ ယင်းတာဝန်ကို ဗိုလ်ချုပ်က ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်သွားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့ခေတ်၏ တာဝန်ဖြစ်သည့် "ဒီမိုကရေစီရေး" ကို ပြီးမြောက်အောင်မြင်အောင် ထမ်းဆောင်နိုင်ပါမှ ဗိုလ်ချုပ်၏ သားကောင်း၊ သမီးကောင်းများ ဖြစ်ထိုက်မည်ဟု ယူဆပါကြောင်း။

"ပျော့လွန်းလျှင် ရစ်တတ်၏။ တင်းလွန်းလျှင် ပြတ်တတ်၏။ နိုင်ငံအရေးဆောင်ရွက်ရာတွင် မလျှော့မတင်း ကျင့်သုံးအပ်၏။"ဟု မုံရွေးဇေတဝန်ဆရာတော်ကြီးက "ရာဇောဝါဒကျမ်း"တွင် မိန့်ကြားခဲ့ဖူးပါကြောင်း၊ ထိုကဲ့သို့ ခေတ်ပြိုင်နိုင်ငံရေး သိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် ဂျိုးဇက်အက် (စ)နိုင်း(ဂျူနီယာ)က "စမတ်ပါဝါ (Smart Power)"ဟု အဓိပ္ပာယ်ဖွင့်ပါကြောင်း၊ စမတ်ပါဝါဆိုသည်မှာ ပါဝါအပျော့နှင့် ပါဝါအမာ နှစ်မျိုးပေါင်းကို ဆိုလိုပါကြောင်း၊ မိမိတို့ဗိုလ်ချုပ်သည် စမတ်ပါဝါကို ကျကျနန ကိုင်တွယ်ကျင့်သုံးနိုင်သည့် ခေါင်းဆောင်ကြီးဖြစ်ပါကြောင်း။

ဗိုလ်ချုပ်ထက် အသက်အရွယ်အရပိုကြီးသော်လည်း ဗိုလ်ချုပ်ကို ခေါင်းဆောင်အဖြစ် ကြည်ကြည်ဖြူဖြူ လက်ခံခဲ့သည့် ဗိုလ်ချုပ်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သည့် ဝန်ကြီးချုပ်ဟောင်းဦးနုက ဗိုလ်ချုပ်၏ အရည်အချင်းတစ်ရပ်ကို သူ၏ "ငါးနှစ်ရာသီ ဗမာပြည်"စာအုပ်တွင် ယခုလို မှတ်တမ်းတင်ခဲ့ပါကြောင်း၊ "ဗိုလ်ချုပ်အောင်ဆန်းမှာ ကိုယ်တွင်းသံလိုက်ဓာတ် အလွန်ကောင်းသောသူဖြစ်သည်။ သူ့နှင့်တွေ့ရလျှင် အကျကြီးကျသွားသူသာများလေသည်။ ဂျပန်တော်လှန်ရေး၏ အဓိကဖြစ်သော ကရင်-ဗမာချစ်ကြည်ရေး အတော်အတန်ခရီးရောက် ထမြောက်အောင်မြင်ခဲ့သည်မှာ ဤသံလိုက်ဓာတ်ကြောင့်ဟုဆိုလျှင် မမှားနိုင်ပေ" ဟု ဦးနုထောက်ပြသည့် ယင်းအချက်သည် ဗိုလ်ချုပ်၏ ပါဝါအပျော့ကို လှစ်ပြလိုက်သည့်ဖော်ပြချက်ဟု ဆင်ခြင်မိပါကြောင်း၊ ပါဝါအမာဘက်ကဆိုလျှင် မြန်မာ့တပ်မတော်ကြီးကို မီးရှူးသန့်စင်ဖွားမြင်စေခဲ့ခြင်း၊ အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး၊ ဂျပန်ဖက်ဆစ်တော်လှန်ရေးတို့ကို ဦးဆောင်ဆင်နွှဲခဲ့ခြင်းများသည် ပါဝါအမာ၏ ထင်ရှားသည့် သာဓကများဖြစ်ပါကြောင်း၊ ထို့ကြောင့် ဗိုလ်ချုပ်သည် ပါဝါအပျော့နှင့်ပါဝါအမာကို ဟန်ချက်ညီညီ ပေါင်းစပ်ကျင့်သုံးတတ်သည့် စမတ်ပါဝါပိုင်ရှင်ဟု အခိုင်အမာဆိုချင်ပါကြောင်း။

မိမိတို့တစ်တွေ တာဝန်ယူထားကြရသည့် ဒီမိုကရေစီအရေးတော်ကြီးသည် အေးဆေးတည်ငြိမ်သည့် ပတ်ဝန်းကျင် အခြေအနေတွင် အစပြုကြရခြင်းမဟုတ်ပါကြောင်း၊ ပြည်တွင်းပြည်ပစိန်ခေါ်မှုများ ပြည့်လျှမ်းနေသည့် "အကျပ်အတည်းဝန်းကျင်"တွင် တာဝန်ယူကြရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ အခင်းအကျင်းမျိုးတွင် ဗိုလ်ချုပ်ကဲ့သို့ စမတ်ပါဝါကို ကျကျနန ကိုင်တွယ်ကျင့်သုံးနိုင်မှသာ ဗိုလ်ချုပ်ကဲ့သို့ ခေတ်၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံရေးဆိုသည်မှာ "နုရာက ရင့်ရာကို" အဆင့်ဆင့်တည်ဆောက်သွားကြရသည့်ဖြစ်စဉ်ဟု သဘောရပါကြောင်း၊ နိုင်ငံရေး၏ ပထမဆုံးအဆင့်၊ အခြေခံအဆင့်ကို "လှုံ့ဆော်နိုင်ငံရေး"ဟု နိုင်ငံရေးသိပ္ပံပညာက သတ်မှတ်ပါကြောင်း၊ ယေဘုယျအားဖြင့် ယင်းအဆင့်ကို "တက်ကြွလှုပ်ရှားသူ"အနေဖြင့် အစပြုကြခြင်း များပါကြောင်း၊ ယင်းထက် ပိုရင့်ကျက်သည့်အဆင့်ကို "ရည်မှန်းချက်နိုင်ငံရေး" ဟု ဆိုပါကြောင်း၊ မိမိဘယ်ကို သွားချင်သည်၊ ဘယ်လိုသွားမည်ဆိုသည်ကို မဟာဗျူဟာကျကျ စဉ်းစားဆုံးဖြတ်ရသည့်အတွက် "စိတ်လှုပ်ရှားမှု" သက်သက်ဖြင့် နိုင်ငံရေးလုပ်၍မရတော့ပါကြောင်း၊ "အမြော်အမြင်"က အဓိကဖြစ်လာပါကြောင်း၊ ယင်းအဆင့်ကို အောင်အောင်မြင်မြင်ဖြတ်သန်းနိုင်ရန်အတွက် တက်ကြွလှုပ်ရှားသူအဖြစ်လောက်ဖြင့် မလုံလောက်တော့ပါကြောင်း၊ "ပရော်ဖက်ရှင်နယ် နိုင်ငံရေးသမား"ဖြစ်ရန်လိုပါကြောင်း၊ နိုင်ငံရေး၏ အမြင့်ဆုံးအဆင့်သည် "ပညာနိုင်ငံရေး"ဟု မှတ်သားရပါကြောင်း၊ ပညာနှင့်ယှဉ်ပြီး နိုင်ငံရေးလုပ်ကြရသည့် အဆင့်ဖြစ်ပါကြောင်း၊ ယင်းအဆင့်တွင် "နိုင်ငံရေးသမား" သာမက "နိုင်ငံပြုသမား"ဖြစ်ရန်လိုပါကြောင်း၊ တစ်နည်းဆိုလျှင် "တော်လှန်ရေးသမား" သက်သက်မဟုတ်ဘဲ "တည်ဆောက်ရေးသမား"ပါ ဖြစ်ရန် အရေးကြီးပါကြောင်း။

ဗိုလ်ချုပ်၏ တစ်သက်တာကို ကြည့်လိုက်ပါက "နုရာက ရင့်ရာကို" ရွေ့လာသည့်သဘောကို အထင်အရှားတွေ့နိုင်ပါကြောင်း၊ ၁၉၃၆ ခုနှစ် ဒုတိယကျောင်းသားသပိတ်ခေါင်းဆောင်အနေဖြင့် နိုင်ငံရေးဘဝကိုစခဲ့သည့် ကိုအောင်ဆန်းသည် စစ်ကြိုခေတ်တွင် နိုင်ငံရေးသမား သခင်အောင်ဆန်းဖြစ်လာပါကြောင်း၊ စစ်ပြီးခေတ်ရောက်သည့်အခါ "နိုင်ငံပြုသမားကြီး" ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာခဲ့ပါကြောင်း။

ယနေ့ မိမိတို့တစ်တွေ မျက်မှောက်ပြုနေကြရသည့် ဒီမိုကရေစီအရေးတော်ကြီးသည် ယခုဆိုလျှင် အခြေခံအဆင့်ကို ကျော်လွန်ပြီး ရည်မှန်းချက်နိုင်ငံရေးနှင့် ပညာနိုင်ငံရေးအဆင့်ကို တက်လှမ်းကြရတော့မည်ဖြစ်ပါကြောင်း၊ ယင်းတာဝန်ကို ပခုံးပြောင်းယူကြရမည့် မိမိတို့အနေဖြင့် နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိကို ဗိုလ်ချုပ်ကဲ့သို့ နုနယ်ရာက ရင့်ကျက်လာအောင် တည်ဆောက်ကြရန်လိုပြီဟု သဘောရပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အာဇာနည်ခေါင်းဆောင်ကြီးများသည် ၎င်းတို့ခေတ်၏ လွတ်လပ်ရေးတာဝန်ကြီးကို အောင်မြင်ပေါက်မြောက်အောင် ထမ်းဆောင်ရင်း အသက်ပေးသွားခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့ခေတ်၏ တာဝန်ဖြစ်သည့် ဒီမိုကရေစီအရေးတော်ကြီးကို အောင်မြင်ပြီးမြောက်အောင် ထမ်းဆောင်ကြပါစို့၊ မိမိတို့သားသမီး နောင်မျိုးဆက်များကို လက်ဆင့်ကမ်းပေးကြရမည့် ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးတာဝန်ကြီးအတွက်လည်း အခြေအနေကောင်းများ ဝိုင်းဝန်းဖန်တီးကြရန် ဆန္ဒပြုတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယက က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

တစ်စိတ်တစ်ဝမ်း ညီညီလှမ်းလို့

(၆၈)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ငြိမ်းအေးသူ

"ဤမြေ ဤရွာ၊ ဘယ်သူ့ရွာလဲ
ဤရွာစပါး၊ ဘယ်သူ့စပါးလဲ
ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း
ဉာဏ်ရှေ့ပန်း၍
တစ်ဝမ်းတစ်စိတ် ညီစေသတည်း"

ဆရာဇော်ဂျီ၏ "တို့တိုင်းပြည်"ကဗျာကို ရွတ်ဆိုမိလေတိုင်း တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ခေါင်းဆောင်ကြီးများကို လွမ်းမိသည်။ ဤလွမ်းစိတ်ဖြင့်ပင် မြန်မာ့လွတ်လပ်ရေးအတွက် ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းဖြင့် သူတို့ဖြတ်သန်းလျှောက်လှမ်းခဲ့ကြသည့် လွတ်လပ်ရေးခရီးကြမ်းကြီးကို ဆင်ခြင်တွေးတော ပုံဖော်ကြည့်မိပြန်သည်။

စင်စစ် လွတ်လပ်ရေးဆိုသည်မှာ မြန်မာတိုင်းရင်းသားအားလုံး၏ တစ်စိတ်တစ်ဝမ်း စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသနိုင်ခဲ့သည့် ဂုဏ်ယူဖွယ်ပြယုဂ်တစ်ခုပင် ဖြစ်သည်။

ကိုလိုနီကျွန်ဘဝမေ့မရ

နွေ၊ မိုး၊ ဆောင်း ရာသီစက်ဝန်းများ မည်သို့ပင်ပြောင်းလဲကြသော်လည်း မဟောင်းနွမ်းဘဲ အမြဲတမ်းသစ်လွင်နေသည့် သမိုင်းဖြစ်စဉ်ဖြစ်ရပ်များစွာရှိသည်။ ယင်းသို့ မဟောင်းနွမ်းဘဲ ထာဝစဉ်သစ်လွင်စေရန်နှင့် ထာဝစဉ်အမှတ်ရမိစေရန်လည်း ကျွန်တော်တို့ ဘိုးဘွားမိဘ ဆရာသမားများက အမြဲတစေပြောဆိုပေးခဲ့ကြသည်။ အထူးသဖြင့် နှစ်ပေါင်းတစ်ရာကျော် ကိုလိုနီကျွန်ဘဝ၌ ဖိနှိပ်ခံခဲ့ကြရသည့် အဖြစ်သနစ်များ၊ လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဖြစ်စဉ်ဖြစ်ရပ်များမှာ ကျွန်တော်တို့အတွက် မည်သို့မျှ မမေ့ပျောက်နိုင်သကဲ့သို့ မည်သို့မျှလည်း မေ့ပျောက်ကောင်းသည့် အရာများမဟုတ်ပေ။

"သူ့ကျွန်ခေတ်က၊ ငါ့ဘဝကို
မှန်းဆကြည့်စေ ချင်မိသည်။
ကြွေးပိ မြီပိ၊ ငါ့ဉာတိနှင့်
ငါ့မိ ငါ့ဖ၊ ငါ့ဒေသတွင်
အားကျစရာ၊ လိုက်လံရှာလည်း
ငါသဘောကျ၊ မတွေ့ရခဲ့"

ဆရာ မင်းသုဝဏ်၏ "လွမ်းစာဆို" ကဗျာကို ဖတ်ကြည့်ရုံဖြင့် ကိုလိုနီကျွန်ဘဝ၌ ကြုံတွေ့ခဲ့ရသည့် ကျွန်တော်တို့ ဘိုးဘွားမိဘများ၏ ဆင်းရဲဒုက္ခနိမိတ်ပုံကို တွေ့မြင်ခံစားမိသည်။ တကယ်တမ်းပြောရလျှင် ကိုလိုနီကျွန်ဘဝ၏ ဆင်းရဲဒုက္ခအနိဋ္ဌာရုံအမျိုးမျိုးမှာ ပြောပြ၍ မကုန်နိုင်အောင် လွန်စွာများပြားလှသည်။ ယင်းဆင်းရဲဒုက္ခအမျိုးမျိုးမှ လွတ်မြောက်ရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ဆောင်ရွက်ခဲ့ကြသည်။ ဇွဲသတ္တိနှင့် စိတ်ဓာတ်ခိုင်မာမှုကို ပြသခဲ့ကြသည်။ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြခဲ့ကြသည်။ ဤသို့ဆောင်ရွက်မှုများကို ပြန်လည်တွေးကြည့်မိလျှင်ပင် ကျွန်တော်တို့အတွက် ဆင်ခြင်စရာ၊ သတိပြုစရာ၊ သံဝေဂယူစရာ၊ သင်ခန်းစာယူစရာများ ရောပြွမ်းပြည့်နှက်ဖြစ်ပေါ်လာခဲ့သည်။

ပင်လုံကိုအခြေခံ၍

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်။

အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ဒုတိယအကြိမ်ဝင်ရောက်ပြီး ပြန်လည်ကြီးစိုးခြယ်လှယ်မှုများကို ပြုလုပ်လာကြသည်။ မြန်မာတစ်မျိုးသားလုံးက လုံးဝလွတ်လပ်ရေးကိုသာပေးပါဟု တောင်းဆိုကြသော်လည်း အင်္ဂလိပ်တို့က လွတ်လပ်ရေးပေးဖို့ လက်တွန့်နေကြသည်။ တစ်မျိုးသားလုံးဆန္ဒနှင့် သွေဖည်သည့် "စက္ကူဖြူစာတမ်း"ကို ထုတ်ပြန်ကြေညာ၍ ခေတ်နောက်ပြန်ဆွဲရန် ကြိုးစားကြသည်။

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အမှတ်(၁၀) ဒေါင်းနင်းလမ်း လန်ဒန်မြို့ရှိ နန်းရင်းဝန်မစ္စတာအက်တလီရုံးခန်း၌

"မြန်မာပြည်သူတို့သည် အနှောင်အဖွဲ့ကင်းသော လုံးဝလွတ်လပ်ရေးကိုသာ အလိုရှိကြသည်။ မြန်မာပြည်သူတို့ဟုဆိုရာ၌ တိုင်းရင်းသားအားလုံးကို ဆိုလိုသည်"ဟု ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးအတွက် ပြတ်ပြတ်သားသား တောင်းဆို တိုက်ပွဲဝင်မှုမှာ ဂုဏ်ယူလေးစားစရာကောင်းလှသည်။

တကယ်တမ်းဆိုရလျှင် အင်္ဂလိပ်တို့က စက္ကူဖြူစာတမ်းခေါ် မြန်မာပြည်အုပ်ချုပ်ရေးဆိုင်ရာ ဝါဒသဘောထားကြေညာချက်ကို ထုတ်ပြန်၍ လွတ်လပ်ရေးမပေးလိုသည့် သဘောထားကို ပြခဲ့ကြသည်။ စက္ကူဖြူစာတမ်းသည် မြန်မာတိုင်းရင်းသားအားလုံး၏ လိုအင်ဆန္ဒနှင့် များစွာ သွေဖည်နေသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလကိုဦးဆောင်ကာ တိုင်းရင်းသားအားလုံး စုစည်းပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ တိုင်းရင်းသားများကလည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ကြီးကို ညီညီညွတ်ညွတ် ထောက်ခံအားပေးလာကြသည့်အတွက် အင်္ဂလိပ်တို့က ၁၉၄၇ ခုနှစ် ဇန်နဝါရီလတွင် အင်္ဂလန်သို့ ဖိတ်ကြားဆွေးနွေးရခြင်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ရသည့် အဖြစ်မှာ **"လွယ်မယောင်နဲ့ ခက်၊ တိမ်မယောင်နဲ့ နက်"** ဆိုသကဲ့သို့ အင်္ဂလိပ်တို့၏ ဉာဏ်နီဉာဏ်နက်လှည့်စားမှုများ၊ သွေးခွဲသပ်လျှိုမှုများကြောင့် မြန်မာ့လွတ်လပ်ရေးမှာ နီးရက်နှင့် ဝေးနေခဲ့ရသည်။ တောင်တန်းဒေသများကို ပြည်မနှင့်အတူ လွတ်လပ်ရေးရရှိရေးအတွက် ကြိုးပမ်းရာတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည်။ အဆိုးဆုံးမှာ မြန်မာ့လွတ်လပ်ရေးအတွက် သွားရောက်ဆွေးနွေးခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းကို ရှမ်းပြည်နယ်ပြည်သူများ၏ ကိုယ်စားလှယ်အစစ်မဟုတ်ဟုဆိုကာ ကန့်ကွက်မှုများ ရှိလာသည့်အတွက် တောင်တန်း ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးရယူနိုင်ရန် ပင်လုံစာချုပ်ချုပ်ဆို၍ တိုင်းရင်းသားအားလုံး၏ဆန္ဒကို ပြသခဲ့ကြရသည်။

အင်္ဂလိပ်အစိုးရ၏ လိုက်လျောချက်များသည် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဆွေးနွေးတောင်းဆိုချက်များနှင့် များစွာကွာခြားနေခဲ့ခြင်းကြောင့် ကျားကုတ်ကျားခဲ ဆွေးနွေးခဲ့ကြရသည်။ အင်္ဂလိပ်တို့အနေဖြင့် လွတ်လပ်ရေးကို မဖြစ်မနေ ပေးရတော့မည့် အချိန်၌ပင် ၎င်းတို့အကျိုးအတွက် ရနိုင်သမျှရနိုင်အောင် ကုပ်ကပ်ဖက်တွယ်ထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဤသို့ အခက်အခဲ အကျပ်အတည်းများကြားမှ မြန်မာ့လွတ်လပ်ရေးပင်စည်ကြီးကို ဝင့်ဝင့်ထည်ထည်ပေါ်ထွက်လာအောင် ဦးဆောင်ဆွေးနွေးခဲ့ကြသည့် ဗိုလ်ချုပ်နှင့် တိုင်းရင်းသားများ၏ စိတ်စေတနာ ဇွဲသတ္တိကား သမိုင်းတွင်ကျန်ရစ်နေခဲ့သည်။

အမှန်အတိုင်းပြောရလျှင် ပင်လုံစာချုပ်နှင့် ပင်လုံညီလာခံကြီးကိုပင် အဖျက်အမှောင့်ကင်းကင်းဖြင့် ပြုလုပ်နိုင်ခဲ့သည်မဟုတ်။ ထိုစဉ်က တိုင်းရင်းသားအချို့၏ တောင်းဆိုချက်များနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းသည်ပင် ညှိညှိနှိုင်းနှိုင်းအပေးအယူလုပ်နိုင်မည့် အခြေအနေမရှိဟုထင်ကာ စိတ်ပျက်အားလျော့ခဲ့ရသည်။ ဆွေးနွေးပွဲရပ်ကာ ရန်ကုန်ပြန်ရန် စီစဉ်ခဲ့ရသည်အထိ ဖြစ်ခဲ့ခြင်းကြောင့် မိုင်းပွန်စော်ဘွားကြီးနှင့် ညောင်ရွှေစော်ဘွားကြီးတို့ကိုယ်တိုင် ဦးဖေခင်နှင့် ဗိုလ်ထွန်းလှတို့မှတစ်ဆင့် ဗိုလ်ချုပ်ကို ဖျောင်းဖျခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

မည်သို့ပင်ဆိုစေ မြန်မာ့လွတ်လပ်ရေးအတွက် ပင်လုံစာချုပ်ကို အောင်အောင်မြင်မြင်ချုပ်ဆိုနိုင်ခဲ့သော်လည်း မြန်မာတိုင်းရင်းသားများကြား၌ နယ်ချဲ့တို့ပေးခဲ့သော ဒဏ်ရာဒဏ်ချက်များမှာ ယနေ့တိုင်ကျန်ရှိနေဆဲဖြစ်သည်။

စည်းလုံးမှု၏ အဓိပ္ပာယ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးနေသည့် တေးသီချင်းများစွာအနက် စည်းလုံးခြင်းနှင့်ညီညွတ်ခြင်းအဓိပ္ပာယ်ကို ဖော်ပြပေးနေသည့် တေးသီချင်းတစ်ပုဒ်ရှိသည်။ ဂီတစာဆို ဆရာမောင်မောင်သီရေးစပ်သည့် **"ပင်ချင်းယှက်၍ နွယ်ချင်းခက်သော်"**တေးသီချင်းပင် ဖြစ်သည်။ ယခင်က အဆိုတော်ကြီး မာမာအေးသီဆိုခဲ့သော်လည်း နောက်ပိုင်းတွင် အခြားအဆိုတော်များ ပြန်လည်သီဆိုပေးကြသည်ဟု ထင်သည်။ ရုပ်မြင်သံကြားက တေးသွားအနက်ကို အသံနှင့်ရော ရုပ်နှင့်ပါဖွင့်ဆိုပြသပေးခဲ့သည့်အတွက်ကြောင့်လည်း မျက်စိထဲ အမြဲစွဲနေမိသည်။

စာမျက်နှာ ၇ သို့ » »

၂၀၁၅ ခုနှစ်(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲ ဦးထိပ်ထား ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံး ပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်း နေထိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်း တည်ဆောက်ရေး။

»» စာမျက်နှာ ၆ မှ

ပထမဦးစွာ စိမ်းလန်းစိုပြည်သာယာနေသည့် တောအုပ်တစ်ခုကိုပြသပြီး တစ်ပင်နှင့်တစ်ပင် ပေါင်းစည်းယှက်နွယ် ပေါက်ရောက်နေသည့် တောအုပ်ကြီး၏မြင်ကွင်းကိုပြသည်။ တစ်ဆက်တည်း အဆိုတော် မာမာအေး၏**“ဂနိုင်မြေ မြိုင်ခြေတော. . . သာမောဖွယ်ရာ. . . ရှုကြည့်၍မဆုံး. . . တောလုံးလင်းဖြာ. . . ”**ဆိုသည့် ခြေဆင်းက ထွက်ပေါ်လာခဲ့သည်။

ယင်းတောအုပ်ကလေးကို မိုးသက်လေပြင်းမုန်တိုင်းများ ကျရောက်လာသည်။ တစ်ပင်နှင့်တစ်ပင် ပေါင်းကူးယှက်နွယ်ထားသည့်အတွက် မုန်တိုင်းဒဏ်ကိုမမှုဘဲ မယိုင်မလဲ ကြံ့ကြံ့ခိုင်ခဲ့သည်ကိုပြသည်။ စည်းလုံးညီညွတ်မှု၊ တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းဖေးမကူညီမှုများ၏အဓိပ္ပာယ်ဟု နားလည်မိသည်။

နောက်ထပ်တေးတစ်ပုဒ်ပြောင်းလဲသွားသည်။ အင်မတန်မြင့်မားသန်မာသည့် သစ်ပင်ကြီး တစ်ပင်ကိုပြပြီး ယင်းသစ်ပင်ကြီးကို လေပြင်းမုန်တိုင်းများ တိုက်ခတ်နေသည့်ပုံကို ပြသည်။

“သြော်. . . သို့ပါသော်လည်း . . . မုန်တိုင်းကြမ်းကြမ်း တိုက်ခတ်ရမ်းလေသော်. . . မတ်တတ်ကယ်မနေသာ. . . မြေမှာ. . . ပြို. . . လဲ. . . ရ. . . ရှာ. . . ”ဆိုသည့် တေးသွားနှင့်အတူ လေပြင်းမုန်တိုင်းဒဏ်ကြောင့် အင်မတန်ကြီးမားသည့် သစ်ပင်ကြီးမှာ ချာချာလည်ပြီး ပြိုလဲသွားခဲ့ရသည်ကို ဆက်ပြသည်။

ကြည်နူးစရာ၊ ကြေကွဲစရာ သံဝေဂယူစရာများပါသည့် တေးတစ်ပုဒ်ဟုဆိုရပေမည်။ ယင်း တေးသွားနှင့် ဆက်စပ်စဉ်းစားမိသည့် အကြောင်းအရာအချို့လည်းရှိသည်။

ယနေ့အချိန်တွင် ကမ္ဘာ့မြေပုံပေါ်မှာ လုံးလုံးလျားလျားပျောက်ကွယ်ခဲ့ရသည့် ဆိုဗီယက် ပြည်ထောင်စုဆိုသည့် နိုင်ငံကြီးတစ်ခုကို ဆက်စပ်စဉ်းစားမိခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ပြည်နယ်ပေါင်း ၁၅ ခုဖြင့် ဖွဲ့စည်းထားသည့် ဆိုဗီယက်ပြည်ထောင်စုကြီးသည် အင်အားမည်မျှကြီးမားခဲ့သည်၊ စွမ်းအားမည်မျှရှိခဲ့သည်ကို လူတိုင်းသိကြမည်ထင်သည်။ အရှေ့ ဥရောပ ဆိုရှယ်လစ်နိုင်ငံများကို ဦးဆောင်မှုပေးကာ အင်အားတည်ဆောက်နိုင်ခဲ့ပြီး မဟာ အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ဩဇာအရှိန်အဝါကြီးမားခဲ့သည်ကိုလည်း အမှတ်ရမိသည်။ သို့ရာတွင် ပြည်ထောင်စုသားအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းကာကွယ်နိုင်မှုမရှိခြင်းကြောင့် နှစ်ပေါင်း(၇၀)ကျော် အတူတကွနေထိုင်လာခဲ့ကြသော်လည်း အစိတ်စိတ်အမြွှာမြွှာပြိုလဲခဲ့ရသည်ကို မျက်စိထဲမြင်ယောင်လာမိသည်။

ထို့နည်းတူ ကမ္ဘာပေါ်တွင် စည်းလုံးညီညွတ်မှုမရှိခြင်းကြောင့် ပြိုကွဲခဲ့ရသည့် နိုင်ငံများစွာရှိသကဲ့သို့ နိုင်ငံသားအချင်းချင်း အထင်အမြင်လွဲမှားရန်၊ စည်းလုံးညီညွတ်မှုပြိုကွဲရန် ဘေးတီးသွေးထိုးလှုံ့ဆော်နေမှုများလည်း ရှိသည်။

ဒုတိယကမ္ဘာစစ်အပြီး ဖွဲ့စည်းတည်ထောင်ထားခဲ့သည့် ယူဂိုဆလားဗီးယားပြည်ထောင်စု၏ ဖြစ်ရပ်မှာလည်း ရင်နာစရာပင်ဖြစ်သည်။ ပြည်ထောင်စုသားအချင်းချင်း စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းနေထိုင်ခြင်းမရှိသဖြင့် ပြည်ပစွက်ဖက်မှုများကြုံတွေ့ကာ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပြီး အတိဒုက္ခရောက်ခဲ့ရသည်များကို သင်ခန်းစာယူကြရမည်ဖြစ်သည်။

ပြည်ထောင်စုတည်မြဲရေးသာ

ကျွန်ုပ်တို့နိုင်ငံတွင်လည်း အင်္ဂလိပ်နယ်ချဲ့တို့၏ နှစ်ပေါင်းများစွာ သွေးခွဲအုပ်ချုပ်ခဲ့သည့် ဒဏ်ကြောင့် လွတ်လပ်ရေးရပြီးသည့်တိုင် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်ခိုင်မာမာမရှိဘဲ နာတာရှည် ရောဂါဆိုးကြီးသဖွယ် ခံစားခဲ့ရသည်။ တစ်ဦးနှင့်တစ်ဦးကြား သံသယစိတ်များ၊ မယုံကြည်မှုများကြောင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း (၆၀)ကျော်သည့်တိုင် ပြည်တွင်းစစ်များကြား၌ ဒုပေနာပေခံစားနေရသူ တိုင်းရင်းသားဒေသများကြား ဖြစ်ပေါ်နေသည့် နိုင်ငံရေးဘောဂဗေဒမှာလည်း ယနေ့ထက်တိုင် မှုန်ဝါးနေဆဲ၊ ရှုပ်ထွေးနေဆဲဟုဆိုရမည်။ တရုတ်၊ အိန္ဒိယ အာဆီယံ စသည့် ကမ္ဘာလုံးချီ စီးပွားရေး တိုးတက်မှုများကို အဓိကမောင်းနှင်နေသည့် အင်အားကြီးနိုင်ငံများကြားတွင် တည်ရှိနေသော်လည်း အခွင့်အလမ်းကောင်းများ၊ အလားအလာကောင်းများကို ထင်သလောက်မဖန်တီးနိုင်သေးဘဲ ပြည်တွင်းငြိမ်းချမ်းရေးအတွက်သာ ကြိုးပမ်းနေရသည့်အတွက် ဒုံရင်းဒုံရင်းသာဖြစ်နေသေးသည်။ ဤသည်ကို သင်ခန်းစာယူကြရမည်ဖြစ်သည်။

ယနေ့အချိန်တွင် နယ်ချဲ့လက်အောက်မှ လွတ်မြောက်အောင်ကြိုးပမ်းပေးခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ မျက်နှာကိုထောက်ထား၍ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရရှိရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

“ငြိမ်းချမ်းရေးကို အမှန်တကယ်လက်တွေ့အကောင်အထည်ဖော်ရာတွင် ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လိုပဲ အခက်အခဲနှင့် ဘယ်လိုအတားအဆီးမျိုးရှိနေပါစေ ထိုအခက်အခဲများကို ဘယ်လို ကျော်ဖြတ်နိုင်မည်ဆိုသည်ကို ဝိုင်းဝန်းကြိုးစားအဖြေရှာရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပြဿနာကို အကြမ်းမဖက်ဖြေရှင်းတတ်သည့် ယဉ်ကျေးမှုမှတစ်ဆင့် တွေ့ဆုံဆွေးနွေးအဖြေရှာတတ်သည့် ယဉ်ကျေးမှုတစ်ရပ်ကို ကြိုးစားတည်ဆောက်ကြရန်လိုပါကြောင်း”ဟု ပြောကြားခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏စကားမှာ ငြိမ်းချမ်းရေးရရှိရန် အမှန်တကယ်သန္နိဋ္ဌာန်ချထားသည့် သဘောထား ပေါ်လွင်နေသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်နေသည့် အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်သာ ကျန်တော့သည်။

မည်သို့ပင်ဖြစ်စေ ဤနေ့ဤရက် ဤအချိန်ကာလများမှ ပြန်လည်ရေတွက်ကြည့်လျှင် လွန်ခဲ့သည့် ၆၈ နှစ်ခန့်က ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ တည်ဆောက်ပေးခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကို ထာဝစဉ်ရှင်သန်အောင် ဝိုင်းဝန်းပြုစုပျိုးထောင်ကြရန်လိုသည်။ ပြည်ထောင်စုဆိုသည့် ပင်စည်ကြီး ဖွံ့ဖွံ့ထွားထွား၊ ထီးထီးမားမားနှင့် ရှင်သန်နေရန်လည်းလိုသည်။ နှစ်စဉ် ပြည်ထောင်စုနေ့ရောက်လာတိုင်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ညတွင် ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲ၌ ပြောကြားခဲ့သည့် ဗိုလ်ချုပ်၏မိန့်ခွန်းကို ကြားယောင်ပြီး ပြည်ထောင်စုကြီးထာဝစဉ်တည်မြဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အတွက် တွေးတောဆင်ခြင်နေမိပါသည်။

“တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းက တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်နိုင်ကြမှသာ အကျိုးရှိနိုင်မယ်”

☆ ☆ ☆ ☆ ☆



✻ ကျောဖုံးမှ

Stakeholder များ ပါဝင်ရန်လိုကြောင်း၊ အစိုးရအဖွဲ့၊ လွှတ်တော်၊ NNER နှင့် ကျောင်းသားများ ပါဝင်သည့်အတွက် Stakeholder များ ပြည့်စုံသည်ဟု ဆိုနိုင်ကြောင်း၊ ဒုတိယအချက်မှာ ဆွေးနွေးပွဲအောင်မြင်မှု ရှိ၊ မရှိ ဦးဆောင်ဆွေးနွေးသူ Moderator များလည်း လိုအပ်ကြောင်း၊ အဖွဲ့(၄)ဖွဲ့နှင့် မပတ်သက်သည့် သီးခြားရပ်တည်နေသူများက Moderator အဖြစ် ဆောင်ရွက်ပါက ပိုမိုအဆင်ပြေပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် တိုက်တွန်းပါကြောင်း၊ မိမိအနေဖြင့် ယနေ့လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူ Third Party အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲများ၏ သဘောသဘာဝအရ အားလုံးကျေနပ်သည့်အဖြေတစ်ခုရအောင် စဉ်းစားဆွေးနွေးစေလိုကြောင်း၊ အမှန်တရားဟူသည် တစ်ဦးတစ်ယောက်တည်းတွင် မရှိဘဲ လူတိုင်းတွင် ရှိကြောင်း၊ ဆွေးနွေးပွဲများဟူသည် ပြဿနာများကို ပြောကြားနေရုံနှင့် မပြီးဘဲ အဖြေရှာပြီး အဖြေရအောင် ဆွေးနွေးကြစေလိုကြောင်း၊ ကျောင်းသားများ အဆိုပြုထားသည့် အချက်(၁၁)ချက်အပေါ် ညှိနှိုင်းကာ အားလုံးပါဝင်ပြီး သဘောတူလက်ခံသည့် ဆွေးနွေးပွဲများဖြစ်အောင် ရှေးရှုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စသဖြင့် ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆွေးနွေးပြောကြားရာ ယနေ့ဆွေးနွေးပွဲသည် မိမိတို့တိုင်းပြည်အတွက် အလွန်အရေးကြီးကြောင်း၊ အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ လက်ရှိပညာသင်ကြားနေသည့် ကျောင်းသားမိဘများက စိုးရိမ်ပူပန်မှုများ ရှိနေကြောင်း၊ ယင်းသို့ စိုးရိမ်မှုများမရှိဘဲ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မှုကို နိုင်ငံတော်နှင့် ကျောင်းသားများ၊ မိဘပြည်သူများကပါ လိုလားပါကြောင်း၊ ကျောင်းသားများ အဆိုပြုထားသော အချက် (၁၁)ချက် ညှိနှိုင်းပြီး ဆောင်ရွက်နိုင်လျှင် အခက်အခဲမရှိပါကြောင်း၊ အဆိုပြုချက်များအပေါ် နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရသည်များရှိကြောင်း၊ ပညာရေးဥပဒေနှင့် ပတ်သက်ပြီး အားလုံးညှိနှိုင်းဆွေးနွေးကြလျှင် အကောင်းဆုံး အဖြေရမည်ဖြစ်ကြောင်း၊ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။ (သတင်းစဉ်)

ပူးတွဲထုတ်ပြန်ကြေညာချက်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ National Network for Education Reform (NNER) ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ၀၉း၃၀ နာရီမှ ၁၆း၄၀ နာရီထိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းခန်းမ၌ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးမှုအရ အစိုးရ၊ လွှတ်တော်၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကိုယ်စားလှယ်များက အောက်ပါအချက်များကို သဘောတူညီခဲ့ကြပါသည်-

(က) Pre-condition များအနက် ဆွေးနွေးရန်ကျန်ရှိသည့် (၂)ချက်ဆွေးနွေးခြင်း။

(၁) ပညာရေးမူဝါဒနှင့် ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများရေးဆွဲရာတွင် ကျောင်းသားကျောင်းသူ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမကိုယ်စားလှယ်များ ပါဝင်ရမည့်ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့် သဘောတူသည်။ ကိုယ်စားလှယ်များတွင် Stakeholders များ၊ ဥပဒေပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအားလုံး အချိုးကျပါဝင်ဆွေးနွေးပြင်ဆင်သွားမည်။

(၂) ဒီမိုကရေစီပညာရေးသပိတ်တွင်ပါဝင်သူမည်သူ့ကိုမှ သပိတ်နှင့်ပတ်သက်ပြီး အရေးယူခြင်းမပြုရကိစ္စနှင့် ပတ်သက်၍ ဒီမိုကရေစီပညာရေးသပိတ်တွင် ပါဝင်သူ ကျောင်းသား ကျောင်းသူများနှင့် အားပေးထောက်ခံကူညီသူများကို သပိတ်နှင့်ပတ်သက်ပြီး အရေးယူခြင်းမပြုရဟု သဘောတူကြသည်။

(ခ) မူလတောင်းဆိုသည့်အချက်(၁၁)ချက်ဆွေးနွေးခြင်း။

(၁) ပညာရေးမူဝါဒနှင့် ဥပဒေများ၊ နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ ရေးဆွဲရာတွင် ကျောင်းသားကျောင်းသူ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမကိုယ်စားလှယ်များ ပါဝင်ရန်ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့် သဘောတူသည်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရာတွင် လေးပွင့်ဆိုင်မှ ကိုယ်စားလှယ်များ ညှိနှိုင်းရေးဆွဲမည်။ နည်းဥပဒေများနှင့်ဆက်စပ်ဥပဒေများ ရေးဆွဲရေးအတွက် ဆွေးနွေးရာတွင် NNER ကိုယ်စားလှယ်များ၊ ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကျောင်းသားကိုယ်စားလှယ်များ အပါအဝင် Stakeholders များ၊ ဥပဒေပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများအားလုံး အချိုးကျပါဝင်ဆွေးနွေးသွားမည်။

(၂) ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်နှင့် ၎င်းသမဂ္ဂများ တည်ရှိမှုအပေါ် တရားဝင်အသိအမှတ်ပြုရေးကိစ္စနှင့်ပတ်သက်၍ အမျိုးသားပညာရေးဥပဒေတွင် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်နှင့် ၎င်းသမဂ္ဂများ တည်ရှိမှုအပေါ် အသိအမှတ်ပြုရေးကို ဖြည့်စွက်ရန် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ အသေးစိတ်ဆက်လက်ဆွေးနွေးရန် သဘောတူသည်။

(၃) လက်ရှိပြဋ္ဌာန်းပြီးဖြစ်သော အမျိုးသားပညာရေးဥပဒေတွင်ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းထားခြင်းကိစ္စနှင့် ပတ်သက်၍ ပယ်ဖျက်ရန် မူအားဖြင့် သဘောတူသည်။ အမျိုးသားပညာရေးကော်မရှင်နှင့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီဆိုသည့် စကားရပ်များပါရှိသည့် စာပိုဒ်များအားလုံးကို ပယ်ဖျက်၍ လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲရန် သဘောတူသည်။

(၄) ဒေသအလိုက်နှင့် ကျောင်းအလိုက် လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည့် ပညာရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။

(၅) လက်ရှိကျင့်သုံးလျက်ရှိသော စာမေးပွဲစနစ်နှင့် တက္ကသိုလ်ဝင်ခွင့်စနစ်များ ပြင်ဆင်ရန်ကိစ္စနှင့် ပတ်သက်၍ မူအားဖြင့် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန်သဘောတူသည်။

(၆) ကျောင်းသားများ လွတ်လပ်စွာ စဉ်းစားတွေးခေါ်နိုင်ပြီး ကိုယ်တိုင်လေ့လာစူးစမ်းသင်ယူနိုင်သည့် သင်ကြားနည်းစနစ်များ ပြောင်းလဲရန်ကိစ္စနှင့် ပတ်သက်၍ မူအားဖြင့် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။

(၇) တိုင်းရင်းသားမျိုးနွယ်စုများ၏ ဘာသာစကားလွတ်လပ်ခွင့်နှင့် မိခင်ဘာသာစကားအခြေပြုဘာသာစကားစုံပညာရေးစနစ် (mother tongue based multi-lingual education)ကို အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန်ကိစ္စနှင့် ပတ်သက်၍ Medium of Instruction အဖြစ် ဆောင်ရွက်ရန် မူအားဖြင့် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။

(၈) မသန်စွမ်းကလေးများအပါအဝင် ကလေးအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေး (inclusive education)ကိစ္စနှင့်ပတ်သက်၍ မူအားဖြင့် သဘောတူသည်။ အသေးစိတ်ဆွေးနွေးရန်များကို လေးပွင့်ဆိုင်အဖွဲ့မှ Working Group များဖွဲ့၍ ဆက်လက်ဆွေးနွေး၍ ညှိနှိုင်းရေးဆွဲရန် သဘောတူသည်။

(၉) ကျောင်းသားအရေးအခင်းများကြောင့် ကျောင်းထုတ်ခံခဲ့ရသည့် ကျောင်းသားများ ကျောင်းပြန်လည်တက်ရောက်ခွင့်ကိစ္စနှင့်ပတ်သက်၍ သဘောတူသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်ဆောင်ရွက်ပေးမည်။

(၁၀) နိုင်ငံ၏ ပညာရေးရင်းနှီးမြှုပ်နှံမှုကို (၅)နှစ်အတွင်း တစ်နိုင်ငံလုံးအသုံးစရိတ်၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းရောက်ရှိရန် ရည်မှန်းချက်ထား၍ နှစ်စဉ်တိုးမြှင့်သုံးစွဲရေးအတွက် ဥပဒေတွင်ထည့်သွင်းရန် သဘောတူသည်။

(၁၁) အခမဲ့မသင်မနေရ ပညာရေးစနစ်ကို မူလတန်းအဆင့်သာမက အလယ်တန်းအဆင့်အထိ တိုးမြှင့်ကျင့်သုံးရေးကိစ္စနှင့် ပတ်သက်၍ ဆောင်ရွက်ရန် သဘောတူသည်။

၂။ လေးပွင့်ဆိုင်အဖွဲ့အနေဖြင့် ယနေ့ သဘောတူညီချက်ရရှိထားသောအချက်များကို အောင်မြင်စွာပြီးဆုံးချိန်ထိ အတူတကွဆောင်ရွက်ရန် ကတိကဝတ်ပြုသည်။

၃။ လေးပွင့်ဆိုင်အဖွဲ့အနေဖြင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ သက်ဆိုင်ရာ ကျောင်းသားထုအပေါ် တာဝန်ခံရသည့်အတွက် သပိတ်များကိုရပ်ဆိုင်းရန် အခက်အခဲရှိကြောင်း အသိအမှတ်ပြုသည်။

၄။ ထိုနည်းတူ အုပ်ချုပ်ရေးပိုင်းမှ စာမေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အခြားရှုပ်ထွေးမှုများ ပေါ်ပေါက်လာနိုင်သည့် စိုးရိမ်မှုရှိကြောင်းကို အသိအမှတ်ပြုသည်။

၅။ သို့ပါ၍ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို လွှတ်တော်နှစ်ရပ်တွင် ဆွေးနွေးနေစဉ်ကာလအတွင်း လေးပွင့်ဆိုင်အဖွဲ့မှ စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေး၍ မလိုလားအပ်သော အခြေအနေများမှ ရှောင်လွှဲနိုင်အောင် ပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်သဘောတူကြသည်။

၆။ ယနေ့ ဆွေးနွေးပွဲရလဒ်များကို ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ ကျောင်းသားများက သပိတ်စစ်ကြောင်းများသို့ ပြန်လည်ရှင်းလင်းတင်ပြမည်။ ကျောင်းသားထု၏ သဘောထားကို ပြန်လည်ရယူ၍ ၁၄-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပမည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ပြန်လည်တင်ပြမည်။

(သတင်းစဉ်)

ပြည်တွင်းရေးရာ

❀ စာမျက်နှာ ၈ မှ
နိုင်ငံအေးချမ်းတည်ငြိမ်ပါက ဆောင်ရွက်လျက်ရှိသော စနစ်သစ်နှင့် ပြုပြင်ပြောင်းလဲမှုများကို ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အရာအားလုံးကို အသစ်ပြန်လုပ်နိုင်ရန် မလွယ်ကူဘဲ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ရင်း ဆောင်ရွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုကာလတွင် လိုအပ်ချက်များရှိလျှင် ညှိနှိုင်းဆောင်ရွက်နိုင်ပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေးတိုင်ပင်ကာ ဖြေလျှော့သင့်သည်များကို ဖြေလျှော့ဆွေးနွေးပါက အောင်မြင်မှုရမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး ဆွေးနွေးပွဲတက်ရောက်လာသော အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များကို မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် အမျိုးသားပညာရေးဥပဒေဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက်ခဲ့သည်မှာ ယခုအကြိမ်အပါအဝင် လေးကြိမ်ရှိပြီဖြစ်ကြောင်း၊ ဆွေးနွေးမှုများတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဖေဖော်ဝါရီ ၃ ရက်တွင်ကျင်းပသည့် ဆွေးနွေးပွဲ ရွှေ့ဆိုင်းပြီးနောက်ပိုင်း သက်ဆိုင်ရာကိုယ်စားလှယ်များ၏ အားထုတ်ကြိုးပမ်းမှုကြောင့် ယခုဆွေးနွေးပွဲကို သက်မှတ်ရက်ထက် ဆောလျင်စွာ ကျင်းပနိုင်ခြင်းအပေါ် ကြိုဆိုပါကြောင်း၊ ဆွေးနွေးပွဲတွင် ကောင်းမွန်သော ရလဒ်များဖြစ်ထွန်းရေးအတွက် ရှေးရှုပြီး ဆွေးနွေးသွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံ့အကျိုးစီးပွားကို ရှေးရှုကာ ခေတ်စနစ်၊ အချိန်အခါနှင့်ကိုက်ညီသော အမျိုးသားပညာရေးဥပဒေကို ရေးဆွဲနိုင်ပါစေကြောင်းဖြင့် ပြောကြားပြီး ဥပဒေပြုလွှတ်တော်များမှ တက်ရောက်ကြသော ကိုယ်စားလှယ်များကို မိတ်ဆက်ပေးသည်။

ဆက်လက်၍ NNER မှ ဒေါက်တာသိန်းလွင်က ယနေ့ဆွေးနွေးပွဲတွင် ကျောင်းစာသင်ခန်းများကို စွန့်ခွာ၍ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်နိုင်ရေးအတွက် ဆန္ဒပြလှုပ်ရှားနေကြသော ကျောင်းသားများကိုစာနာကာ ယင်းတို့၏ ဆန္ဒကို စဉ်းစားပေးစေလိုကြောင်း၊ မိမိအနေဖြင့် အမျိုးသားပညာရေးဥပဒေ စတင်ရေးဆွဲရာတွင် ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် ဖိတ်ကြားခြင်းမခံရသည့်အတွက် ပါဝင်နိုင်ခြင်း မရှိခဲ့ကြောင်း၊ NNER ၏ ပညာရေးဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ် ဇွန်လတွင်ကျင်းပသည့် ညီလာခံပြီးစီးသည့် နောက်ပိုင်းတွင် NNER နှင့် နိုင်ငံတော်သမ္မတကြီးတွေ့ဆုံခဲ့ပြီး NNER ၏ မူဝါဒများဖတ်ကြား၍ ကောင်းမွန်ကြောင်းကို သုံးသပ်ပြောကြားခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း ကျောင်းသားများဆန္ဒကို ဖြည့်ဆည်းပေးလိုသည့်ဆန္ဒရှိခြင်းကြောင့် ယခုဆွေးနွေးပွဲတွင် ကျောင်းသားများဆန္ဒနှင့် အဘယ့်ကြောင့် ဆန္ဒပြရသည်ဆိုသည့်အချက်များကို ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း၊ ထို့ပြင် ကျောင်းသားများ လိုလားသော တောင်းဆိုချက်များကိုလည်း ဖြည့်ဆည်းပေးရန် မေတ္တာရပ်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာကြသည့် NNER မှ ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် ဒီမိုကရေစီပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ မဖြိုးဖြိုးအောင်က ဆွေးနွေးရာတွင် ယခုလိုဆွေးနွေးခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ ဆွေးနွေးပွဲအောင်မြင်ရန် အရေးကြီးသည့်အချက်မှာ ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် ဆွေးနွေးလျက်ရှိသည့် အဖွဲ့အစည်း(၄)ခုမှ စိတ်ရင်းစေတနာမှန်ဖြင့် ဝိုင်းဝန်းအဖြေရှာရန် အရေးကြီးသကဲ့သို့ ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့လိုလားသော ရလဒ်ကောင်းများရမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့ကျောင်းသားများအနေဖြင့် ဆွေးနွေးပွဲများပြုလုပ်နေပြီး တစ်ဖက်တွင်လည်း အစိုးရဘက်မှ ထုတ်ပြန်သည့်ကြေညာချက်အမျိုးမျိုးနှင့် ရင်ဆိုင်နေရခြင်းသည် သပိတ်လှုပ်ရှားမှုကို အထင်အမြင်လွဲမှားစေကာ တစ်ဖက်နှင့်တစ်ဖက် အခက်အခဲများရှိစေပြီး ဆွေးနွေးပွဲမအောင်မြင်မည်ကို မိမိတို့အနေဖြင့် စိုးရိမ်မိပါကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဆွေးနွေးပွဲကိုသာ ပိုမိုအာရုံစိုက်စေလိုပါကြောင်း၊ ကျောင်းသားများအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒ ထုတ်ဖော်ပြသနေခြင်းသာဖြစ်ပြီး မတည်မငြိမ်ဖြစ်စေသော အကြမ်းဖက်မှုမျိုးကို လုံးဝမပြုလုပ်ခဲ့ပါကြောင်း၊ နောက်နောင်တွင်လည်း ပြုလုပ်မည်မဟုတ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေနိုင်သည်ဟူသော စကားလုံးအသုံးအနှုန်းသည် ကျောင်းသားများအပေါ် အလေးအပင်ဖြစ်စေသဖြင့် မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း၊ လက်ရှိအနေအထားတွင် ကျောင်းသားသပိတ်များ ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး ဆွေးနွေးပွဲရလဒ်များအပေါ် တည်မှီနေပါကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းသားထုကို ပြန်လည်ဝေမျှသည့်အခါ ဆွေးနွေးပွဲရလဒ်အောင်မြင်ရန် အရေးကြီးပါကြောင်း၊ ဆွေးနွေးပွဲရလဒ်အပေါ်မူတည်၍ ကျောင်းသားလှုပ်ရှားမှုပုံစံများ ပြောင်းလဲသွားနိုင်ပါကြောင်း၊ ထို့ကြောင့် ယခုဆွေးနွေးပွဲသည် ထိရောက်အောင်မြင်သည့် ဆွေးနွေးပွဲဖြစ်ပြီး ရလဒ်ကောင်းများ ရရှိရန်အရေးကြီးပါကြောင်းဖြင့် ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသားကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပြီး ဆွေးနွေးပွဲရလဒ်အနေဖြင့် ကျောင်းသားများ အဆိုပြုထားသည့် အချက်(၁၁)ချက်ကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကာ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးဆွဲရာတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲရလဒ်အဖြစ် ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး ဆွေးနွေးပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲရလဒ်ဆိုင်ရာ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နမ္မလိနှင့် ဒွန်ဘန်ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့အနီး နမ္မလိနှင့် ဒွန်ဘန်ချောင်းများပေါ်တွင် JV/B.O.T စနစ်အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ္မလိနှင့် ဒွန်ဘန်ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး၊ ကချင်ပြည်နယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Baoshin Electric Power Co., Ltd နှင့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းပိုင်ရှင်ကုမ္ပဏီဖြစ်သည့် ချန်းရင်းခူးဖွံ့ဖြိုးတိုးတက်ရေး (သတ္တုတူးဖော်ရေး) ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်း(၂)ခုသည် နမ္မလိရေအားလျှပ်စစ်စီမံကိန်း စက်တပ်ဆင်အား ၁၆၅ မဂ္ဂါဝပ်နှင့် ဒွန်ဘန်ရေအားလျှပ်စစ်စီမံကိန်း စက်တပ်ဆင်အား ၁၃၀ မဂ္ဂါဝပ်ဖြစ်ကြောင်းသိရပြီး ၎င်းစီမံကိန်း(၂)ခုအား ရှေးဦးစွာ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာတင်ပြစေပြီး ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်ပါက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါ လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် ကချင်ပြည်နယ် အရှေ့မြောက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ စီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား အားလုံးကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသွားမည်ဖြစ်သည်။ ကချင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် အခမ်းအနားအကြိုကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု သဲကျွန်းကျေးရွာရှိ ရတနာစံပြဘုန်းတော်ကြီးပညာသင်ကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) မှ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ရတနာစံပြ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယသဒ္ဓမ္မဇောတိကအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အသင်းဥက္ကဋ္ဌက ယနေ့ ကလေးသူငယ်များသည် နောင်တွင်လူကြီးများဖြစ်ကြမည်ဖြစ်၍ ဖြူစင်သော စိတ်ဓာတ်၊ မွန်မြတ်သော ရည်မှန်းချက်များထားရှိပြီး ကျောင်းပညာရပ်များကို ကြိုးကြိုးစားစား ဆည်းပူးသင်ယူရမည့် ကြယ်ပွင့်ကလေးများဖြစ်သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ နိုင်ငံတော်ချစ်စိတ်မွေးမြူပြီး နိုင်ငံတော်အတွက် လူတော်လူကောင်းများဖြစ်အောင် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဇဟိုအလုပ်အမှုဆောင် ဒေါ်မြေမြင့်မောင်က မြန်မာနိုင်ငံကလေးများနေ့နှင့် သက်ဆိုင်သည့် အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ပြီး တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြဝင်းက တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်နှင့် အထွေထွေဗဟုသုတများ အသိပညာပေးဟောပြောပြီး ဉာဏ်စမ်းမေးခွန်းများမေးမြန်းကာ ဖြေဆိုနိုင်သူများကို အသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ဆုများချီးမြှင့်သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ၊ အချိုရည်နှင့်မုန့်များ၊ အရုပ်မျိုးစုံနှင့် ကလေးအသုံးအဆောင် လက်ဆောင်ပစ္စည်းများ၊ အာဟာရဖြည့်တင်း အစားအစာ စုစုပေါင်းတန်ဖိုး ကျပ် ၅၃၂၂၁၀ အား မြန်မာနိုင်ငံကလေးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်ပေးအပ်လှူဒါန်းခဲ့သည်။ **(MWCDF)**

ငပလီကမ်းခြေနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးမည်

သံတွဲ ဖေဖော်ဝါရီ ၁၁

ရခိုင်ပြည်နယ် သံတွဲမြို့ ၆၆/၁၁ ကေဗွီ နန်းချောင်းဓာတ်အားခွဲရုံတွင် သံတွဲမြို့ ငပလီကမ်းခြေဒေသနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာအား ရန်ကုန်မြို့မှ သံတွဲမြို့သို့ သယ်ယူလာပြီး လက်ရှိဓာတ်အားဖြန့်ဖြူးလျက်ရှိသော ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာနေရာတွင် အစားထိုးတပ်ဆင်၍ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အင်းစိန်မြို့နယ် ဘိုကုန်းရပ်ကွက် ဟေမာဂနိုင် ကျောင်းလမ်းတွင် ဖေဖော်ဝါရီ ၈ ရက်က 200 KVA ထရန်စဖော်မာတစ်လုံး ဓာတ်အားလွှတ်ခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအေးနှင့် လိုင်းဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။ အင်းစိန်မြို့နယ်အနေဖြင့် ယခုနှစ်အတွင်း ထရန်စဖော်မာ အလုံး ၂၀ တိုးချဲ့တပ်ဆင်ပြီးဖြစ်ကြောင်းနှင့် မြောက်ပိုင်းခရိုင်အနေဖြင့် ၁၅၄ လုံးမြောက် ထရန်စဖော်မာတိုးချဲ့တပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

(မြင့်လွင်)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှု ၁၅၇၅ မှု ဖြစ်ပွားခဲ့

စစ်ကိုင်း ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အချို့သော ယာဉ်မောင်းများနှင့် မော်တော်ဆိုင်ကယ်စီးသူများသည် လိုက်နာရမည့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို မသိနားမလည်သူများရှိသကဲ့သို့ အချို့သူများမှာလည်း သိရှိနားလည်သော်လည်း လိုက်နာရန်ပျက်ကွက်ခြင်းများကြောင့် ၂၀၁၄ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံးတွင် ယာဉ်တိုက်မှု ၁၅၇၅ ဖြစ်ပွားခဲ့ပြီး ၁၇၄၆ ဦး ဒဏ်ရာရကာ ၄၀၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ ယာဉ်တိုက်မှုအများဆုံးအဖြစ် ဧပြီလတွင် ၁၉၄ မှု၊ ဒုတိယအနေဖြင့် ဒီဇင်ဘာလတွင် ၁၆၃ မှု၊ တတိယအနေဖြင့် မတ်လတွင် ၁၄၂ မှုဖြစ်ပွားခဲ့ပြီး ဧပြီလတွင် ဒဏ်ရာရသူ ၄၃၉ ဦး၊ သေဆုံးသူ ၄၇ ဦး၊ ဒီဇင်ဘာလတွင် ဒဏ်ရာရသူ ၂၅၃ ဦး၊ သေဆုံးသူ ၃၂ ဦးနှင့် မတ်လတွင် ဒဏ်ရာရသူ ၂၉၆ ဦး၊ သေဆုံးသူ ၄၈ ဦးရှိကြောင်း မုံရွာမြို့ အမှတ်(၁၄) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ပြင်ဆင်ဖတ်ရှုပါရန်

(၁၀-၂-၂၀၁၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁) တွင်ဖော်ပြခဲ့သော "မြောက်ဦးဒေသရှိ မြန်မာ့အမွေအနှစ်များ ကမ္ဘာ့အမွေအနှစ်စာရင်းတင်နိုင်ရေး ပူးပေါင်းပါဝင်"သတင်း၏ဓာတ်ပုံကို "သျှစ်သောင်း ပုထိုးတော်ကြီး"အစား "ကိုးသောင်းပုထိုးတော်ကြီး"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

အချိန်အခါမဲ့ မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသောလေပွေလှိုင်းများ၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ နောက်သုံးရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

မြန်မာနိုင်ငံတွင် သင်္ဘောသားလေ့ကျင့်ရေးနှင့် သင်ကြားရေးသင်တန်းကျောင်းများ ဖွင့်လှစ်ရန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်နှင့် Korea Maritime and Ocean University တို့ ပူးပေါင်း၍ တက္ကသိုလ်အချင်းချင်း ပညာရေး ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံတွင် သင်္ဘောသား လေ့ကျင့်ရေးနှင့် သင်ကြားရေးသင် တန်းကျောင်းများ ဖွင့်လှစ်ရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေး ထိုးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က မြန်မာ နိုင်ငံ ရေကြောင်းပညာတက္ကသိုလ် သန်လျင်သီလဝါတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်နှင့် Korea Maritime and Ocean University တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် သင်္ဘော သားလေ့ကျင့်ရေးနှင့် သင်ကြားရေး သင်တန်းကျောင်းများ ဖွင့်လှစ်သွားရန် နှင့် သင်္ဘောသားများအား လေ့ကျင့် ပေးနိုင်ရေးနှင့်ပတ်သက်သော ဖွံ့ဖြိုး တိုးတက်မှုအပေါ်တွင် လေ့လာသည့် Master Plan နှင့်ပတ်သက်သည့် စီမံကိန်းတစ်ခုကို ၂၀၁၅ Academy Partnership Program (APP Track 1-1)အစီအစဉ်ဖြင့် သုတေသန စာတမ်းများ ရေးသားနိုင်ရေးအတွက် ကိုလည်း ပူးပေါင်းဆောင်ရွက်သွား မည်ဟု သိရသည်။

ယင်းအပြင် Korea International Cooperation Agency (KOICA) နှင့် Korea Maritime and Ocean University တို့ပူးပေါင်း၍ ကိုရီး ယား-မြန်မာ နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ့ရေကြောင်းဘက်ဆိုင်ရာ ပညာ ရှင်များနှင့် ကိုရီးယားသင်္ဘောလိုင်းများ ချိတ်ဆက်ပေးသွားနိုင်ရန် လိုအပ်ချက် များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သုတေသနစာတမ်းများ ရေးသားရန် ရည်ရွယ်၍ ကူညီထောက်ပံ့ပေးထား ခြင်းဖြစ်သည်ဟု သိရသည်။ ယင်းစီမံ ကိန်းတွင် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်မှ သုတေသနမှူး လေးဦး ပါဝင်ပြုစုမည်ဖြစ်သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်အနေဖြင့် ယခင်ကလည်း ကိုရီးယားနိုင်ငံနှင့် ပူပေါင်းဆောင်ရွက် မှုများရှိခဲ့ပြီး Korea Maritime Institute (KMI) နှင့်လည်း ပညာ ရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် သုတေသနစာတမ်းဖတ်ပွဲများကို ၂၀၁၂၊ ၂၀၁၃ နှင့် ၂၀၁၄ တို့တွင် သုံးကြိမ်တိုင်တိုင် ကျင်းပခဲ့သည်။ ၂၀၁၃ ခုနှစ် ဧပြီ ၃ ရက်တွင် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်၌ Korea-Myanmar Ocean Research Center တည် ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး သုတေသန စာတမ်းများ ရေးသားပြုစုနိုင်ခဲ့သည်ဟု သိရသည်။ **(၀၀၁)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေး ပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇ လမ်း(လယ်)၊ (၅)လွှာ တိုက်(၁၄၇)တွင် ပါတီ ရုံးချုပ်တည်ရှိသော **ချင်းတိုးတက်ရေးပါတီ** သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြ လာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏ အလံနှင့် တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ချင်းတိုးတက်ရေးပါတီ၏ အလံပုံစံ



ချင်းတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အိန္ဒိယနိုင်ငံထုတ် လယ်ထွန်စက်များ၊ လယ်ယာသုံး စက်ကိရိယာများနှင့် ထွန်ယက်စိုက်ပျိုးမှုသရုပ်ပြ

ပုလဲ ဖေဖော်ဝါရီ ၁၁

မန္တလေးမြို့ရှိ အိန္ဒိယကောင်စစ်ဝန် ချုပ်ရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ အိန္ဒိယနိုင်ငံ ထုတ် လယ်ထွန်စက်များ၊ လယ်ယာ သုံးစက်ကိရိယာများနှင့် ထွန်ယက် စိုက်ပျိုးမှုသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာတွင် ပြုလုပ် ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် စစ်ကိုင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီး ဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရွှေမန်း က "တောင်သူများအတွက် အကျိုး စီးပွားဖြစ်ထွန်းအောင်ဆိုပြီးတော့ တိုင်း ဒေသကြီးအတွင်းမှာ ဒီနေ့ပြုလုပ်တဲ့ သရုပ်ပြပွဲနဲ့ဆိုရင် (၅)ကြိမ်မြောက် ပြုလုပ်တဲ့ပွဲဖြစ်ပါတယ်။ ယခင် မိရိုး ဖလာ လက်မှုလယ်ယာစနစ်မှသည် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းပြီး တောင်သူများက စိတ်ပါဝင်စားစွာနဲ့ ဆောင်ရွက်နိုင်အောင်လို့ ယခုလို အိန္ဒိယနိုင်ငံထုတ် လယ်ထွန်စက်များ၊ လယ်ယာသုံး စက်ကိရိယာများနှင့် ထွန်ယက်စိုက်ပျိုးမှုစွမ်းရည်သရုပ်ပြ ပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ပါတယ်။ ယခင်က လယ်ယာမြေတစ်ဧကကို နွားနဲ့ ထွန်ယက်မယ်ဆိုရင် တစ်ရက် အချိန်ပေးရပါတယ်။ လယ်ထွန်စက် များ၊ လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုပြီး ထွန်ယက်မယ်ဆိုရင် တစ်ရက်ကို အနည်းဆုံး ခြောက်ဧက ကနေ ၁၀ ဧကအထိ ပြီးစီးနိုင်မှာ ဖြစ်လို့ ယနေ့အချိန်မှာ တွေ့ကြုံနေ ရတဲ့ အလုပ်သမားရှားပါးမှုကိုလည်း ဖြေရှင်းပြီးဖြစ်သလို သီးနှံအလေအလွင့် ဆုံးရှုံးမှုဟာ နည်းပါးသွားမှာ ဖြစ်ပါ တယ်။ ဒီလို လယ်ယာသုံးစက်ပစ္စည်း များကို တောင်သူများကိုယ်တိုင် ပိုင်ဆိုင်မှုရှိအောင်လို့ အရစ်ကျစနစ်နဲ့ ဝယ်ယူနိုင်အောင် သမဝါယမဝန်ကြီး ဌာနအနေဖြင့် ဆောင်ရွက်ပေးနေ သလို စက်များကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရေးအတွက် တိုင်းဒေသ ကြီးအစိုးရအဖွဲ့ရဲ့ ထောက်ပံ့ကူညီမှု များဖြင့် စက်မောင်းသင်တန်းများကို စက်မှုလယ်ယာဦးစီးဌာနက ကျွမ်း ကျင်သင်တန်း နည်းပြများကနေ သင်ကြားပေးခဲ့ရာမှာ ယခုဆိုရင် ကျွမ်းကျင်စက်မောင်း သင်တန်းသား ၄၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့နောက် အိန္ဒိယနိုင်ငံထုတ် လယ် ထွန်စက်များ၊ လယ်ယာသုံးစက်ကိရိ ယာများနှင့် ထွန်ယက်စိုက်ပျိုးမှု စွမ်းရည်သရုပ်ပြမှုများကို တိုင်း ဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများ၊ လက်တောင်းကြီး ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ စိတ်ပါဝင်စားသည့် တောင်သူဦးကြီး ၇၀ ကျော်တို့က ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရ သည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

အမေရိကန်ဒေါ်လာ ၅ သိန်းကျော်တန်ဖိုးရှိ စာသင်ကျောင်းများ၊ ဆေးရုံနှင့် ဆေးရုံသုံးပစ္စည်းများအား ချင်းပြည်နယ်၌ ဂျပန်အစိုးရလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ချင်းပြည်နယ်အတွင်းရှိ ကန် ပက်လက်၊ မင်းတပ်နှင့် မတူပီမြို့နယ်များ၌ စာသင်ကျောင်း များ အသစ်တည်ဆောက်ပြုပြင်ပေးခြင်းနှင့် ဆေးရုံအင်္ဂါရပ် နှင့် ပြည့်စုံရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါစာသင်ကျောင်းများနှင့် ဆေးရုံတို့ကို မြန်မာ နိုင်ငံဂျပန်သံရုံးမှ တာဝန်ရှိသူများက ပြည်နယ်လူမှုရေး ဝန်ကြီးနှင့် တာဝန်ရှိသူများထံ ဖေဖော်ဝါရီ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်း ကန်ပက်လက်မြို့နယ်၌ အမေရိကန် ဒေါ်လာ ၁၅၃၃၇၉ တန်ဖိုးရှိ ကျင်တွဲကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေးစီမံကိန်း၊ မင်းတပ်မြို့နယ်၌ အမေရိကန်ဒေါ်လာ ၁၂၁၉၃၉ တန်ဖိုးရှိ အခြေခံပညာမူလတန်းကျောင်း ငါးကျောင်း ဆောက်လုပ် ရေးစီမံကိန်း၊ မတူပီမြို့နယ်၌ အမေရိကန်ဒေါ်လာ ၁၁၄၀၁၅ တန်ဖိုးရှိ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရေးစီမံကိန်းနှင့် မြို့နယ် ဆေးရုံ၌ အမေရိကန်ဒေါ်လာ ၁၁၇၇၆၁ တန်ဖိုးရှိ ဆေးရုံ သုံးပစ္စည်းများနှင့် ရေရရှိရေးစီမံကိန်းတို့ကို အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ထောက်ပံ့ပေးခဲ့ ကြောင်း သိရသည်။

အလားတူ ဂျပန်နိုင်ငံအစိုးရအနေဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေးအတွက် ၁၉၉၃ ခုနှစ်မှ စတင်ပြီး အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ် ဖြင့် ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၂၄ ခု၊ ကျန်း မာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေး စီမံကိန်းပေါင်း ၁၈၁ ခု၊ လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၆ ခု၊ အခြေခံအဆောက်အအုံစီမံကိန်းပေါင်း ၃၃ ခုနှင့် အခြားအမျိုးမျိုးသောစီမံကိန်းပေါင်း ၃၆ ခုတို့ကို ဆောက် လုပ်ကူညီခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ၂၀၁၅ ကုန်စည်ပြပွဲများ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနမှကြီးမှူး၍ ဘန်ကောက်မြို့တွင် နိုင်ငံ တကာကုန်စည်ပြပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ကျင်းပမည့် ပြပွဲအမျိုးအစားများမှာ Thailand International Furniture Fair ကို (11.3.2015)ရက်မှ (15.3.2015) ရက်ထိလည်းကောင်း၊ Bangkok International Gift Fair & Bangkok International House ware Fair ကို (19.4.2015) ရက်မှ (23.4.2015) ရက်ထိလည်းကောင်း၊ THAIFEX-World of Food Asia ပွဲကို (20.5.2015) ရက်မှ (24.5.2015) ရက်ထိ လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်သည်။

မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန် များဖြစ်သည့် ပရိဘောဂများ၊ လက်ဆောင်ပစ္စည်းများ၊ အိမ်အလှဆင်ပစ္စည်းများ၊ အစားအစာများအား သွားရောက်ပြသခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ စိတ်ပါဝင်စား၍ ပါဝင်ပြသလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန(နေ ပြည်တော်)၊ ရုံးအမှတ်(၅၂)၊ ဖုန်း ၀၆၇-၄၃၀၁၂၈၊ ၀၆၇-၄၃၀၂၉၀၊ ဖက်(စ်) ၀၆၇-၄၃၀၁၃၈၊ Email : moctradefair@gmail.com၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀) ကမ်းနားလမ်းနှင့် ရွှေဘုံ သာလမ်းထောင့် ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၅၄၀၂၄၊ ဖက်(စ်)၀၁-၂၅၄၀၂၃၊ Email:itpic.moc@gmail.com နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနများနှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်များသို့လည်း ဆက်သွယ်စုံစမ်းနိုင် ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်ချောလမ်းသစ်နှင့် ကတ္တရာလမ်းသစ် ဖွင့်လှစ်

တပ်ကုန်း ဖေဖော်ဝါရီ ၁၁

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည် တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ ကျားသေအိုင်ကျေးရွာသို့ ဆက်သွယ်ထားသော အရှည်ပေ ၇၉၂၀ အကျယ် ၁၀ ပေရှိ ကျောက်ချောလမ်းသစ်နှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ နွယ်ရစ်ကျေးရွာ သို့ ဆက်သွယ်ထားသော အရှည်ပေ ၇၉၂၀ အကျယ် ၁၀ ပေရှိ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီက ကျားသေအိုင် ကျေးရွာ ကျောက်ချောလမ်းသစ်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းများကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ညွှန်ကြား ရေးမှူး ဦးအောင်မိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ယင်းကျောက်ချောလမ်းသစ်နှင့် ကတ္တရာလမ်းသစ်ကို နေပြည် တော်ကောင်စီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် နေပြည် တော်စည်ပင်သာယာရေးကော်မတီမှ ငွေကျပ် ၂၁၈ ဒသမ ၅၅၈ သန်း အကုန်ကျခံကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ် ဆင့်ပွားသင်တန်းဖွင့်

သုံးခွ ဖေဖော်ဝါရီ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရဲစခန်းတွင် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်း စဉ် ဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ် ခဲ့သည်။

သင်တန်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်က အမှာစကားပြောကြားခဲ့ပြီး သင်တန်းကို ဖေဖော်ဝါရီ ၉ ရက်မှ ၂၀ ရက်အထိ သင်ကြားကာ သင်တန်းသား ၁၆ ဦးရှိကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

လောက်ကိုင်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းခြင်းဆောင်ရွက်

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကိုးကန့်တိမ်းရှောင်အဖွဲ့အနေဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၇ရက်နေ့တွင် အများပြည်သူအသုံးပြုလျက်ရှိသည့် အဓိကဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ကွမ်းလုံကြိုးတံတားအား ဖောက်ခွဲဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ထော်လာဂျီယာဉ်ပေါ်တွင် ပေါက်ကွဲစေတတ်သော မိုင်းနှင့် ဆက်စပ်ပစ္စည်းများတင်ဆောင်ကာ အချိန်ကိုက်ဖျက်ဆီးနိုင်ရေးကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရရှိခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ကိုးကန့်တိမ်းရှောင်အဖွဲ့သည် ၂၀၁၄ ခုနှစ်အတွင်းတွင် မုံးစီး၊ နမ့်ကျွမ်း၊ ဝေါ်ချို၊ မုံးကိုးနှင့် မုံးယားဒေသများတွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် လောက်ကိုင်ဒေသနေရာအနှံ့အပြား၌လည်းကောင်း တိုက်ကွက်ဖော်ကာ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်ရန်ကြိုးပမ်းခဲ့သော်လည်း ဒေသခံပြည်သူ၏ ပူးပေါင်းကူညီမှုများကြောင့် သတင်းလက်ဦးမှု ရယူနိုင်ကာ တပ်မတော်စစ်ကြောင်းများမှ နယ်မြေရှင်းလင်းစိုးမိုးနိုင်ခဲ့၍ အခွင့်မသာဘဲရှိခဲ့သည်။

ဖေဖော်ဝါရီလ ပထမပတ်တွင် ဒေသခံများ၏ သတင်းပေးချက်အရ ကိုးကန့်တိမ်းရှောင် အင်အားစုများသည် ညီုချမ်းကူးတို့ဆိပ်မှတစ်ဆင့် လောက်ကိုင်နယ်မြေအတွင်းဝင်ရောက်လာခဲ့ပြီး လောက်ကိုင်မြို့တောင်ခြမ်း/မြောက်ခြမ်းတို့တွင် အခြေပြုလှုပ်ရှားရန် ပြင်ဆင်နေကြောင်း သိရှိခဲ့ရသည်။သတင်းရရှိချိန်မှစ၍ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်နေ့တို့တွင် ထိတွေ့တိုက်ပွဲဖြစ်စဉ် စုစုပေါင်း (၈)ကြိမ် ဖြစ်ပွားခဲ့ပြီး လေကြောင်းပစ်ကူ (၅)ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်စစ်ကြောင်းများက ကိုးကန့်တိမ်းရှောင်အဖွဲ့များ ဆုတ်ခွာရာသို့ ထက်ကြပ်လိုက်လံရှင်းလင်းခြင်းများနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြီးကြပ်ရေးမှူးရာထူး၊ ဒု-ကြီးကြပ်ရေးမှူးရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းစာတိုက်များတွင် လစ်လပ်လျက်ရှိသည့် ပုံနှိပ်စက်ရာထူးနေရာများ ဖြစ်သော ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ် ၁၀၅၀၀၀-၁၀၀၀-၁၁၀၀၀၀) (၆)နေရာ၊ ဒု-ကြီးကြပ်ရေးမှူးရာထူး(လစာနှုန်းကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) (၃)နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူး (လစာနှုန်းကျပ် ၉၃၀၀၀-၁၀၀၀-၉၈၀၀၀) (၉)နေရာ၊ ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူး(လစာနှုန်းကျပ် ၈၇၀၀၀-၁၀၀၀-၉၂၀၀၀) (၁၀)နေရာများအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

(၂) (၃၁-၁-၂၀၁၅)ရက်နေ့တွင် အသက်(၂၀)မှ (၃၀)အတွင်း အမျိုးသားများ လျှောက်ထားနိုင်သည်။

(၃) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

(၄) ကြီးကြပ်ရေးမှူးရာထူးအတွက် B.E(Mechanical)(သို့) B.E(Electronic)(သို့)B.E(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

ဒု-ကြီးကြပ်ရေးမှူးရာထူးအတွက် B-Tech(Mechanical)(သို့) B-Tech(Electronic)(သို့) B-Tech(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

ပုံနှိပ်ကျွမ်းကျင်-၃(စက်)ရာထူးအတွက် AGTI(Mechanical)(သို့) AGTI(Electronic)(သို့) AGTI(Electrical Power)ရရှိသူများ လျှောက်ထားနိုင်ပါသည်။

ပုံနှိပ်ကျွမ်းကျင်-၄(စက်)ရာထူးအတွက် စက်မှုသင်တန်းကျောင်းအောင်(သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ လျှောက်ထားနိုင်ပါသည်။

(၅) ဝန်ထမ်းဖြစ်ပါက (၃၁-၁-၂၀၁၅)ရက်နေ့တွင် အသက်(၃၅)နှစ်အတွင်း သက်ဆိုင်ရာဌာနအကြီးအကဲ ခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို (၂၈-၂-၂၀၁၅)ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(စီမံ)၊ ဒုတိယညွှန်ကြားရေးမှူး (စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၌ ရေးဖြေစာမေးပွဲဖြေဆိုခြင်းကို (၉-၃-၂၀၁၅)ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၃၂၃၊ ၀၆၇-၄၁၂၀၂၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ရထားများပြေးဆွဲလျက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး မန္တလေးဘူတာမှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ အမှတ်(၅၅)အဆန် အထူးလူစီးရထားကြီးသည် ဖေဖော်ဝါရီ ၈ ရက်တွင် အမှတ်(၂)စင်္ကြံမှ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ပြေးဆွဲခုတ်မောင်းကြောင်း သိရသည်။ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် နေထိုင်ကြသော ဒေသခံတိုင်းရင်းသားများ၊ ပြည်နယ်အသီးသီးမှ ကုန်စည်ပို့ဆောင် ရောင်းဝယ်သွားလာသူများ စျေးနှုန်းသက်သာစွာဖြင့် သွားလာနိုင်ရေးအတွက် ရထားပို့ဆောင်ရေးဌာနမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်၊ရန်ကုန်၊မန္တလေးမြို့ကြီးများမှတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့ကြီးများသို့ ရထားလမ်းပိုင်းအလိုက် အဆင့်မြင့်လူစီးရထားများပြေးဆွဲလျက်ရှိရာ နေပြည်တော်မှ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလော-ရွှေညောင်- ရပ်စောက်၊နေပြည်တော်မှ ကလော-ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-ကျိုင်းတုံ၊ နေပြည်တော်မှ ကယားပြည်နယ်-အောင်ပန်း-လွိုင်ကော်၊ နေပြည်တော်မှ တပ်ကုန်း-ပင်လောင်း၊ နေပြည်တော်မှ မွန်ပြည်နယ်-တောင်ငူ-ဒိုက်ဦး- မော်လမြိုင်၊ နေပြည်တော်မှ တောင်တွင်းကြီး-ကျောက်ပန်းတောင်း-ပုဂံ၊ နေပြည်တော်မှ ကျောက်ပန်းတောင်း-ချောက်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရန်ကုန် စသဖြင့် ပြေးဆွဲသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးမှလည်း လမ်းပိုင်းအလိုက်ပြေးဆွဲလျက်ရှိသည်။ ရန်ကုန်-မန္တလေး၊ ရန်ကုန်-နေပြည်တော်၊ ရန်ကုန်မှ ပြည်-ပုဂံ-ပခုက္ကူ၊ ရန်ကုန်မှ မွန်ပြည်နယ်-ပဲခူး-မော်လမြိုင်၊ ရန်ကုန်မှ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ပဲခူး-မော်လမြိုင်-ရေး-ထားဝယ်၊ ရန်ကုန်မှ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ၊ ရန်ကုန်မြို့ပတ် အထူး ရထားတွဲဆိုင်းများ ပြေးဆွဲသကဲ့သို့ မန္တလေးတိုင်းဒေသကြီး မန္တလေးဘူတာကြီးမှ မန္တလေး-ရန်ကုန်၊ မန္တလေး-နေပြည်တော်၊ မန္တလေးမှ ရှမ်းပြည်နယ် (မြောက်ပိုင်း)-ပြင်ဦးလွင်-လားရှိုး၊ မန္တလေးမှ မုံရွာ-ချင်းပြည်နယ်စပ် ကလေးမြို့၊ မန္တလေးမှ မုံရွာ-ပခုက္ကူ၊ မန္တလေးမှ ပလိပ်-တံတားဦး-မြင်းခြံ၊ ပုဂံ၊ မန္တလေးမှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ နေ့စဉ် လူစီးအထူးရထား အသွားအပြန် ရှစ်စင်းဖြင့် ပြေးဆွဲပေးလျက်ရှိရာ သီးသန့်ကုန်စည်အမျိုးမျိုး တင်ဆောင်သော အထူးရထားတစ်စင်းလည်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

(၆၂၇)

မြန်မာယူ-၂၀ အသင်းနှင့် ဖီဂျီ ယူ-၂၀ အသင်းတို့ ခြေစမ်းပွဲနှစ်ပွဲကစားမည်

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည့် မြန်မာယူ-၂၀ အသင်းနှင့် ဖီဂျီယူ-၂၀ အသင်းတို့မှာ ဖေဖော်ဝါရီ ၁၇၊ ၂၀ ရက်များတွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းအတွက် မူလစီစဉ်ထားသည့် သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှာ ပျက်ပြယ်ခဲ့သောကြောင့် ခြေစမ်းပွဲသာ ကစားခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာ၊ ဖီဂျီ၊ ဥဇဘက်ကစ္စတန်တို့ သုံးသင်းဖြင့် ကျင်းပရန် စီစဉ်ထားသော်လည်း ဥဇဘက်ကစ္စတန်အသင်းမှာ နုတ်ထွက်သွားသောကြောင့် မြန်မာအသင်းနှင့် ဖီဂျီအသင်းတို့သာ ကျန်ရှိတော့ခြင်းဖြစ်သည်။ မြန်မာနှင့် ဖီဂျီအသင်းတို့မှာ ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၇ ရက်တွင် မန္တလာသီရိကွင်း၌ ပထမပွဲ၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ ဒုတိယပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်သုံးထောင်၊ ရိုးရိုးတန်း ကျပ်တစ်ထောင် သတ်မှတ်ထားသည်။ ခြေစမ်းပွဲနှစ်ပွဲစလုံးကို ညနေ ၄ နာရီ၌ စတင်မည်ဖြစ်သည်။

ဖီဂျီအသင်းမှာ သမုဒ္ဒရာပိုင်းဇုန်မှ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းဖြစ်ပြီး အုပ်စု(စ)တွင် ဂျာမနီ၊ ဥဇဘက်ကစ္စတန်၊ ဟွန်ဒူးရပ်စ်အသင်းတို့ ပါဝင်နေသည်။ မြန်မာ ယူ-၂၀ အသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမား ၂၁ ဦးဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိပြီး ဇန်နဝါရီလအတွင်းက နှစ်ပတ်ကြာသွားရောက်ခဲ့သည့် တူရကီခြေစမ်းခရီးစဉ်တွင်လည်း ရလဒ်ကောင်းများရရှိခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

Sponge Bob ကာတွန်းဇာတ်ကား တစ်ပတ်အတွင်း ဝင်ငွေစံချိန်သစ်တင်

အစောပိုင်းက ဝင်ငွေစံချိန်တင်ရရှိထားသော American Sniper ဇာတ်ကားမှရရှိသော ဝင်ငွေထက် ယခုတစ်ပတ် ရုံတင်ပြသခဲ့သော Sponge Bob ဇာတ်ကားသစ် Sponge Bob Movie: Sponge Out of Water၏ ဝင်ငွေမှာ နှစ်ဆခန့် ပိုမိုများပြားသည်ဟုဘီဘီစီသတင်းဌာနကဖော်ပြသည်။

ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို အခြေခံ၍ ရိုက်ကူးထားသော Sponge Bob ဇာတ်ကားသည် Animated Film အမျိုးအစားဖြစ်ပြီး စတင်ရုံတင်သည့် ရက်သတ္တတစ်ပတ်အတွင်း မှာပင် အမေရိကန်ဒေါ်လာ ၅၆ သန်း (ပေါင် ၃၇ သန်း) ရရှိကာ ဝင်ငွေစံချိန် သစ်တင်နိုင်ခဲ့သည်။

ဒါရိုက်တာကလင့်အိဝုဒ်၏ "Navy Seal" ဇာတ်ကားမှာမူ ရုံတင်ပြီး လေးပတ်အကြာ ဝင်ငွေအမေရိကန် ဒေါ်လာ ၂၄ ဒသမ ၂ သန်း (ပေါင် ၁၆ သန်း)ဖြင့် ဒုတိယနေရာသို့ ရောက်ရှိသွားသည်။

ဝင်ငွေထုတ်ပြန်ချက်များ အရ American Sniper ဇာတ်ကားမှာ ယခုအထိ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၂ သန်း (ပေါင် ၁၈၅ သန်း) ရရှိထားပြီးဖြစ်ကာ အော်စကာ ဆန်ခါတင်စာရင်းတွင်လည်း ခြောက်နေရာအထိ ပါဝင်နေပြီး အဓိကဇာတ်ဆောင်မင်းသား ဘရက်ဒလေကူးပါးသည် အော်စကာဆု ရရှိရန် တစ်ပြေးနေသည်။

သို့သော် American Sniper စတင်ရုံတင်သည့် ရက်သတ္တတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၂ သန်း (ပေါင် ၁၆ သန်း) သာရရှိခဲ့ရာ Sponge Bob ဇာတ်ကားဝင်ငွေထက် ထက်ဝက်ခန့် လျော့နည်းနေသည်။

မြောက်အမေရိက ဒေသအတွင်း ဝင်ငွေ ထိပ်ဆုံး ရပ်တည်နိုင်သော ဇာတ်ကား ၁၀ ကားမှာ The Sponge Bob Moive:Sponge Out of Water၊ American Sniper၊ Jupiter Ascending၊ Seventh Son၊ Paddington၊ Project Almanc၊ The Imitaion Game၊ Black or White၊ The Wedding Ringer နှင့် The Boy Next Door စသည်တို့ ဇာတ်ကားများဖြစ်ကြသည်။

မေလွဲသင်း

စုစည်းသည်။

ရှာဇင်ဂါနှင့် ဟာမီတန်တို့လမ်းခွဲပြီ

နီကိုးရှာဇင်ဂါအနေဖြင့် ဟာမီတန်နှင့် လက်ထပ်ပြီး သားသမီးနှင့်ဘဝကို အခြေတကျ နေထိုင်လိုသော်လည်း ဟာမီတန်အနေဖြင့် ထိုသို့လုပ်ဆောင်ရန် ဆန္ဒမရှိသောကြောင့် ရှာဇင်ဂါအက်မှ လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု Mirror က ဖော်ပြသည်။

၎င်းတို့၏ မိတ်ဆွေဖြစ်သူက ပြောကြားရာတွင် "လူးဝစ်ကစပြီး လမ်းခွဲဖို့ဆုံးဖြတ်ခဲ့တယ်။ နီကိုက လူးဝစ်ဆီက ဒီ့ထက်ပိုတဲ့ ဆက်နွယ်မှုကို မျှော်လင့်ထားပေမယ့်လည်း လူးဝစ်က နောက်တစ်ဆင့်တက်ဖို့ ရည်ရွယ်ချက်မရှိတဲ့ သဘောမှာရှိနေတယ်"ဟု ဆိုသည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာက အင်တာဗျူး တစ်ခုတွင် ရှာဇင်ဂါက "ကျွန်မဘဝရဲ့ အပျော်ဆုံးအချိန်ကို လူးဝစ်နဲ့တွေ့မှ ခံစားတတ်ခဲ့တာပါ။

လူးဝစ်က ဆန်းကျယ်ပြီး ဘယ်သူနဲ့မှ မတူတဲ့ နှစ်လိုဖွယ်အမျိုးသားတစ်ဦးပါ။ တစ်နေ့နေ့မှာ လှပပြီး ချစ်စရာကောင်းတဲ့ ကလေးလေးတွေကို မွေးဖွားဖို့ ကျွန်မတို့ နှစ်ဦးစလုံးမှာ ဆန္ဒရှိနေကြတယ်"ဟု ပြောကြားခဲ့သည်။

သို့သော် ဟာမီတန်က "ဒီလိုအချိန်မှာ ကျွန်တော့်အနေနဲ့ မိသားစုနဲ့ ဖော်မြူလာဝမ်း ပြိုင်ပွဲတွေဆီကိုပဲ အာရုံစိုက်ထားပါတယ်။ ကျွန်တော့် မိသားစုက ကျွန်တော့်အတွက် အရမ်းအရေးပါပြီး အခုအချိန်မှာ ဘဝက ပြည့်စုံနေတယ်လို့ ခံစားနေရတယ်။ အခု သူ(နီကိုး)နဲ့ ကျွန်တော်က မိတ်ဆွေတွေဖြစ်ပြီး ရွှေ့လျှောက် ပူးပေါင်းလုပ်ဆောင်နေရတဲ့ အရာတွေလည်း ရှိနေပါသေးတယ်"ဟု ဆိုခဲ့သည်။

အသက် (၂၆)နှစ်အရွယ်ရှိ ဟာမီတန်သည် ရှာဇင်ဂါထက် ခုနစ်နှစ်ငယ်ကာ အိမ်ထောင်ပြုရန် အစီအစဉ် မရှိသေးဘဲ လူပျိုဘဝဖြင့်သာ နေထိုင်လိုသေးသည်။

ပေါ့ပ်အဆိုတော် ရှာဇင်ဂါက ဖော်မြူလာဝမ်း ကားမောင်းသမား ဟာမီတန်နှင့် အကျေအလည်ဆွေးနွေးခဲ့ပြီးနောက် လမ်းခွဲဖို့ ဆုံးဖြတ်ခဲ့ ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာက ဟာမီတန်သည် ၎င်းတို့နှစ်ဦးစလုံးတွင် များပြားသည့် အလုပ်အချိန်ဇယားများ ရှိနေသည့်အတွက် လက်ထပ်ဖို့ မဖြစ်နိုင်သေးကြောင်း ပြောကြားခဲ့သေးသည်။

၎င်းတို့နှစ်ဦးသည် ၂၀၀၇ ခုနှစ်ကတည်းက လက်တွဲလာခဲ့ပြီး ရှစ်နှစ်တိုင်တိုင် ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက် စုံတွဲလည်းဖြစ်သည်။

ရက်ပ်ဂီတလောကတွင် ဂရမ်မီဆုအများဆုံးရရှိထားသော အမ်မီနမ်

လော့စ်အိန်ဂျလိစ်တွင် ကျင်းပခဲ့သော (၅၇)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲတွင် ရက်ပ်အဆိုတော် အမ်မီနမ်သည် အကောင်းဆုံးရက်ပ်တေးစီးရီးဆု (Best Rap Album) ကို ရရှိခဲ့ရာ ယခုအကြိမ်သည် ၎င်းအတွက် ခြောက်ကြိမ်မြောက် အကောင်းဆုံးရက်ပ်တေးစီးရီးဆုရရှိခြင်းဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်သတင်းစာတွင် ဖော်ပြခဲ့သည်။

ထို့ပြင် အမ်မီနမ်သည် ရက်ပ်ဂီတလောကတွင် ဂရမ်မီဆုအများဆုံးရရှိထားသူဖြစ်ကာ ရောင်းအားအကောင်းဆုံး ရက်ပ်အဆိုတော်တစ်ဦးလည်းဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

ယခုနှစ်တွင် ဂရမ်မီဆုရရှိခဲ့သော "The Marshall Mathers LP2" သည် ၎င်း၏ ရှစ်ခုမြောက် စတီရီယိုတေးစီးရီးဖြစ်သည်။ ထိုစီးရီးတွင် အမ်မီနမ်သည် နာမည်ကျော် ပေါ့ပ်အဆိုတော် ရီဟားနားနှင့်လည်း တွဲဖက်သီဆိုထားကာ ရစ်ခ်ရူဘင်က ထုတ်လုပ်ပေးခဲ့သည်။

အမ်မီနမ်သည် ၁၉၉၅ ခုနှစ်ကတည်းက အနုပညာလောကသို့ စတင်ဝင်ရောက်လာခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ပထမဦးဆုံးဂရမ်မီဆု၊ အကောင်းဆုံး ရက်ပ်တေးစီးရီးဆုကို The Slim Shady LP တေးစီးရီးဖြင့် ရရှိခဲ့သည်။ သူသည် ထုတ်လုပ်သူ၊ သရုပ်ဆောင်မင်းသားစသည့် အခြားအနုပညာလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိပြီး ထိုလုပ်ငန်းများတွင်လည်း ဆုများရရှိထားကြောင်း သိရသည်။

ခင်ခင်သက်

ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၂-၂-၂၀၁၅ (ကြာသပတေးနေ့)

MRTV-4

၅:၀၀	ပဌာန်းပါဠိတော်၊ ဓေဝွသုတ်
၈:၁၀	Cartoon Series (English Play ground)
၉:၄၅	အနုပညာမိုးကောင်းကင်
၁၀:၀၀	ခေတ်သစ်ပျိုမေ
၁၀:၅၅	Food&Decor
၁၁:၂၅	MRTV-4 Stage
၁၁:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၇၇)
၁:၀၀	"လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်" (အပိုင်း-၅၇) တရားတော် [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
၂:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၂၇)
၃:၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၂၁)
၄:၄၀	သူငယ်ချင်းသုံးယောက်
၅:၀၀	Deal or NO Deal
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့ မေတ္တာ" (အပိုင်း-၂၂)
၇:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၂၈)
၈:၁၅	ရသစုံညွှန်းတမ်းများ
၈:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့ နှလုံးသား" (အပိုင်း-၁၀၉)
၉:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၇၈)
၁၀:၁၅	သုံးရာသီ Myanmar Music Award ဆောင်းရာသီ Myanmar Top Songs
၄:၄၀	World of Knowledge (Monster Fish Himalayan Terror)
၄:၄၅	ဆင်းရဲနွမ်းပါးမှုကင်းဝေးဖို့ သစ်မွေးစိုက်ကြစို့

jr0wD

၆:၀၃	တရားတော်
၆:၂၀	မေတ္တာပို့
၆:၃၀	ကိုယ်လက်လှုပ်ရှားအားကစား
၇:၂၅	သင့်အတွက်တစ်နေ့တာ
၈:၁၀	ရွှေးဟောင်းသုတ
၈:၂၅	DVD Hits
၈:၃၅	ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈:၅၅	လျှပ်တစ်ပြက်
၄:၂၅	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၄၀	ဇာတ်လမ်းတို
၄:၄၅	ဗီစီဒီကျော်ကြားတေး
၄:၅၀	မွေးမြူသုတ
၅:၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၁၂)
၆:၁၅	ရင်ခုန်လှုပ်ရှားအားကစား
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဆူးခင်းလမ်းရဲ့ ချစ်ပန်းနှင်းဆီ (အပိုင်း-၇) -ရှင်းဟွာရဲ့ ဂိမ်းကမ္ဘာ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟိုတယ်ဘုရင် (အပိုင်း-၁၄)

Entertainment Channel

၆:၀၀	အဖွင့် -စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့ တင်ဆက်မှုအစီအစဉ်(အပိုင်း-၂)
၆:၂၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၃၇)
၆:၄၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၃၈)
၇:၁၀	ဝတ်စားဆင်ယင်မှုပြပွဲ
၇:၄၀	"ပန်းပင်ကိုပျိုး ပန်းမိုးရွာစေ" (အပိုင်း-၅)
၈:၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၆၁)
၈:၄၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၆၂)
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၅	ASEAN CUL TURAL FAIR 2014
၉:၄၅	China In Myanmar Cultural Show
၁၀:၀၀	မြန်မာဗီဒီယိုဇာတ်လမ်း "ဆွေမျိုး" (လူမင်း၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ညဏတင်စိုး)

တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။

MYANMAR INTERNATIONAL
Programme in Brief
(12-2-2015) (Thursday)

- Shan Novices To Be…
- Myanmar Union Day
- Sai Htee Hseng Or An Exceptional Music Star From Shan Plateaus (IV)
- Myanmar Weaving
- A Glance At A Naga Family Life
- Beautiful Mon Choral Dance
- MURAL PAINTING BAGAN
- Home Grown Treasure (Part-I)
- Home Grown Treasure (Part-II)
- Wholesale Fish
- Oboist and His Life
- Myanmar Agarwood
- MUUN (Episode – I)
- Tea Leaves

မြန်မာ့အားကစားလောကတိုးတက်အောင် အထောက်အကူပြုပေးမည့် အမျိုးသားအားကစားပွဲတော်

"မြန်မာနိုင်ပြီ . . . တို့မြန်မာနိုင်ပြီ. . . တိုင်းပြည်ကပေး . . . ပေးအပ်လိုက်တဲ့တာဝန်များ. . . ကျေပွန်ပါပြီ. . . တကယ့်ကိုကျေပွန်ပြီ. . . သောင်းသောင်းဖြဖြကြိုဆိုလို့အတည်. . . ပြည်သူများ ဂုဏ်ပြုကြလေသည် . . ." ဟူသောသီချင်းသည် တစ်ချိန်က နိုင်ငံရပ်ခြားသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုများ မြန်မာ့မြေပေါ်သို့ သယ်ဆောင်လာခဲ့သည့် မြန်မာဘောလုံးအသင်းကို ဂုဏ်ပြုကြိုဆိုသည့် သီချင်းတစ်ပုဒ်ဖြစ်ခဲ့ရုံသာမက ၂၀၁၃ ခုနှစ်က မြန်မာ့မြေပေါ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအသီးသီးတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများ ရွှေတံဆိပ်ဆုရပြီး နိုင်ငံတော်အလံတိုင်ထိပ်သို့လွှင့်ထူလေတိုင်း အားကစားသမားများရောလာရောက်အားပေးသူများပါ ဝမ်းသာပီတိမျက်ရည်ဝဲခဲ့ရသည့် သီချင်းတစ်ပုဒ်လည်းဖြစ်သည်။

အားကစားစိတ်ဓာတ်မြင့်မားပြင်းထန်ကြသည့် မြန်မာလူမျိုးများအတွက် အဆိုပါ ဆီးဂိမ်းပွဲတော်ကြီးကြောင့် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်အားကစားသမားများပေါ်ထွက်ခဲ့ရုံသာမက လက်ရွေးစင်အားကစားသမားများ၊ ဝါသနာရှင်အားကစားသမားများနှင့် နိုင်ငံအနှံ့အပြားရှိ ရွက်ပုန်းသီးအားကစားသမားများအတွက်လည်း အားကစားစိတ်ဓာတ်များ ပိုမိုနိုးကြားတက်ကြွလာစေခဲ့သည်။

ယင်းပြိုင်ပွဲကြီးတွင် နိုင်ငံ့ကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများအနေဖြင့်လည်း အားကစားနည်းများအလိုက် ပြိုင်ပွဲအသီးသီးတွင် အောင်မြင်မှု ဆုတံဆိပ်များရယူဆွတ်ခူးပေးနိုင်ခဲ့သလို ထိုပြိုင်ပွဲများမှ ပြိုင်ပွဲအတွေ့အကြုံများ၊ အားနည်းချက်၊ အားသာချက်များကို အကောင်းဆုံးအသုံးချကာ နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေကြသလို အောင်ပန်းများ ဆွတ်ခူးရယူနေကြဆဲလည်းဖြစ်သည်။ ယင်း၏ သာဓကတစ်ခုအနေဖြင့် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် မကြာမီ ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပထမဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းသည် မြန်မာ့ဘောလုံးလောက၏ ထူးခြားသောသမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်ခဲ့သည်။

ဆက်လက်ပြီး မကြာမီတွင်လည်း မြန်မာ့အားကစားလောက၏ အထင်ကရ အားကစားပွဲတော်ကြီးတစ်ခုဖြစ်လာဦးမည့် အမျိုးသားအားကစားပွဲတော်ကြီးကိုလည်း အားကစားနည်းပေါင်းများစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားဦးမည်ဖြစ်သည်။

ပြိုင်ပွဲအတွေ့အကြုံကောင်းများ ပိုမိုရရှိစေနိုင်သလို တစ်မြေတည်းနေ တိုင်းရင်းသားအားကစားသမားများ အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေနိုင်မည်

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ရန်ကုန်မြို့၌ ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်အဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး ၁၈နှစ်ခန့်အကြာမှ စတုတ္ထအကြိမ်အဖြစ် နေပြည်တော်၌ ပြန်လည်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအသင်း ၁၄ သင်းနှင့် နေပြည်တော်ကောင်စီနယ်မြေ ကိုယ်စားပြုအသင်းတစ်သင်း စုစုပေါင်း ၁၅ သင်းမှ အားကစားသမားပေါင်းလေးထောင်ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အားကစားနည်းများအနေဖြင့်လည်း ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်၊ စနူကာ၊ ကာယကြံ့ခိုင်မှု၊ လက်ဝှေ့၊ စစ်တုရင်၊ ခြင်းလုံး၊ စက်ဘီး၊ ဘောလုံး (ကျား/မ)၊ ဖူဆယ်(ကျား/မ)၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးဒို၊ ရိုးရာလှေ၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ ဒိုင်ဗင်၊ ရိုးရာလက်ဝှေ့၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ မြန်မာ့သိုင်း၊ တင်းနစ်၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ Triathlon (သုံးမျိုးစုံ)နှင့် ခရစ်ကတ်အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။

မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်လာရေးရှေးရှုပြီး မကြာမီ ဖွန်လတွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများ အောင်မြင်မှုများရရှိရန် အထောက်အကူပြုရေး ရည်ရွယ်ကျင်းပသည့် အဆိုပါ အမျိုးသားအားကစားပွဲတော်ကြီးကို ၁၈ နှစ်ကြာမှ အမျိုးသားရေးအသွင်ဖြင့် ပြန်လည်ကျင်းပခြင်းဖြစ်ပြီးပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အားကစားသမားများအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံကောင်းများ ပိုမိုရရှိစေနိုင်သလို တစ်မြေတည်းနေ တိုင်းရင်းသားအားကစားသမားများအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေနိုင်မည်ဖြစ်သည်။

အားကစားဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသလို သက်ဆိုင်ရာခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ တာဝန်ရှိသူများကလည်း အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အခြေခံပြိုင်ပွဲများဖြစ်သည့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်ပေါင်းစုံအဆင့်အားကစားပြိုင်ပွဲများကို အားကစားနည်းများအလိုက် စဉ်ဆက်မပြတ် ကျင်းပပေးခြင်းဖြင့် ထက်မြက်ပြီးသား အားကစားသမားများကို အားပေးမြှင့်တင်ရာရောက်သလို ရွက်ပုန်းသီးအားကစားသမားများကိုလည်း ဖော်ထုတ်နိုင်မည်ဖြစ်သည့်အပြင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံ၏ အားကစားအဆင့်အတန်းတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း တွေးမိသမျှ ရေးသားတင်ပြလိုက်ရပါသည်။

(ဖြိုးဇင်)

အာဆင်နယ်၊ ရီးယဲလ်မက်ဒရစ်တို့က အလိုရှိနေသော်လည်း ဒေါ့မွန်၌သာ ဆက်လက်ကစားရန် မာကိုရူးစ် ဆုံးဖြတ်

ဂျာမနီလက်ရွေးစင် ကွင်းလယ်ကစားသမား မာကိုရူးစ်သည် ရီးယဲလ်မက်ဒရစ်နှင့် အာဆင်နယ်အသင်းတို့က အသည်းအသန် အလိုရှိနေသော်လည်း ဘွန်ဒက်လီဂါတွင် အမှတ်ပေးဇယားအောက် ရောက်နေသော ဒေါ့မွန်အားကူညီရန် ၂၀၁၇ အထိသက်တမ်းရှိသော စာချုပ်သစ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အသက် (၂၅)နှစ်အရွယ်သာရှိသေးသော ၎င်းကစားသမားသည် လာမည့် နွေရာသီတွင် ဒေါ့မွန်နှင့်ချုပ်ဆိုထားသော စာချုပ်မှာ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး ဒေါ့မွန်နှင့် ယခင်ချုပ်ဆိုထားသော စာချုပ်အရ ပေါင်သန်း ၂၀ ပေးလျှင် ထွက်ခွာခွင့်ရှိသည်ဆိုသည့် အချက်လည်းပါဝင်ရာ ကမ္ဘာ့ထိပ်တန်း ကွင်းလယ်ကစားသမားကို ပေါင်သန်း ၂၀ ခန့်ဖြင့် အရခေါ်ယူရန် အာဆင်နယ်နှင့် ရီးယဲလ်မက်ဒရစ်တို့က အစဉ်တစိုက် ကြိုးပမ်းခဲ့ကြသည်။ ဘိုင်ယန်မြူးနစ်အသင်းကလည်း အသင်းပိုမိုအင်အားတောင့်တင်းရန် ရူးစ်ကို အလိုရှိနေသည်။

သို့သော် ဂျာမန်သတင်းစာ ရူးစ်နစ်ခရူးကတ်နှင့် ဒေါ့မွန်ရေဒီယိုတို့က ဖော်ပြခဲ့ရာတွင် ရူးစ် အနေဖြင့် ၂၀၁၇ အထိ သက်တမ်းရှိသော စာချုပ်သစ်ကို လက်မှတ်ရေးထိုးခဲ့ပြီး အသင်းကို ဘွန်ဒက်လီဂါတွင် ဆက်လက်ရပ်တည်နိုင်အောင် ကြိုးပမ်းသွားမည်ဟု ဖော်ပြကြသည်။

ပြီးခဲ့သည့် စနေနေ့က ဒေါ့မွန်အနေဖြင့် ယခုနှစ်ဘောလုံးရာသီ၏ ဒုတိယမြောက် နိုင်ပွဲအဖြစ် ဖရိုင်းဘတ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူနိုင်ခဲ့သည်။

(မေလှဲ့သင်း)

မက္ကဆီကိုဂိုးသမား အိုချိုအာ အားခေါ်ယူရန် ပရီမီယာလိဂ်ကလပ်များ အပြိုင်ချိတ်ဆက်နေ

အင်္ဂလန်ပရီမီယာလိဂ် ကလပ်အသင်းများဖြစ်ကြသည့် အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် လာမည့်ဘောလုံးရာသီ မစတင်မီကာလအတွင်း အသင်းကို အားဖြည့်ပြင်ဆင်မှုများပြုလုပ်ရန်အတွက် မာလာဂါအသင်း၏ မက္ကဆီကိုဂိုးသမား အိုချိုအာ အားခေါ်ယူရန် အပြိုင်စိတ်ဝင်စားနေကြောင်းသိရသည်။

လီဗာပူးအသင်းမှာ လာမည့်နွေရာသီကာလအတွင်း အရည်အသွေးမြင့်ဂိုးသမားတစ်ဦးကို မဖြစ်မနေခေါ်ယူအားဖြည့်ရန် ပြင်ဆင်နေပြီး ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အံ့အားသင့်ဖွယ် လက်စွမ်းပြသခဲ့သည့် အိုချိုအာအား ခေါ်ယူရန် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက ထိပ်တန်းအဆင့်ရှိ ဂိုးသမားတစ်ဦးကို ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်ပြီး ကာဆီးလက်စ်၊ ရက်ဒီစသည့် ကစားသမားများကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် လီဗာပူးနည်းပြဖြစ်သူ ဘရန်ဒန်ရော်ဂျာမှာ လာမည့်နွေရာသီတွင် အိုချိုအာအား ခေါ်ယူသွားရန်ဆန္ဒရှိနေခြင်းဖြစ်ပြီး စာချုပ် လျော်ကြေး အပါအဝင် ပေါင် ၁၅ သန်းခန့် ပေးချေရန် အသင့်ရှိနေကြောင်း သိရသည်။

ထို့ပြင် အာဆင်နယ်အသင်းမှာလည်း အသင်းနှင့် အနာဂတ်မရေရာဖြစ်နေသည့် ပိုလန်ဂိုးသမား ဆက်ဇက်စနီ၏ နေရာတွင် အစားထိုးရန် ဂိုးသမားတစ်ဦးကို ရှာဖွေနေခြင်းဖြစ်ပြီး မက္ကဆီကိုအသင်း၏ နာမည်ကျော် အိုချိုအာအား ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် (၂၉)နှစ် အရွယ် မာလာဂါဂိုးသမားအိုချိုအာမှာ ပြီးခဲ့သည့် နှစ်က မာလာဂါ အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး မက္ကဆီကိုလက်ရွေးစင်အသင်းအတွက်လည်း ပွဲပေါင်း ၆၀ကျော် ပါဝင်ကစားခဲ့သူ ဖြစ်ကြောင်း သိရသည်။

(ကိုရဲ)

ဘိုင်ယန်အတွက် ပြန်ကစားရန် ရီဘာရီ အသင့်ရှိပြီ

ပြင်သစ်တောင်ပံကစားသမား ဖရန့်ရီဘာရီသည် ယခုနှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါပွဲစဉ် အစမှာပင် ပေါင်ဒဏ်ရာကြောင့် အနားယူနေခဲ့ရာ လာမည့် ဟမ်းဘတ်အသင်းနှင့်ယှဉ်ပြိုင်မည့်ပွဲတွင် ပြန်လည်ဝင်ရောက်ကစားရန် အသင့်ရှိနေပြီဖြစ်သည်။ ပြီးခဲ့သည့် တနင်္လာနေ့က အသင်းလေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်ကစားခဲ့သည်။ ၎င်းကစားသမားမှာ ကာလကြာရှည်စွာပင် ဒဏ်ရာပြဿနာကြောင့် ဘိုင်ယန်အတွက် ဝင်ရောက်ကစားပေးနိုင်ခြင်းမရှိသော်လည်း အလိုင်းယန့်ဇ်အရီနာကွင်း၌ ယှဉ်ပြိုင်မည့် အဆိုပါပွဲစဉ်တွင် ဝင်ရောက်ကစားနိုင်မည်ဟု မျှော်လင့်ထားသည်။

ရီဘာရီက "အခု ကြွက်သားတွေ ဘယ်လိုလျှင်လျှင်မြန်မြန် ပြန်ပြီးအလုပ်လုပ်နိုင်တယ်ဆိုတာ ကျွန်တော်တို့တွေ စောင့်ကြည့်ခဲ့ကြပါတယ်။ ဒါပေမယ့် စနေနေ့မှာ ကစားမယ့် ဟမ်းဘတ်နဲ့ပွဲမှာတော့ ဝင်ရောက်ကစားနိုင်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု ဆိုခဲ့သည်။

ထို့အပြင် ရီဖင်းနားကလည်း ခြေချင်းဝတ်ဒဏ်ရာကြောင့် အနားယူနေခဲ့ရာ အခုအခါ ပြန်လည်သက်သာလာပြီး တနင်္လာနေ့မှာ လေ့ကျင့်ရေး ပြန်လည်ဆင်းနိုင်ခဲ့သည်။ ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာက အဆိုပါ ကစားသမားနှစ်ဦးစလုံးကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ကစားမည့် ချန်ပီယံလိဂ် ၁၆ အဆင့် ရှုံး/ထွက်ပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ယူကရိန်းကလပ် ရှက်တာဒိုးနက်နှင့် ကစားမည့်ပွဲတွင် ထည့်သွင်းအသုံးပြုရန် ရွေးချယ်ထားသည်။

နေပြည်တော်အမျိုးသားအသင်းနှင့် မြန်မာ့လက်ရွေးစင်လူငယ်အသင်းတို့ချစ်ကြည်ရေးခြေစမ်းပွဲယှဉ်ပြိုင်

တပ်ကုန်း ဖေဖော်ဝါရီ ၁၁

နေပြည်တော်ကောင်စီနယ်မြေရှိ တပ်ကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အား/ကာကော်မတီတို့မှ ကြီးမှူးကျင်းပသော ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ခြေစမ်းပွဲ ပွဲစဉ်ကို တပ်ကုန်းမြို့နယ် အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်အမျိုးသားအသင်းနှင့် မြန်မာ့လက်ရွေးစင်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရွှေအမွှာဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံ ဦးကျော်စိုးလွင်က မြန်မာ့လက်ရွေးစင်လူငယ်အသင်း အုပ်ချုပ်သူအား ဂုဏ်ပြုငွေပေးအပ်ခဲ့ပြီး နေပြည်တော်အမျိုးသားအသင်းနှင့် မြန်မာ့လက်ရွေးစင်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော်အမျိုးသားအသင်းက မြန်မာ့လက်ရွေးစင်လူငယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲသို့ တပ်ကုန်းမြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဘောလုံးဝါသနာရှင်ပရိသတ်များ ကွင်းလုံးပြည့်လာရောက် အားပေးခဲ့ကြောင်း သိရသည်။

ဇင်ဘိုမင်း(ကြေးမုံ)

ကီးလန်မြစ်ထဲသို့ ပျက်ကျသွားသည့် ထိုင်ဝမ်လေယာဉ်ပျက်ကို ပြန်လည်ဆယ်ယူစဉ်။

ထိုင်ဝမ်လေယာဉ်တစ်စင်း ပျက်ကျပြီးနောက် လေယာဉ်မှူးများ အရည်အချင်းစစ်ဆေးခဲ့ရာ ၁၀ ဦးကျရှုံး

တိုင်ပေ(ထိုင်ဝမ်) ဖေဖော်ဝါရီ ၁၁

မကြာသေးမီက ထိုင်ဝမ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းပျက်ကျမှုကြောင့် အနည်းဆုံး လူ ၄၂ ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ်ဖြစ်ပွားပြီးနောက် ထရန်စ်အေးရှားလေကြောင်းလိုင်းမှ လေယာဉ်မှူးများကို အရည်အချင်းစစ်ဆေးမှုများ ပြန်လည်ပြုလုပ်ခဲ့ရာ လေယာဉ်မှူး ၁၀ ဦး မှာ အရည်အချင်းပြည့်ဝမှုမရှိကြောင်း ထိုင်ဝမ်လေကြောင်းပျံသန်းမှုဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဖေဖော်ဝါရီ ၄ ရက်က လေယာဉ်ပျက်ကျမှုဖြစ်ပွားပြီးနောက် လေယာဉ်မှူး ၄၉ ဦးကို အရေးပေါ်အခြေအနေတွင် လေယာဉ်ထိန်းချုပ်မောင်းနှင်မှုနှင့် ပတ်သက်၍ နှုတ်ဖြေစာမေးပွဲတစ်ခုစစ်ဆေးခဲ့ရာ ၁၀ ဦးကျရှုံးခဲ့ပြီး ပြန်လည်လေ့ကျင့်မှုများပြုလုပ်ရန်လိုအပ်ကြောင်း အရပ်ဘက်ဆိုင်ရာ လေကြောင်းပျံသန်းမှုစီမံခန့်ခွဲရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ အဆိုပါအရည်အချင်းစစ်စာမေးပွဲသို့ လေယာဉ်မှူး ၁၉ ဦး လာရောက်ဖြေဆိုခြင်းမရှိသေးကြောင်း ၎င်းတို့ကို စာမေးပွဲမအောင်မချင်း လေယာဉ် မောင်းနှင်ခွင့်ပြုမည်မဟုတ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

ထရန်စ်အေးရှားလေကြောင်းလိုင်းမှ အင်ဂျင်နှစ်လုံးတပ် ATR 72-600 လေယာဉ်သည် တိုင်ပေလေဆိပ်မှ ပျံတက်အပြီး မိနစ်ပိုင်းအကြာတွင် ကီးလန်မြစ်ထဲသို့ ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ် လိုက်ပါသွားသူ ၅၈ ဦးအနက် ၁၅ ဦးကို ပြန်လည်ကယ်တင်နိုင်ခဲ့သော်လည်း တစ်ဦးပျောက်ဆုံးနေဆဲဖြစ်သည်။

ကနဦးစုံစမ်းစစ်ဆေးမှုများအရ ပျက်ကျသွားသည့် လေယာဉ်မှ လေယာဉ်မှူးများသည် စက်ပျက်နေသည့် အင်ဂျင်ကိုပိတ်ရမည့်အစား စက်လည်ပတ်နေသည့်အင်ဂျင်ကို မှားယွင်းပိတ်ပစ်ခဲ့သည့်အတွက် ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူတစ်ဦးကပြောကြားသည်။

အေပီ။

ရွှေ့ပြောင်းလုပ်သားများတင်ဆောင်လာသော မော်တော်ဘုတ်တစ်စင်းကို တွေ့ရစဉ်။

မြေထဲပင်လယ်တွင် မော်တော်ဘုတ်နှစ်စင်းနစ်မြုပ်၊ လူ ၂၀၀ သေဆုံး

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၁

ဖေဖော်ဝါရီ ၇ ရက်က အီတလီနိုင်ငံသို့ဦးတည်မောင်းနှင်လာသည့် ရွှေ့ပြောင်းလုပ်သားများတင်ဆောင်လာသော မော်တော်ဘုတ်များ မြေထဲပင်လယ်တွင် နစ်မြုပ်ခဲ့ရာ ရွှေ့ပြောင်းလုပ်သား ၂၀၀ ကျော်သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များ ကယ်ဆယ်ရေးအေဂျင်စီက ပြောသည်။

မော်တော်ဘုတ်များ နစ်မြုပ်ပြီး လေးရက်အကြာတွင် ရွှေ့ပြောင်းလုပ်သားကိုးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ကျန် ၂၀၃ ဦးမှာရေစီးနှင့်မျောပါသွားကြောင်း အီတလီနိုင်ငံအခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက ဆိုသည်။

အဆိုပါ စက်လှေများနစ်မြုပ်သည့် အခြေအနေသည် အလွန်ပင်ဆိုးရွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရွှေ့ပြောင်းလုပ်သား အနည်းဆုံး လူ ၁၀၀ တင်ဆောင်ခဲ့သော မော်တော်ဘုတ်နှစ်စင်းသည် ဖေဖော်ဝါရီ ၇ ရက်က လစ်ဗျားကမ်းရိုးတန်းမှ အီတလီနိုင်ငံသို့ ထွက်ခွာလာခဲ့ကြောင်း နိုင်ငံတကာရွှေ့ပြောင်းလုပ်သားအဖွဲ့ကပြောသည်။

အသက်ဘေးမှ လွတ်မြောက်လာခဲ့သည့် ရွှေ့ပြောင်းလုပ်သားကိုးဦးသည် အနောက်အာဖရိကနိုင်ငံများမှဖြစ်ကြောင်းသိရသည်။

ဘီဘီစီ။

ယူကရိန်းဆွေးနွေးပွဲမတိုင်မီ ပူတင်ကို အိုဘားမား သတိပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၁၁

ယူကရိန်းနိုင်ငံ၌ ရန်လိုသော အပြုအမူများ ဆက်လက်လုပ်ဆောင်နေမည်ဆိုလျှင် ရုရှားနိုင်ငံသည် ပို၍ကြီးမားသော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သမ္မတ ဗလာဒီမာပူတင်ကို အမေရိကန်သမ္မတဘာရက်အိုဘားမားက ယနေ့သတိပေးလိုက်သည်။ လွန်ခဲ့သည့် ဧပြီလမှစ၍ ပြင်းထန်လာသောစစ်ပွဲကို ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် ဆွေးနွေးပွဲများ အသစ်တစ်ဖန်ကျင်းပရာတွင် ရုရှားသမ္မတအနေဖြင့် အခွင့်အရေးကို အရယူရန် အိုဘားမားက တိုက်တွန်းခဲ့သည်။

ဘယ်လာရုစ်နိုင်ငံ၌ ယနေ့ကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတပူတင်သည် ပြင်သစ်၊ ဂျာမနီ၊ ယူကရိန်း ခေါင်းဆောင်များနှင့် တွေ့ဆုံမည်ဖြစ်သည်။ သို့သော် ဆွေးနွေးပွဲမတိုင်မီ ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်တစ်စုံတစ်ရာမရရှိမီ နယ်မြေသိမ်းပိုက်မှုအသာစီးရရှိရန် နှစ်ဖက်လုံးက ကြိုးပမ်းလျက်ရှိကြသည်ဟု သတင်းများက ဆိုသည်။

ဘီဘီစီ

အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဇနီးများကို အိုင်အက်စ်တို့ ပစ်မှတ်ထား

ဝါရှင်တန် ဖေဖော်ဝါရီ ၁၁

အိုင်အက်စ်စစ်သွေးကြွများက ၎င်းတို့အားချေမှုန်းတိုက်ခိုက်နေသည့် နိုင်ငံတကာတပ်ဖွဲ့ဝင်များ၏ ဇနီးများနှင့်ရင်သွေးများကို အသက်အန္တရာယ် ခြိမ်းခြောက်မှုများ ပြုလုပ်လျက်ရှိသည်။

ဖေဖော်ဝါရီ၁၀ရက်တွင် အီရတ်နှင့်ဆီးရီးယားနိုင်ငံများမှ အိုင်အက်စ်အဖွဲ့ဝင်တစ်ဦးဟု ဖော်ပြကာ အမေရိကန်ရေတပ် တပ်ဖွဲ့ဝင်တစ်ဦး၏ဇနီး အသုံးပြုသည့်တွစ်တာစာမျက်နှာကို ဆိုက်ဘာနှောင့်ယှက်မှုများ ပြုလုပ်ခဲ့သည်။ **“ဆိုက်ဘာ အစ္စလာမ်ခေါင်းဆောင်”**အမည်ရှိ ဆိုက်ဘာနှောင့်ယှက်သူများသည် လူမှုကွန်ရက်များတွင် ဆိုက်ဘာဂျီဟတ်ဘာသာရေးတိုက်ခိုက်မှုများ လုပ်ဆောင်နေသည်။

“မင်းတို့သမ္မတနဲ့မင်းယောက်ျားဟာ ဆီးရီးယား၊အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတွေမှာရှိတဲ့ ငါတို့ညီအစ်ကိုတွေကို တိုက်ခိုက်နေသလို ငါတို့ကလည်း မင်းတို့တွေကို ပြန်တိုက်ခိုက်မယ်”ဟု တွစ်တာစာမျက်နှာတွင် ရောက်ရှိနေသည့် မက်ဆေ့ဂျ်တစ်စောင်ထဲတွင်ရေးသားထားသည်။

“မင်းကိုယ်မင်းလုံခြုံတယ်လို့ထင်ကောင်းထင်လိမ့်မယ်။ ဒါပေမယ့် ငါတို့အိုင်အက်စ်တွေ မင်းတို့အနားကို ရောက်နေပြီ။ မင်းတို့အကြောင်းတွေအားလုံးကို ငါတို့သိတယ်”ဟု ရေးသားထားသည်။

အိုင်အက်စ်ဆိုက်ဘာနှောင့်ယှက်သူများ၏ နောက်ထပ်မက်ဆေ့ဂျ်တစ်စောင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဇနီးအားလုံးကိုယ်စား အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ဇနီး မီရှယ် အိုဘားမားကို ခြိမ်းခြောက်ထားသည်။

“သွေးဖုံးလွှမ်းမယ့် ချစ်သူများနေ့ပါ၊ မီရှယ်အိုဘားမား၊ ငါတို့ မင်းတို့ကို စောင့်ကြည့်နေတယ်”ဟု မက်ဆေ့ဂျ်ထဲတွင် ဖော်ပြထားသည်။

“ဒီမက်ဆေ့ဂျ်တွေကိုပို့တာ တမင်ချောက်ချားအောင် လုပ်တာပါ။ ကျွန်တော်တို့သတိထားရမှာက ဖြေရှင်းဖို့နည်းလမ်းကိုပါ။ ပထမတော့ စိတ်ချောက်ချားလိမ့်မယ်။ နောက်တော့ တည်ငြိမ်သွားမှာပါ”ဟု ကာကွယ်ရေးနှင့်ဆက်သွယ်ရေးဌာနအကြီးအကဲ လိုရီဖော့နာဗိုခ်မန်ကဆိုသည်။

စီအင်န်အင်န်။

ကိုရီးယား၌ ကူးတို့သင်္ဘောနစ်မြုပ်မှု ရေယာဉ်မှူးကို ထောင်ဒဏ်ချမှတ်

ဆိုးလ် ဖေဖော်ဝါရီ ၁၁

လွန်ခဲ့သည့်နှစ်က တောင်ကိုရီးယားနိုင်ငံ၌ MV-Sewolကူးတို့သင်္ဘောနစ်မြုပ်ခဲ့ရမှုနှင့် ပတ်သက်၍ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ရေယာဉ်တစ်စင်း၏ ရေယာဉ်မှူးကို လူသေစေမှုဖြင့် ထောင်ဒဏ်လေးနှစ်ကျခံရန် ပြစ်ဒဏ်စီရင်ချက်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဂျင်ဒိုကျွန်းကမ်းလွန်တွင် လွန်ခဲ့သည့်နှစ် ဧပြီ ၁၆ ရက်က MV-Sewolကူးတို့သင်္ဘော နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ သင်္ဘောပေါ် လိုက်ပါလာသူ ၄၇၆ဦးအနက် ၃၀၄ ဦးသေဆုံးခဲ့ရသည်။ သေဆုံးခဲ့ရသူများအနက် ၂၅၀ မှာ အထက်တန်းကျောင်း တစ်ကျောင်းမှ လေ့လာရေးခရီးထွက်ခွာလာခဲ့ကြသော ကျောင်းသား ကျောင်းသူကလေးများဖြစ်ကြသည်။

MV-Sewolကူးတို့သင်္ဘောနစ်မြုပ်စဉ် ယင်းသင်္ဘောကို ပထမဆုံးတွေ့မြင်ခဲ့သော ကမ်းရိုးတန်းစောင့်သင်္ဘောမှ ရေယာဉ်မှူး ကင်ကွမ်အီးသည် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာခဲ့မှုအတွက် ပြစ်မှုထင်ရှားကြောင်း တရားရုံးပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ရေကြောင်းသွားလာခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်ပျက်ကွက်မှု၊ တာဝန်ရှိသူများက အရေးယူဆောင်ရွက်ရာတွင် ကြန့်ကြာမှု၊ ကူးတို့သင်္ဘော၏ ဒီဇိုင်းပုံစံကို ဥပဒေမဲ့ပြင်ဆင်ပြောင်းလဲခဲ့မှု စသည့်အကြောင်းတရားများကြောင့် ကူးတို့သင်္ဘော နစ်မြုပ်ခဲ့ရသည်ဟု ပြစ်တင်ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

ပီတီအိုင်။

ပြန်ပေးဆွဲထားသည့် အစိုးရဝန်ကြီးကို သေနတ်သမားများ ပြန်လွှတ်

ဘန်ဂွီး ဖေဖော်ဝါရီ ၁၁

ပြီးခဲ့သည့် ဇန်နဝါရီ ၂၅ ရက်က ပြန်ပေးဆွဲခံခဲ့ရသည့် ဗဟိုအာဖရိကသမ္မတနိုင်ငံမှ လူငယ်ရေးရာနှင့်အားကစားဝန်ကြီး အာမယ်လ်နင်ဂါတိုလွန်ဆာယိုအား သေနတ်သမားများက ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အဆိုပါဝန်ကြီး၏ ပြောရေးဆိုခွင့်ရှိသူ တာတီရန်နာရန်ဂီကိုက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

အဆိုပါဝန်ကြီးအပါအဝင် ကုလသမဂ္ဂဝန်ထမ်းတစ်ဦးနှင့် ပြင်သစ်ပရဟိတလုပ်သားတစ်ဦးတို့ကို ဓားစာခံများအဖြစ် သေနတ်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အဆိုပါဖမ်းဆီးမှုများက ၂၀၁၃ ခုနှစ် မတ်လတွင် မွတ်စလင်ဆီလီကာသူပုန်များက အာဏာရယူပြီးနောက်ပိုင်း ထောင်ပေါင်းများစွာသောပြည်သူများ အသက်သေဆုံးခဲ့ပြီး တစ်သန်းနီးပါး နေရပ်စွန့်ခွာခဲ့ရသော အခြေအနေယိုယွင်းနေသည့် တိုင်းပြည်၌ လုံခြုံမှုမရှိသည်ကို မီးမောင်းထိုးပြနေသည်။ ဆီလီကာသူပုန်များမှာ သံတမန်ရေးရာဖိအားများနှင့် ခရစ်ယာန်အများစုဖြစ်သည့် ဘာလကာဆန့်ကျင်ရေးပြည်သူ့စစ်တပ်ဖွဲ့၏ အကြမ်းဖက်မှုကို ရင်ဆိုင်ခဲ့ရသောကြောင့် ပြီးခဲ့သည့်နှစ်က အာဏာစွန့်လွှတ်ခဲ့သော်လည်း နိုင်ငံ၏အရှေ့မြောက်ဘက်အစိတ်အပိုင်းကို ထိန်းချုပ်ထားဆဲဖြစ်သည်။

ဝန်ကြီးဆာယိုသည် ပြန်ပေးဆွဲခံရသည့်နေ့တွင် ဘန်ဂွီးမြို့တော်မြောက်ဘက်ရှိ ခရစ်ယာန်ဘုရားကျောင်းတစ်ခုမှ ဇနီး၊ အစ်ကိုဖြစ်သူတို့နှင့်အတူ ပြန်လာစဉ် တက္ကဆီကားတစ်စီးအတွင်းမှ သေနတ်သမားလေးဦးက သူ၏ကားအား ရပ်တန့်စေပြီး သေနတ်ကိုမိုးပေါ်ထောင်ပစ်ကာ ဘာလကာဆန့်ကျင်ရေးပြည်သူ့စစ်တပ်ဖွဲ့၏ အမာခံနယ်မြေတစ်ခုသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ဝန်ကြီး ဆာယိုအား ပြန်ပေးဆွဲရာတွင် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိကြောင်း ဘာလကာဆန့်ကျင်ရေးပြည်သူ့စစ်အဖွဲ့က ငြင်းဆိုထားသည်။

သမ္မတဟောင်း ဖရန်ကွိုင်စ်ဘော့ဇီဇီ၏ ဖမ်းဆီးခြင်းမခံရမီ ဆာယိုမှာ သမ္မတကိုယ်ရံတော်တပ်ဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးဖြစ်ခဲ့ပြီး “တော်လှန်ရေးနှင့် တရားမျှတမှု” အမည်ရှိ နိုင်ငံမြောက်ပိုင်းမှ အကြမ်းဖက်သောင်းကျန်းသူအုပ်စုအား ဦးဆောင်ခဲ့သော်လည်း ပြင်သစ်ကိုလိုနီဟောင်းနိုင်ငံ၏ ၂၀၁၄ ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ရိုက်တာ။

ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)
၁၃၇၆ ခုနှစ် လ ရက်
(၂၀၁၅ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုကုန်းလမ်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေတွင်ပါရှိသော“President of the Union”ဆိုသည့် စကားရပ်ကို“Ministry of Finance”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊“Union of Burma”ဆိုသည့်စကားရပ်ကို“the Republic of the Union of Myanmar”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊“Financial Commissioner”ဆိုသည့်စကားရပ်ကို“Union Minister of Finance” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊“Commissioner of Customs”ဆိုသည့် စကားရပ်ကို“Director General of Customs” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ “Collector of Land Customs”ဆို သည့်စကားရပ်ကို “Competent Customs Official”ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"Interpretation" "(a) the expression “passing or importation or exportation of Customs duties payable goods which is entered into the land Customs area, by any means includes passing, importation or exportation by pipelines, underground cables or other electronic means to any part of a foreign frontier."

၄။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ၅၊ပုဒ်မခွဲ(၁) ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"Permit for goods carried across the border areas" "(1) Every person desiring to pass any goods, whether dutiable goods or not, by land out of or into any foreign territory by means of sub-section (a) of Section 2 of this Act shall apply in writing for a permit for the passage to the relavant officer in charge of land customs station."

၅။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ၇တွင်-

(က) “ပုဒ်မခွဲ(၁)၊ပုဒ်မခွဲငယ်(ဂ) တွင်ပါရှိသည့်“or four thousand kyats, whichever is greater”ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။”

(ခ) “ပုဒ်မခွဲ(၃) တွင်ပါရှိသည့်“not exceeding one thousand kyats”ဆိုသည့် စကားရပ်ကို“not exceeding five hundred thousand kyats”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။”

၆။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ၉၊ပုဒ်မခွဲ(၂)၊ပုဒ်မခွဲငယ်(ဈ) တွင်ပါရှိသည့်“who have entered a land customs area from foreign territory, and”ဆိုသည့် စကားရပ်ကို“who have entered, by any means, into the land customs area from foreign territory, and”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။”

၇။ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ၉ ၏ နောက်တွင် ပုဒ်မ၁၀ ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"Rules to be notified""10 in the implemention of the provisions contained in this Law:

(a) The Ministry of Finance may, with the approval of the Union Government, issue the necessary rules and regulations;

(b) The Ministry of Finance and the Customs Department may issue the necessary procedures, notification, orders and directives.

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။

ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

ယမန်နေ့မှအဆက်

၂၅။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ၁၉၅ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"Power to take samples of goods" "(1) The Competent Customs Official may, on the entry or clearance of any goods or at any time while such goods are being taken out or while necessary functions are being carried out by the custom-house, take samples of such goods for as certaining the value thereof on which duties are payable or for any other necessary purpose. Every such sample may be restored to him either selling or giving it originally according with his consent.

(2) The articles intended for home consumption as food or goods which consist of drugs are entitledto take samples in order to inspect under this sub-section. In making laboratory test on such sample goods, the value of sample goods and all expenses shall be borne by the owner."

၂၆။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၀တွင် ပါရှိသော "not exceeding ten kyats"ဆိုသည့် စကားရပ်ကို"the amount of money prescribed by the Director-General of Customs from time to time"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၂၇။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၁တွင်ပါရှိသော "one kyat"ဆိုသည့် စကားရပ်ကို"the amount of money prescribed by the Director-General of Customs from time to time"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၂၈။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၂ ၏ ဒုတိယအပိုဒ်တွင် ပါရှိသည့် "not exceeding five thousand kyats" ဆိုသည့်စကားရပ်ကို "the amount of money prescribed by the Director-General of Customs from time to time"ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၂၉။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ကိုအောက်ပါ အတိုင်းအစားထိုးရမည် -

"Rules to be notified" "20 4 in the implemention of the provisions contained in this Law:

(a) The Ministry of Finance shall, with the approval of the Union Government, issue the necessary rules and regulations;

(b) The Ministry of Finance and the Customs Department may issue the necessary procedures, notification, orders and directives.

(c) All such rules for the time being in force shall be collected, arranged and published at intervals not exceeding two years, and shall be sold to the public at a reasonable price."

၃၀။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၆၏ ဒုတိယအပိုဒ်တွင်ပါရှိသော“exceeding two hundred and fifty kyats” ဆိုသည့် စကားရပ်ကို“the amount of money prescribed by the Director-General of Customs from time to time”ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၃၁။ ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၇၏နောက်တွင် ပုဒ်မ ၂၀၈နှင့်ပုဒ်မ ၂၀၉ တို့ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည်-

"Transit Trade" "208 the provisions of this Law shall be applicable to the matters relating to transit trade on importation and exportation of goods."

"Electronic Customs or Single Window "209 the provisions of this Law shall be applicable to the matters relating to implementation of electronic Customs (e-Customs)or SingleWindow of importation and exportation of goods."

ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။





မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်း(၁/၂၀၁၅)ဆင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်သော အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး (၂) ဒေါ်အမာနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ သင်တန်းဆင်းသင်တန်းသူများ တက်ရောက်ခဲ့ကြပြီး ထူးချွန်ဆုရရှိသည့် သင်တန်းသူသုံးဦးအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

သင်တန်းကာလတွင် သင်တန်းသူများချုပ်လုပ်ထားသည့် အဝတ်အထည် အမျိုးမျိုးကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ရဲလှကျေးရွာ လက်တူးတွင်းကျယ် ရေပေးဝေရေးဖွင့်လှစ်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၁

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲလှကုန်းကျေးရွာတွင် လက်တူးတွင်းကျယ်ရေပေးရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်က လက်တူးတွင်းကျယ် ရေပေးရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားကာ ရဲလှကုန်းကျေးရွာအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌဦးချစ်ဆန်းက ဒေသခံများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် ရဲလှကုန်းကျေးရွာ လက်တူးတွင်းကျယ်ရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲဆိုင်းဘုတ်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး မြို့နယ်ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်တို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ လက်တူးတွင်းကျယ်ရေပေးရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် Golden House ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။

နေလင်း(ညောင်လေးပင်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြ

မြင်းခြံ ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်သည် နွေရာသီတွင် အလွန်ပူပြင်းသော ဒေသဖြစ်၍ ယခုအခါ နွေဦးရာသီရောက်ရှိတော့မည်ဖြစ်သောကြောင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ၊ မီးလောင်မှုဖြစ်ပွားပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရန် ကြိုတင်လေ့ကျင့်သရုပ်ပြပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

စင်ယော်စက်သုံးဆီအရောင်းဆိုင်တွင် ခရိုင်မီးသတ်ဦးစီးမှူး ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှ မန်နေဂျာနှင့် ဝန်ထမ်းများပူးပေါင်း၍ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ စင်ယော် စက်သုံးဆီအရောင်းဆိုင်မှ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ဆီမီးလောင်မှုဖြစ်ပွားလျှင် အသုံးပြုနိုင်သော အမြှုပ်ဆေးရည်တို့ဖြင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြသည်။

ထို့ပြင် ဆေးဆိုးပန်းရိုက်စက်ရုံ (မြင်းခြံ)တွင်လည်း ခရိုင်မီးသတ်ဦးစီးမှူး၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ သံမဏိစက်ရုံမှ အပေါ့စား မီးသတ်စက်နှစ်လုံးတို့ဖြင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့သည်။

အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက ဆက်သွယ်အကူအညီတောင်းခံနိုင်ရန် ဖုန်းနံပါတ်များကိုလည်း လူအများသိရှိနိုင်သော နေရာများတွင် ရိုက်နှိပ်ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါ လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ မန်နေဂျာနှင့် ဝန်ထမ်းများ ကြည့်ရှုခဲ့ကြသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မွန်ပြည်နယ် ကွန်ပျူတာပညာရှင်များအသင်းမှ e.village, e.society and e.libray နည်းပညာ အသိပညာပေးရှင်းလင်း

ကျိုက်ထို ဖေဖော်ဝါရီ ၁၁

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မွန်ပြည်နယ်ကွန်ပျူတာပညာရှင်များအသင်းမှ e. government အထောက်အကူပြု e.village .e .society and e.library နည်းပညာဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျိုက်ထိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မွန်ပြည်နယ်ကွန်ပျူတာပညာရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးပြည့်ထူးကျော်က e .village နှင့် e .society နည်းပညာအသုံးပြုမှုကိုလည်းကောင်း၊ ဥက္ကဋ္ဌ ဦးသိန်းဇော်က e.library နည်းပညာအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ e.government အထောက်အကူပြု e.village .e .society and e.library နည်းပညာဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

ဝင်းမောင်(ပြန်/ဆက်)



အမေရိကန်ပြည်ထောင်စုမှ ပေးအပ်သော မဟာဘွဲ့နှင့် ပါရဂူဘွဲ့တက်ရောက်လိုသူ မြန်မာကျောင်းသားများအတွက် ဖူးဘရိုက် ပညာသင်ဆု

အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များတွင် မဟာဘွဲ့၊ ပါရဂူဘွဲ့များ ရယူနိုင်ရန် အမေရိကန်အစိုးရက ဖူးဘရိုက် ပညာသင်ဆုကို မြန်မာကျောင်းသားများအတွက် ပေးအပ်နေပြီဖြစ် ၂၀၁၇ ပညာသင်နှစ်အတွက် လျှောက်လွှာများကို လျှောက်ထားနိုင်ပြီဖြစ်သည်။ နောက်ဆုံးလျှောက်ထားရမည့် ရက်စွဲကို ယေဘုယျအားဖြင့် ၂၀၁၅ ဖေဖော်ဝါရီမှ အောက်တိုဘာကြား လျှောက်ထားနိုင်သည်ဟု ဖော်ပြထားပြီး အပြောင်းအလဲရှိနိုင်သည်။

သို့သော် မြန်မာနိုင်ငံသာမက နိုင်ငံပေါင်း ၁၅၅ နိုင်ငံမှ လျှောက်ထားနိုင်ပြီး နှစ်စဉ် နိုင်ငံတကာကျောင်းသားပေါင်း ၄၀၀၀ နီးပါးကို ဖူးဘရိုက်ပညာသင်ဆုများ ချီးမြှင့်ပေးအပ်လျက်ရှိသည်။ ပညာသင်ဆု လျှောက်ထားသူများအနေဖြင့် အနည်းဆုံးဘွဲ့တစ်ခုရရှိထားပြီး ပရော်ဖက်ရှင်နယ်အဖြစ် ဝင်ရောက်လုပ်ကိုင်ဖူးသူဖြစ်ရမည်။

အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် အနည်းဆုံး တစ်နှစ်နှင့် တစ်နှစ်အထက် သွားရောက်လေ့လာသင်ကြား၍ သုတေသနပါ အဆိုပါနိုင်ငံတွင် ပြုလုပ်ကြရမည်ဖြစ်သည်။ မည်သည့် နယ်ပယ်အတွက်မဆို လျှောက်ထားနိုင်ပြီး ယေဘုယျအားဖြင့် ကျူရှင်စရိတ်၊ ကျောင်းလခ၊ နေထိုင်မှုစရိတ်၊ ကျန်းမာရေး၊ စာအုပ်ဖိုးနှင့် အခြားလိုအပ်သည့် အသုံးအဆောင်များ စရိတ်များ၊ ခရီးသွားစရိတ်၊ အာမခံစရိတ်စသည့် စရိတ်များအားလုံးကိုပါ အမေရိကန်အစိုးရက ကျခံပေးသွားမည် ဖြစ်သည်။

ရန်ကုန်ရှိ အမေရိကန်သံရုံးက မြန်မာကျောင်းသားများကို တရားဝင်လျှောက်ထားနိုင်ကြောင်း ကြေညာပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် မဟာဘွဲ့တက်ရောက်လိုသော မြန်မာကျောင်းသားများအနေဖြင့် ပွင့်လင်းသော ယှဉ်ပြိုင်မှုစနစ်ဖြင့် ခေါင်းဆောင်နိုင်မှု၊ ပညာရည်ပြည့်ဝမှု၊ ရင့်ကျက်မှု၊ အမေရိကန်လူနေမှုဘဝကို အသားကျအောင် ထိန်းကျောင်းနိုင်မှုတို့ကို အခြေခံကာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ အနည်းဆုံးဘွဲ့တစ်ခုရရှိထားသူဖြစ်ရမည်။ ပညာရည်နောက်ခံအခြေအနေ ကောင်းမွန်ပြီး ယခင်ကလည်း ကောင်းမွန်သည့် ပညာရည် မှတ်တမ်းရှိရမည်။ အင်္ဂလိပ်စာအရည်အချင်းအတွက် အနည်းဆုံး TOFEL ရမှတ် ၅၇၅ သို့ IELTS ၆ ဒသမ ၅ ရရှိရမည်။

လေ့လာသင်ယူချင်သည့် ဘာသာရပ်တွင် ပရော်ဖက်ရှင်နယ်အတွေ့အကြုံသာမက ဘွဲ့တစ်ခုရရှိထားသူဖြစ်ရမည်။ အမေရိကန် ပြည်ထောင်စုသို့ ခရီးသွားရောက်ဖူးခြင်း (သို့) ပညာသင်ဖူးသူမဖြစ်စေရ။ အမေရိကန်တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ(သို့) သွားရောက်ပညာသင်ကြားရန် ကျောင်းအပ်ဖူးသူ မဖြစ်စေရပါ။

အရေးကြီးဆုံး အချက်မှာ J-visa လိုအပ်ချက်အရ ပညာသင်ကြားပြီးနောက် မိခင်နိုင်ငံတွင် အနည်းဆုံး နှစ်နှစ်ခန့် ပြန်လည်တာဝန်ထမ်းဆောင်ရမည်။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ယဉ်ကျေးမှုရေးရာရုံးအဖွဲ့ခွဲ ဖုန်း၀၁-၅၃၆၅၀၉၊ ၀၁-၅၀၅၁၁၃ Ext ၄၃၆၉နှင့် အီးမေးလ်လိပ်စာ Rangoon USECA @ state.gov တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး facebook လိပ်စာမှာ http//www.facebook.com/usebassy. rangoon ဖြစ်သည်။

မေလွဲသင်း

ဘီလျံနာ သူဌေးကြီးများကို အများဆုံး မွေးထုတ်ပေးခဲ့သော အမေရိကန်ပြည်ထောင်စု ပန်ဆယ်လ်ဗဲလ်နီးယား တက္ကသိုလ်

အမေရိကန်ပြည်ထောင်စု ပန်ဆယ်လ်ဗဲလ်နီးယားပြည်နယ် ဖီလီဒယ်လ်ဖီးယားတွင် တည်ရှိသော ပန်ဆယ်လ်ဗဲလ်နီးယား တက္ကသိုလ်သည် ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်များအနက် ဘီလျံနာသူဌေးကြီးများကို အများဆုံး မွေးထုတ်ပေးနိုင်ခဲ့သော တက္ကသိုလ်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြခဲ့သည်။

ယင်းတက္ကသိုလ်နောက်တွင် ဟားဗက်တက္ကသိုလ်၊ ရေးလ်တက္ကသိုလ်၊ တောင်ပိုင်းကယ်လီဖိုးနီးယားတက္ကသိုလ်၊ ပရင့်စ်တွန်တက္ကသိုလ်၊ ကော်နယ်တက္ကသိုလ်နှင့် စတန်းဖို့ဒ်တက္ကသိုလ်တို့ အသီးသီး တည်ရှိခဲ့သည်။

အိန္ဒိယ၏ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ယင်းနိုင်ငံရှိ မစ်ဘီတက္ကသိုလ်သည် ကမ္ဘာ့ဘီလျံနာများ မွေးထုတ်ပေးနိုင်သော တက္ကသိုလ်များစာရင်းတွင် နဝမနေရာ ရရှိခဲ့သည်။ ပန်ဆယ်လ်ဗဲလ်နီးယားတက္ကသိုလ်သည် ပုဂ္ဂလိကပိုင် တက္ကသိုလ်တစ်ခုဖြစ်ပြီး ဘန်ဂျမင် ဖရန်ကလင်က စတင်တည်ထောင်ခဲ့သည်။

အမေရိကန်တက္ကသိုလ်များတွင် တက်ရောက်နေသော ဘီလျံနာများအနက် ၃၉ ရာခိုင်နှုန်းမှာ နိုင်ငံခြားတိုင်းပြည်များမှ ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ခင်ခင်သက်

နယ်သာလန် စီးပွားရေးကျောင်း၏ ပညာသင်ဆုများ မြန်မာကျောင်းသားများ လျှောက်ထားနိုင်



နယ်သာလန်နိုင်ငံ စီးပွားရေးသင်တန်းကျောင်း (Business School Netherlands) တွင် စီးပွားရေးမဟာဘွဲ့ (MBA Degree) တက်ရောက်လိုသူကျောင်းသားများအတွက် The International MBA Prgramme ဖြင့် ပညာသင်ဆု ပေးအပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ စိတ်ဝင်စားသူ ကျောင်းသားများလည်း လျှောက်ထားနိုင်သည်။

ယင်းအစီအစဉ်သည် ၂၄ လကြာ အစီအစဉ်ဖြစ်ပြီး နှစ်စဉ် ဖေဖော်ဝါရီလနှင့် စက်တင်ဘာလများတွင် လျှောက်လွှာများ ခေါ်ယူပေးနေသည်။ ၂၀၁၅ ခုနှစ်အတွက် ပညာသင်ဆု လျှောက်လွှာများကို မတ် ၃၀ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ပြီး စက်တင်ဘာလတွင် စတင်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

စီးပွားရေး မဟာဘွဲ့တက်ရောက်ခွင့်ရရှိသော ကျောင်းသားများသည် ကျူရှင်စရိတ်၊ လေယာဉ်စရိတ်၊ စားစရိတ်နှင့် စာအုပ်စာတမ်းကြေးများပါ ရရှိမည်ဖြစ်သည်။

ခင်ခင်သက်

သင့်ကြောင့် မီးမလောင်ပါစေနှင့်



မိတ္ထီလာမြို့နယ်ကန်သာကျေးရွာအုပ်စုတွင် ကြက်သွန် ဧက ၇၀၀ ကျော် ရေသွင်းစိုက်ပျိုးအောင်မြင်လျက်ရှိ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကန်သာကျေးရွာအုပ်စု မင်းရွာ၊ ရိုးကန်၊ ဆပ်ခင်းပေါက်နှင့် အနီးတစ်ဝိုက်ကျေးရွာများတွင် ကြက်သွန် ၇၀၀ ဧကကျော်အား စက်ရေတွင်းမှရေသွင်း၍ စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။

"မင်းရွာ၊ ရိုးကန်၊ ဆပ်ခင်းပေါက်ကျေးရွာများနဲ့ အနီးတစ်ဝိုက်က ကျေးရွာတွေမှာ ကြက်သွန်ကို နှစ်စဉ်အများအပြား စိုက်ပျိုးကြတယ်။ စိုက်ပျိုးရေအတွက် စက်ရေတွင်းတူးပြီး ရေသွင်းစိုက်ပျိုးကြတာဖြစ်ပါတယ်။ အခုလက်ရှိ စိုက်ပျိုးအောင်မြင်နေတဲ့ ကြက်သွန်စိုက်ခင်းတွေကနေ လာမယ့် တပေါင်းလ၊ တန်ခူးလလောက်ဆို သီးနှံတူးဖော်ထွက်ရှိမှာ ဖြစ်ပါတယ်။ ဒီအနီးအနားကျေးရွာတွေမှာ အခြား ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဧရုတ် သီးနှံများထက် ကြက်သွန်ကိုပဲ အားထားပြီး စိုက်ပျိုးကြတယ်။ ဒီနှစ် ကြက်သွန်စိုက်ပျိုးသူ တောင်သူအားလုံးအနေနဲ့ဆိုရင် ၇၀၀ ဧကကျော်လောက်ရှိမယ်" ဟု ဆပ်ခင်းပေါက်ကျေးရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

ယင်းကျေးရွာများအနီးရှိ နွေစပါးစိုက်ပျိုးသည့် လယ်ယာမြေတစ်ချို့လည်း မိတ္ထီလာကန် ရေမှပို့လွှတ်သည့် စိုက်ပျိုးရေ မရရှိသည်မှာ သုံးနှစ်ခန့် ကြာမြင့်ပြီဖြစ်သောကြောင့် နွေစပါးအစားထိုး ကြက်သွန် သီးနှံကို ပြောင်းလဲစိုက်ပျိုးလာကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မကွေးကမ်းနား ရောဝတီမြစ်ကူးတံတားအနီး၌ စုပေါင်းလုပ်အားဒါနပြု

မကွေး ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကမ်းနားလမ်း ဧရာဝတီမြစ်ကူးတံတားအနီးတွင် ချုံနွယ်ပိတ်ပေါင်းများ၊ အမှိုက်သရိုက်များအားရှင်းလင်းသည့် စုပေါင်းလုပ်အားဒါန ပေးလှူပွဲအား ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းလုပ်အားဒါနပေးလှူပွဲတွင် မြို့နယ်စည်ပင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆိုက်ကားအနေးယာဉ်နှင့် ဒေသခံပြည်သူများပါဝင်ကြောင်း သိရသည်။

ယင်းနေရာများတွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်း၊ အမှိုက်သရိုက်များနှင့်အပေါ့အပါးသွားလာသူများကြောင့် အနံ့အသက်ဆိုးများထွက်ရှိကြောင်း၊ နံနက်တိုင်းကျန်းမာရေးလေ့ကျင့်ခန်းလုပ်သူများ၊ လမ်းလျှောက်သူများအတွက် လေကောင်း လေသန့် မရရှိနိုင်ကြောင်း လုပ်အားဒါနပေးလှူပွဲတွင် ပါဝင်သူတစ်ဦးက ပြောသည်။

ထို့ပြင် မြို့သို့ဝင်ရောက်လာသည့် နိုင်ငံခြားသားများ၏ သဘော်သည် ယင်းနေရာတွင်ပင် ဆိုက်ရောက်လေ့ရှိပြီး သန့်ရှင်းမှုမရှိသဖြင့် မြို့နှင့် နိုင်ငံ၏ ဂုဏ်ကျက်သရေ ကျဆင်းနိုင်သည့်အပြင် မီးဘေးအန္တရာယ်နှင့် မြွေပါး၊ ကင်းပါးအန္တရာယ် အတွက်လည်းရှင်းလင်းကာကွယ်ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

သန့်ရှင်းရေးနှင့်ပတ်သက်၍ စစ်မှုထမ်းဟောင်းတစ်ဦးက "ဒီနားဝန်းကျင်မှာနေထိုင်သူတွေဟာ သူဌေးတွေများပါတယ်။ သူတို့မှာ ဝင်ငွေရှိတယ်။ ဒါပေမယ့် အသိမရှိကြဘူး။ ဒါကြောင့် ဒီနေရာမှာ အမှိုက်ပုံကြီး ဖြစ်နေရတာ။ နိုင်ငံတိုးတက်စေချင်ရင် စည်းကမ်းရှိဖို့လိုအပ်တယ်" ဟု ပြောသည်။

"ဒီကမ်းနားလမ်းမကြီးဟာ ၁၃၀၀ ပြည့် အရေးတော်ပုံတုန်းက ရေနံမြေသပိတ်ချီတက်ရာ လမ်းကြောင်းပါ။ တန်ဖိုးထားပြီး သန့်ရှင်းဖို့လိုအပ်တယ်။ စည်ပင်တစ်ခုတည်းအားကိုးနေလို့မရဘူး။ စုပေါင်းအားနဲ့ စည်းကမ်းလိုတယ်။ အခုဆိုကျွန်တော်တို့မြို့ကို နိုင်ငံခြားသားဧည့်သည်တွေဟာ တစ်နှစ်ထက်တစ်နှစ် တိုးတိုးပြီးရောက်လာကြပြီ။ မြို့ဂုဏ်ကိုဆောင်နိုင်ဖို့ လူတိုင်းမှာတာဝန်ရှိတယ်ဗျာ" ဟု မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

လုပ်အားဒါနလှူဒါန်းမှုတွင် စည်ပင်အင်အား ၁၅၀၊ စစ်မှုထမ်းဟောင်းအဖွဲ့ ၁၀၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦး၊ ဆိုက်ကားအနေးယာဉ်လုပ်သား ၅၀ စုစုပေါင်း ၃၁၀ ခန့် လုပ်အားဒါနပေးလှူခဲ့ကြကြောင်း သိရသည်။

ကောင်းသုတ(မင်းဘူး)

စာသင်ကျောင်းများ၌ ကျောင်းသားများအလှစား ကိုင်ဆောင်မှုကြပ်မတ်

မကွေး ဖေဖော်ဝါရီ ၁၁

ကျောင်းသားလူငယ်အများစုတွင် ခလုတ်ဓား၊ အလှဓားများကိုင်ဆောင်နေမှုမှာ ရေပန်းစားနေပြီး မကွေးမြို့ရှိ ကျောင်းများ၌ သုံးလက်မဓားများ၊ ခြောက်လက်မဓားများ အလှကိုင်ဆောင်မှုကို စည်းကမ်း တင်းတင်းကျပ်ကျပ်ဖြင့် ဆရာ၊ ဆရာမများက စစ်ဆေးကြပ်မတ်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဓားကိုင်ဆောင်မှုများကြောင့် ကျောင်းသားများအတွက်မလိုလားအပ်သောပြဿနာများ မဖြစ်ပွားစေရန်အတွက် ဆရာ ဆရာမများက လွယ်အိတ်များ၊ ကျောပိုးအိတ်များအား စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အလှဓားများ၊ မောင်းချဓားများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသားများ၊ တက္ကသိုလ်ကျောင်းသားများနှင့် လူငယ် လူရွယ်များဆောင်ထားတတ်ကြပြီး ခိုက်ရန်ဖြစ်ပွားပါက အသက်အန္တရာယ်ရရှိသည်အထိ ဖြစ်ပွားနိုင်သောကြောင့် ထိုကဲ့သို့ မကွေးမြို့ပေါ်ရှိကျောင်းများတွင် ဆောင်ဓားမကိုင်ရန်၊ အလှဓား မကိုင်ရန် ဆရာ ဆရာမများက ပြင်းပြင်းထန်ထန်ဆောင်ရွက်နေကြောင်း သိရသည်။

"ခလုတ်ဓားတွေကို အသက်(၁၈) နှစ်မပြည့်သေးတဲ့ ကလေးသူငယ်များကို မရောင်းချပေးသင့်ပါဘူး။ ခလုတ်ဓားရောင်းချသူနှင့် ဝယ်ယူသူ စာနာစိတ်ထားကာ ကျောင်းသားအရွယ်နှင့် ကျောင်းသား၊ ကျောင်းသူနဲ့လူငယ်များကို ခလုတ်ဓားများ မရောင်းချပေးသင့်ပါဘူး။ အသက်အန္တရာယ်ရှိပြီး ကြီးမားသောပြဿနာများနဲ့ ကြုံတွေ့နိုင်လို့ မိဘများနဲ့ ခေါ်ယူဆွေးနွေးကာ မောင်းချဓားများ ကျောင်းသို့ မယူဆောင်လာရန်၊ ကျောင်းတွင်ဓားမကိုင်ရန်၊ ကျောင်းသို့ယူဆောင်လာပါက ကျောင်းထုတ်ခံရသည်အထိ ပြစ်ဒဏ်စည်းကမ်းသတ်မှတ်ထားတာကို သိရပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ကျောင်းသား၊ ကျောင်းသူများ၏မိဘများ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ မောင်းချဓား၊ ခလုတ်ဓားများ၊အလှဓားများကိုင်ဆောင်ကြမည်ကို အထူးစိုးရိမ်နေပြီး ကျောင်းသားမိဘများကလည်း ၎င်းတို့၏သားသမီးများအား ထိုသို့မကိုင်ဆောင်ရန် အထူးကြပ်မတ်နေရကြောင်း၎င်းက ဆက်လက်ပြောသည်။

ငြိမ်းလှိုင်(စေတုတ္တရာ)



rJGDufwlfu;DaqifGf

တိုက်ကြီး ဖေဖော်ဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းရှိ ပြည်သူများအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် ဝန်ထမ်းများက မိုးပွင့်(အထူး) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီက တိုက်ကြီးမြို့ မစိုးရိမ်ကျောင်းတိုက်ဓမ္မာရုံ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း မောင်၊ခရိုင်ဦးစီးဌာနမှူးနှင့် မြို့နယ်ဦးစီးဌာနမှူးတို့က နိုင်ငံသား စိစစ်ရေးကတ်ပြား ၃၉၀ ကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ကြသည်။ **သာညွန့်**

ကတ္တရာလမ်းသစ်ဖွင့်

ပြည် ဖေဖော်ဝါရီ ၁၁

(၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော မြို့သစ်(၇)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ပြည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ မြို့သစ်(၇)လမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၂၂၂၀၊ အကျယ် ၁၂ ပေ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျပ် ၃၆၅ ဒသမ ၁၁ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဝ၄၃)**

ညောင်တုန်းမြို့တွင် ခိုင်ရွှေဝါလမ်းအား ကတ္တရာထပ်ပိုးလွှာခင်း

ညောင်တုန်း ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးကော်မတီရန်ပုံငွေဖြင့် ညောင်တုန်းမြို့ အဝင်၊ အထွက် အမှတ်(၉)၊ အမှတ်(၁၀)နှင့် ဝဲဒေါင့်ကျေးရွာများသို့ အဝင်၊အထွက် လမ်းမကြီးဖြစ်သည့် ခိုင်ရွှေဝါလမ်းအား လမ်းဘေးဝဲ/ယာ လမ်းပခုံးတင်ပြီး လမ်းအရှည်ပေ ၂၀၀၀၊ အကျယ် ၁၂ ပေနှင့် ထု ၃ လက်မခင်းခြင်း၊ ကျောက်စရစ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား ဖေဖော်ဝါရီ ၇ ရက်က ဆောင်ရွက်ခဲ့ကြသည်။

"မြို့အဝင်၊အထွက် လမ်းဖြစ်တာနဲ့ အညီ နေ့စဉ် အများပြည်သူနဲ့ ယာဉ်တွေ ဒီလမ်းကို အားထားပြီး သွားလာနေရတယ်။ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနဲ့ မော်တော်ယာဉ်များ ယာဉ်သွား ယာဉ်လာ လွယ်ကူစေရေးနဲ့ ယာဉ်အန္တရာယ်ကင်းရှင်းပြီး သွားလာရေးအဆင်ပြေစေရေးအတွက် ခင်းကျင်းပေးရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းက ပြောသည်။

အဆိုပါ မြို့အဝင်၊အထွက်လမ်းမကြီးအား အဆင့်မြှင့်တင် ကတ္တရာထပ်ပိုးလွှာ ခင်းပေးသည့်အတွက် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ အနေးယာဉ်ဆိုက်ကား၊ စက်ဘီးများနှင့် ဆိုင်ကယ်သွားလာမှု လွယ်ကူခြင်းနှင့် ဝဲဒေါင့်ကျေးရွာ၊ ရွှေဂူကျေးရွာများမှ ကုန်သန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေ ချောမွေ့လာမည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ယခုအခါ မြို့တွင်းလမ်းများ ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပစေရေးအတွက် စက်ယန္တရား၊ ဂဝံ၊ သဲ၊ ကျောက်စရစ်၊ ကတ္တရာများ စုဆောင်းပြီး အောင်ရတနာလမ်း၊ အာဇာနည်လမ်းနှင့် ဗိုလ်ဗထူးလမ်းများအား အဆင့်မြှင့်တင် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နေပြီဖြစ်ကြောင်း တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးချစ်ဦးက ပြောသည်။ **ထွန်းကျော်(ညောင်တုန်း)**

စမုံရွာမကျေးရွာ၌ ပထမအကြိမ် ပညာရည်ချွန်ဆု ပေးအပ်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စမုံရွာမကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း၏ အထမအကြိမ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ကုက္ကိုခွအထကကျောင်း (ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းက အမှာစကားပြောကြားခဲ့ပြီး ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

"ကျွန်တော်တို့ကျေးရွာမှာ ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းကို ဒေသခံပြည်သူတွေရဲ့ ထည့်ဝင်လှူဒါန်းငွေကျပ်ကိုးသိန်းနှင့် ၄၀ ပေ၊ ၃၀ ပေ၊ ၁၂ ပေ သွပ်မိုး၊ ထန်းသားတိုင်၊ ဝါးထရံကာနဲ့ ကျောင်းဆောင် တစ်ဆောင်တည်ဆောက်ထားပါတယ်။ လုပ်အားပေးဆရာမတစ်ဦးကို တစ်လသုံးသောင်းကျပ်နဲ့ ငှားရမ်းပြီး ပညာသင်ကြားရပါတယ်။ အရင်က မိုးတွင်းကာလမှာ ဝါးတောမြောင်ချောင်းဖြတ်ကူးပြီး ကျောင်းသားတွေ ပညာသင်ကြားခဲ့ရတယ်။ အခုတော့ ကျောင်းသား၊ ကျောင်းသူ ၃၀ ကျော်တို့ ကိုယ့်ရွာမှာပဲ အေးချမ်းစွာ ပညာ သင်ကြားနိုင်ပါပြီ" ဟု ကျောင်းအကျိုးတော်ဆောင် ဦးဇော်စိုးက ပြောကြားသည်။

နိုင်ငံတော်က အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်တင်၍ ဆရာ၊ ဆရာမများ ချထားပေးမှသာ ဒေသခံပြည်သူများ အခမဲ့ပညာရေးစနစ်ကို ခံစားနိုင်ပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူတွေရဲ့ အမျှော်လင့်ဆုံး အိပ်မက်ကြီးဖြစ်တဲ့ အခြေခံပညာ မူလတန်းကျောင်း(ခွဲ)ကို နိုင်ငံတော်က အသိအမှတ်ပြု ချထားပေးစေလိုကြောင်း ရွာဦးကျောင်းဆရာတော် ဦးဇောတိကက မိန့်ကြားခဲ့သည်။ **နိုင်ဝင်း**

စစ်ကိုင်း၌ မီးသတ်တပ်ဖွဲ့ဝင်မိသားစုများအတွက် အဆောက်အအုံများ ဆောက်လုပ်လျက်ရှိ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ဘတ်ဂျတ်ငွေဖြင့် စစ်ကိုင်းမြို့တွင် မြို့နယ်မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်လျက်ရှိသည်။

မြို့နယ်မီးသတ်စခန်းကို RC နှစ်ထပ်ဆောက်လုပ်မည်ဖြစ်ပြီး အကျယ်အဝန်းမှာ အလျား ၆၅ လက်မ၊ အနံ ၅၂ လက်မ၊ အမြင့် ၂၅ လက်မဖြစ်၍ ခွင့်ပြုငွေမှာ ကျပ်သန်း ၁၅၀ ဖြစ်ပြီး ဒီဇိုင်းကုမ္ပဏီ(မန္တလေး)မှ ဆောက်လုပ်နေဆဲဖြစ်သည်။

လေးခန်းတွဲ နှစ်ထပ် RC ဝန်ထမ်းအိမ်ရာ၌ အကျယ်အဝန်းမှာ အလျား ၁၀၀ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၂၂ ပေဖြစ်၍ တန်ဖိုးမှာ ကျပ်သန်း ၁၈၀ ဖြစ်ပြီး ဝန်ထမ်းအိမ်ရာနှစ်ခန်းတွဲ တစ်ထပ် RCအကျယ်အဝန်းမှာ အလျား ၅၀ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၁၂ ပေဖြစ်၍ ခွင့်ပြုတန်ဖိုးမှာ ကျပ်သန်း၄၅ ဖြစ်သည်။

လူပျိုဆောင်ကို မိုးပြည့်ထွန်းကုမ္ပဏီကတစ်ထပ် အဆောက်အအုံအဖြစ် အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေဖြစ်၍ တန်ဖိုးမှာ ကျပ် ၄၀ ဒသမ ၂၂၃ သန်းဖြစ်ပြီးနှစ်ခန်းတွဲတစ် ထပ်ဆောင်ကို တော်ဝင်လင်းကုမ္ပဏီကဆောက်လျက်ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူများ၏ အသက်အိုးအိမ်များ၊ စက်ရုံ၊အလုပ်ရုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကာကွယ်ပေးနေသောအဖွဲ့အစည်းဖြစ်ပြီး မီးသတ်မော်တော်ယာဉ်များမပျက်စီးစေရေးအတွက် ထိန်းသိမ်းထားရန်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၏ မိသားစုများနေထိုင်ရေး အတွက်ဆောက်လုပ်ခြင်းဖြစ်သည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

သာသနာရေးဝန်ကြီးဌာန ဇမ္ဗူသီရိဓမ္မပိမာန်တော်ကြီး
ဓမ္မရံသီမိုးကုတ်ဝိပဿနာ (၁၀)ရက် မီးငြိမ်းအထူးတရားစခန်းပွဲနှင့်
မြတ်ပဋ္ဌာန်းဒေသနာဖိတ်ကြားလွှာ

မိုးကုတ်၊ မန္တလေး၊ မုံရွာ၊ မူဆယ်၊ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးများ၏
ဦးစီးပဓာနနာယကချုပ် ပြည်တွင်းပြည်ပ နယ်လှည့်ဓမ္မကထိကအကျော်
နိုင်ငံတော်မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတရေ

ဓမ္မရံသီဆရာတော်ဘဒ္ဒန္တသုနန္ဒအရှင်သူမြတ်

ဓမ္မပူဇာအစီအစဉ်

ကျင်းပမည့်နေ့ရက်	- (၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်မှ တပေါင်းလဆန်း ၄ရက်အထိ) ၁၂-၂-၂၀၁၅ရက်မှ ၂၁-၂-၂၀၁၅ရက်အထိ (၁၀)ရက်တိုင်တိုင်
ကျင်းပမည့်အချိန် (နေ့စဉ်)	- (၁) နံနက် ၈နာရီမှ ၉နာရီအထိ မြတ်ပဋ္ဌာန်းဒေသနာ (ဟောတရား) (၂) နံနက် ၉း၃၀နာရီမှ ၁၀း၃၀နာရီအထိ သီလယူတရားထိုင် (၃) မွန်းလွဲ ၁း၀၀နာရီမှ ၂း၀၀နာရီအထိ မြတ်ပဋ္ဌာန်းဒေသနာ(ဟောတရား) (၄) မွန်းလွဲ ၂း၄၅နာရီမှ ၃း၄၅ နာရီအထိ အလုပ်ပေးတရားထိုင် (၅) ညနေ ၄း၃၀ နာရီမှ ၅း၃၀နာရီအထိ မြတ်ပဋ္ဌာန်းဒေသနာ(ဟောတရား)
မှတ်ချက်	- အထက်ပါတရားစဉ်နှင့်လုပ်ငန်းစဉ်အတိုင်း မိမိတို့အားလပ်သလိုနာယူမှတ်သားပွားများ အားထုတ်နိုင်ပါသည်။
တရားစခန်းပွဲကျင်းပမည့်ဌာန	- သာသနာရေးဝန်ကြီးဌာန ဇမ္ဗူသီရိဓမ္မပိမာန်တော်၊ တံတားလေးလမ်း၀၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်စုံစမ်းရန်	- ၀၉-၇၃၂၃၇၇၀၊ ၀၁-၇၀၇၆၅၂

ကုန်အမှတ်တံဆိပ်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်အနောက်ရွာ၊ မန္တလေး-လားရှိုးလမ်းတွင်နေထိုင်သော ဒေါ်နွယ်ဦးမွန်[၉/မမန(နိုင်)၀၈၂၇၁၄]သည် အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။



ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက် (၁၂)လမ်း၊ အမှတ်(၄၃၆) ဟုခေါ်တွင်သည့် အလျား×အနံ ပေ(၄၀×၆၀) ဧရိယာ(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေဂရန်အမျိုးအစား မြေကွက်မှ ဒေါ်ညွန့်တင်[၁၂/သကတ(နိုင်)၀၂၅၈၃၉] ပိုင် အလျား×အနံ ပေ(၃၀×၆၀)ရှိ ခေါင်းရင်းဘက်အခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂ထပ်တိုက် အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မင်းနှင့်ဇနီး ဒေါ်ကြည်ကြည်မော်တို့မှ ၃၁-၅-၂၀၁၀ ရက်တွင် ဒေါ်ညွန့်တင်နှင့် သားမောင်ဇော်လင်းအောင် (ဒေါ်ညွန့်တင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၇၇၅၀/၀၉ကိုရရှိသူ) တို့ထံမှ “နှစ်ဦးသဘောတူ တိုက်ခြံမြေအပြီးအပိုင် အရောင်းအဝယ်သဘောတူကတိစာချုပ်” ချုပ်ဆို၍ လက်ဝယ်ရရှိပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ဒေါ်ညွန့်တင်နှင့် မိသားစုအားလုံးတို့သည် ၃၁-၅-၂၀၁၀ရက်တွင် ဝယ်ယူသူသို့ရောင်းချခဲ့သည့် ခြံမြေကွက်အား လက်ရောက်ပေးအပ်ပြီးနောက် အဆိုပါနေရပ်မှ ပြောင်းရွှေ့စွန့်ခွာသွားခဲ့ပြီးဖြစ်ပါသည်။ သို့သော်ဒေါ်ညွန့်တင်နှင့်မိသားစုတို့သည် တောင်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတွင် ပုံစံ(၁၀)ပြောင်းရွှေ့ထုတ်ယူခြင်းမပြုဘဲ သန်းခေါင်စာရင်း ဆက်လက်ထားရှိနေကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ညွန့်တင်နှင့် သားမောင်ဇော်လင်းအောင် မိသားစုတို့သည် ၎င်းတို့ပြောင်းရွှေ့စွန့်ခွာသွားသည့် ၃၁-၅-၂၀၁၀ ရက်မှစ၍ အမှတ်(၄၃၆)၊ ဇာနည်အထက် (၁၂)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်နှင့်သက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြင့်မြင့်မော် (LL.B) — **ဦးအောင်ကျော်မြင့် (LL.B)**
(စဉ်-၁၆၁၈၀) — **(စဉ်-၃၅၆၇၇)**
အထက်တန်းရှေ့နေ — **အထက်တန်းရှေ့နေ**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ၃၃ကေဗွီ၊ ၁၁ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းများကို Package တစ်ခုစီခွဲကာ Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းကို မြန်မာကျပ်ငွေ (Kyat)ဖြင့် အပ်နှံလိုပါသည်-

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၁-၂-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၂၇-၂-၂၀၁၅ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၅၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

(a) Tender No. 1/HPGE/15-16 (11/11kV Isolating Transformer များနှင့် 11/0.4kV Transformer ဝယ်ယူခြင်း)
(b) Tender No. 2/HPGE/15-16 (Chiller Compressor များဝယ်ယူခြင်း)
(c) Tender No. 3/HPGE/15-16 (11 kV VCB with Pannel များဝယ်ယူခြင်း)
(d) Tender No. 4/HPGE/15-16 (230, 132,66,33kV L.A များဝယ်ယူခြင်း)
(e) Tender No. 5/HPGE/15-16 (Micom Relay များဝယ်ယူခြင်း)
(f) Tender No. 6/HPGE/15-16 (132,66 kV V,T& C.VT များဝယ်ယူခြင်း)
(h) Tender No. 7/HPGE/15-16 (Power Cable & Control Cable များဝယ်ယူခြင်း)
(i) Tender No. 8/HPGE/15-16 (Bearing & Carbon brush များဝယ်ယူခြင်း)
(j) Tender No. 9/HPGE/15-16 (ပေါင်းလောင်းစက်ရုံ စက်အရန်ပစ္စည်းများဝယ်ယူခြင်း)
(k) Tender No. 10/HPGE/15-16 (ရဲနွယ်စက်ရုံ စက်အရန်ပစ္စည်းများဝယ်ယူခြင်း)
(l) Tender No. 11/HPGE/15-16 (ရဲရွာစက်ရုံ စက်အရန်ပစ္စည်းများဝယ်ယူခြင်း)
(m) Tender No. 12/HPGE/15-16 (ကွန်းချောင်းစက်ရုံ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)
(n) Tender No. 13/HPGE/15-16 (ဖြူးချောင်းစက်ရုံ စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း)

၂။ Tender No-1 မှ 13 အထိ တင်ဒါပိတ်ရက်မှာ ၁၂-၃-၂၀၁၅ရက် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈

အင်းလေးဟိုတယ်ဇုန်တွင် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများ သိရှိစေရန် ကြေညာချက်

၄-၂-၂၀၁၅ ရက်တွင် ပြုလုပ်သော ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီအစည်းအဝေးအမှတ်စဉ်(၂/၂၀၁၅) ဆုံးဖြတ်ချက်နှင့် ၅-၂-၂၀၁၅ ရက်တွင် ပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁-၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မြေကွက်ဝယ်ယူခွင့် မဲပေါက်ထားသူများအား ငွေအပြေအကျေပေးသွင်းရန် အကြိမ်ကြိမ် အကြောင်းကြားခဲ့သော်လည်း ငွေပေးသွင်းရန်ကျန်ရှိနေသည့် လုပ်ငန်းရှင်များ ၆-၃-၂၀၁၅ရက် နောက်ဆုံးထားပြီး ပေးသွင်းသွားရန်။

၂။ မြေကွက်တန်ဖိုး လုံးဝပေးသွင်းခြင်းမရှိသည့် မြေနေရာ (၄)နေရာအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းပြီး ဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထားပြီး ငွေအပြေအကျေပေးသွင်းရန် လုပ်ငန်းရှင်များအားလုံး သိရှိလက်ခံထားပြီးဖြစ်ပါသည်။ ၇-၃-၂၀၁၅ ရက်မှစ၍ ငွေပေးသွင်းရန် ကျန်ရှိသည့် မြေကွက်များအား ဝယ်ယူခွင့်ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြေနေရာချထားရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အင်းလေးဒေသဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
နေပြည်တော်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော်မှ e-Government လုပ်ငန်းများ၊ လုံခြုံမှုရှိရေးအတွက် Cyber Security Products & Solutions ဝယ်ယူနိုင်ရေးအတွက် Traditional Security Deviceများမှ မကာကွယ်နိုင်သည့် Unknown threats / Signature-less တိုက်ခိုက်မှုများကို လုံခြုံစွာကာကွယ်တားဆီးပေးနိုင်သော အောက်ဖော်ပြပါ Security Product & Solution များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ် ပစ္စည်းအမျိုးအမည်
(က) Threat Prevention Platform that combats Web-based Cyber Attacks:
- Intrusion Prevention System Support
- Dynamic Threat intelligence Sharing

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၇-၂-၂၀၁၅ရက် ၁၄:၀၀နာရီတွင် နောက်ဆုံးထား၍ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ တင်ဒါစည်းကမ်းများနှင့်အညီ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၈၉၊ ၀၆၇-၄၀၄၅၁၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/၁၁)၊ မြေကွက်အမှတ်(၆၃)၊ ဧရိယာပေ(၂၅×၄၀)ကေရှိ အစိုးရမြေအား ဒေါ်ကြည်မာလွင်[၁၂/ကတန(နိုင်)၀၀၁၆၃၃]အမည်ဖြင့် မြေငှားစာချုပ်(အထူးဂရန်) ထုတ်ပေးမည် ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်(၁၅၂၉)၊ အမည်ပေါက် ဦးကျင်ပို၏ မြေကွက်ကို လက်ဝယ်ပိုင်ဆိုင်သူ ဦးစိုင်းဇာဏီဌေး[၁၂/တမန(နိုင်)၁၀၆၀၇၆]မှ မြေကွက်စလစ် (မူရင်း)ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
လိုင်စင်အင်ဂျင်နီယာအရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အငယ်တန်းလိုင်စင်အင်ဂျင်နီယာ၊ အကြီးတန်းလိုင်စင်အင်ဂျင်နီယာ၊ အဆောက်အအုံ အင်ဂျင်နီယာ လိုင်စင်လျှောက်ထားသူများအား အရည်အချင်းစိစစ်ပြီး လိုင်စင်ထုတ်ပေးမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ၁။ အစိုးရအသိအမှတ်ပြုသိပ္ပံတစ်ခုခုမှ စက်မှုသိပ္ပံဒီပလိုမာ(မြို့ပြ)A.G.T.I (Civil)လက်မှတ်ရရှိပြီး လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ထက်မနည်းဆောင်ရွက်ခဲ့သူ(သို့မဟုတ်)
၂။ B.Tech ရရှိပြီးပါက လုပ်ငန်းအတွေ့အကြုံ(၁)နှစ်ထက်မနည်းဆောင်ရွက်ခဲ့သူများ အငယ်တန်းလိုင်စင်လျှောက်ထားနိုင်သည်။
(ခ) B.E(Civil),B.Arch နှင့်အလားတူ မြို့ပြနှင့်ဗိသုကာဘွဲ့ရရှိပြီးသူများ အကြီးတန်းအင်ဂျင်နီယာလိုင်စင် လျှောက်ထားနိုင်သည်။
(ဂ) ၁။ အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) ရရှိပြီးသူ။
၂။ အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ အင်ဂျင်နီယာဘွဲ့(မြို့ပြ)ရရှိပြီး အနည်းဆုံးလုပ်ငန်းအတွေ့အကြုံ (၅)နှစ်ထက် မနည်းဆောင်ရွက်ခဲ့သူ
၃။ အကြီးတန်းလိုင်စင်သက်တမ်းတစ်ဆက်တည်း (၅)နှစ်ပြည့်ပြီးသူ။
အထက်ပါအရည်အချင်းများနှင့်အလားတူ မြန်မာနိုင်ငံမှအသိအမှတ်ပြုခြင်းခံရသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ရရှိသူများ အဆောက်အအုံ အင်ဂျင်နီယာလိုင်စင် လျှောက်ထားနိုင်သည်။

၂။ အရည်အချင်းစစ်ဆေးမည့် အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပါမည်။
၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာများ ကိုစာမေးပွဲဝင်ကြေး ၅၀၀၀ိ/-၊ ၁"×၁"လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ ၂၆-၃-၂၀၁၅ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)တွင် လျှောက်ထားပြီး စာမေးပွဲဝင်ကြေးပေးသွင်း၍လည်းကောင်း၊ **www.ycdc.gov.mm** တွင် လျှောက်ထားပြီး စာမေးပွဲဝင်ကြေးပေးသွင်း၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်းဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)၊ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)-ဒေါ်အေးမြင့်(ပင်လယ်ကိုးသွယ်ကုမ္ပဏီ)တို့၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးသန်းအေး အသက်(၆၉)နှစ်သည် ၈-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၁၁း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘိုကလေးလိုင်းဆန်အကျိုးဆောင်အဖွဲ့
ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်းဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)၊ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)-ဒေါ်အေးမြင့်(ပင်လယ်ကိုးသွယ်ကုမ္ပဏီ)တို့၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးသန်းအေး အသက်(၆၉)နှစ်သည် ၈-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၁၁း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဖျာပုံလိုင်းဆန်အကျိုးဆောင်အဖွဲ့
ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)

(၃)နှစ်ပြည့်အလွမ်း
ဦးဖေဖေကျော်
လေယာဉ်မှူးကြီး(ငြိမ်း)
မြန်မာ့လေကြောင်း(U.B.A)

ချစ်ဇနီးနှင့်သားသမီးမြေးမြစ်တွေအပေါ် အနှိုင်းမဲ့ချစ်ခင်ပြုစုစောင့်ရှောက်ခဲ့သော ကျေးဇူးရှင် ချစ်ဖေဖေကြီးသည် ၁၂-၂-၂၀၁၂ရက်တွင် အလွန်ချစ်ခင်သော မိသားစုကို သင်္ခါရသဘောအရ ခွဲခွာခဲ့သော်လည်း တစ်နေ့မှ မေ့မရဘဲ ချစ်ဖေဖေကြီးအား ရည်စူး၍ ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာကုသိုလ်တို့ကို နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့ပါသည်။ ဖြစ်လေရာဘဝမှ ချစ်ဖေဖေကြီး ဤကောင်းမှု ကုသိုလ်တို့ကို သိပါစေ၊ ကြားပါစေ၊ ရပါစေသတည်း။

ချစ်ကိုလတ်ရေ အမျှ အမျှ အမျှ
ချစ်ဖေဖေကြီးရေ အမျှ အမျှ အမျှ

ချစ်ဇနီး-ဖြူလေး(ဒေါ်ဖြူဖြူရှိန်)
ကိုကြီး၊ မကြီး၊ မေခလာ-ရန်ကျော်၊ အောင်ဇေယျ၊ ခင်ဥမ္မာ၊ ရတနာနှင့် မြေး၊ မြစ်များ

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်းဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)၊ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)-ဒေါ်အေးမြင့်(ပင်လယ်ကိုးသွယ်ကုမ္ပဏီ)တို့၏ဖခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးသန်းအေး အသက်(၆၉)နှစ်သည် ၈-၂-၂၀၁၅ရက် (တနင်္ဂနွေနေ့) ၁၁း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေးဒရဲလိုင်းဆန်အကျိုးဆောင်အဖွဲ့
ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/တပင်ရွှေထီး၊ မြေကွက်အမှတ်(၃၃၇/က)၊ မြေကွက်တည်နေရာအမှတ်-၃၃၇/က၊ ဗိုလ်တေဇ (၆)လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ် (ဦးစိုးလွင်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးလွင်ထံမှ ၁၅-၂-၁၉၉၄ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ တပ်ကြပ်ကြီး ထွန်းမြိုင်မှလည်းကောင်း၊ တပ်ကြပ်ကြီးထွန်းမြိုင်ထံမှ ၈-၆-၂၀၀၇ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်အရ ဒေါ်ယင်းမာမှလည်းကောင်း၊ ဒေါ်ယင်းမာထံမှ ၁၀-၁၂-၂၀၀၇ရက်စွဲပါ အရပ်ကတိ အရောင်း အဝယ်စာချုပ်အရ ဒေါ်ခင်ဝင်း[၇/ညလပ(နိုင်)၀၇၅၉၇၄]မှလည်းကောင်း အဆင့်ဆင့်ဝယ်ယူထားသည့် စာချုပ်အဆက်အစပ်များနှင့် မြေချပါမစ်မူရင်းပျောက်ဆုံးကြောင်း ၁၂-၁၁-၂၀၁၄ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံစာတို့ကို တင်ပြ၍ ဒေါ်ခင်ဝင်း[၇/ညလပ(နိုင်)၀၇၅၉၇၄]မှ ဂရန်သစ်လျှောက်ထားရာ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်-၉၆၄ဒ၊ မြေကွက်တည်နေရာအမှတ်-၉၆၄ဒ၊ (၅)ရပ်ကွက်၊ ဣန္ဒာ(၁၂)လမ်း၊ ဒေါ်သိန်းချစ်[၁၂/ဥကမ(နိုင်)၁၃၃၅၄၃]အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဖခင် ဦးကျော်မောင်၊ မိခင် ဒေါ်သိန်းချစ် ကွယ်လွန်သဖြင့် ဦးတင်ထွန်း[၁၂/ဥကမ(နိုင်)၁၂၃၇၈၉]၊ ဒေါ်ခင်ကြိုင်[၁၂/ဥကမ(နိုင်)၁၂၉၈၇၈]၊ ဒေါ်အေးအေးမာ[၁၂/ဥကမ(နိုင်)၁၄၀၀၁၈]၊ ဒေါ်လှလှသန်း[၁၂/ဥကမ(နိုင်)၁၃၃၇၀၀]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၆၉၉/၁၄ ဖြင့်ရရှိသူ ဦးမျိုးမင်း[၆/မကန(နိုင်)၀၂၀၂၄၁]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးသန်းလှိုင် (၆၂)နှစ်

ရန်ကုန်မြို့နေ(ဦးအုန်းလှိုင်-ဒေါ်ကျင်)၊ (ဦးညီကလေး-ဒေါ်နုနုရင်) တို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁) ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၃၈၂) နေ ဒေါ်ထားထားကလေး၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဟိန်းသိုက်အောင်(ငြိမ်း၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)-ဒေါ်လွင်စန္ဒီကျော်၊ ဗိုလ်ကြီးသော်ဇင်အောင်(ငြိမ်း) TZA ကုမ္ပဏီလီမိတက်၊ (မစုမွန်ပြည့်)၊ မသစ်သစ်ထွန်း (အထက်တန်းရှေ့နေ) တို့၏ ချစ်လှစွာသော ဖခင်၊ မောင်လင်းသူရိန်အောင် (Grade-IV အထက-၁ဒဂုံ)တို့၏ ချစ်လှစွာသော အဘိုးသည် ၁၁-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) ည ၈း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ (ဦးကံလှအောင်)၊ ဒေါ်အေးသာတို့၏သား၊ (ဦးခင်စိုး)-ဒေါ်တင်နုတို့၏သားသမက်၊ ဒေါ်သင်းသင်းဆွေ(ညွှန်ကြားရေးမှူး)၊ ပဲခူးတိုင်းဒေသကြီး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မြင့်အောင်၊ ဦးကံမြင့်အောင်၊ ဦးမိုးကျော် (ဦးမိုးဟိန်း)တို့၏ညီ/မောင်၊ ဦးကျော်ကျော်ဝင်း၊ ဦးသောင်းမြင့်အောင်၊ ဦးထွန်းမြင့်အောင်၊ ဦးမျိုးမြင့်အောင်တို့၏အစ်ကို၊ တူ/တူမ ၁၂ယောက်တို့၏ဦးလေး ဦးလှမြင့်အောင်(အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်)သည် ၁၁-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်
ဝန်ကြီးရုံးမိသားစု၊ ဘဏ္ဍာရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းအေး (၆၉)နှစ်

ဦးအောင်သန်းဦး (ဥပဒေပြုရေးရာကော်မတီဝင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်အေးမြင့် (ပင်လယ်ကိုးသွယ်ကုမ္ပဏီ)တို့၏ ဖခင်ဖြစ်သူ ဦးသန်းအေးသည် ၈-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅၈)၊ ရွှေဟသ်ာလမ်း၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်းနေ ဒေါ်ခင်ခင်ညွှန့် (လ/ထတိုင်းပညာရေးမှူး၊ စစ်ဆေးရေး၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဇေယျကျော်ထင် ဗိုလ်မှူးကြီးထွန်းအောင်၊ တပ်မတော် (လေ၊ ငြိမ်း) ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနမှ အထွေထွေမန်နေဂျာ ဦးလှမြင့်အောင် အသက်(၅၇)နှစ်သည် ၁၁-၂-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ဘဏ်ခွဲ(၃) ရန်ကုန်မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မန်နေဂျာ ဦးဝင်းမောင်နှင့်ဝန်ထမ်းများ
ဘဏ်ခွဲ(၃) မြန်မာ့စီးပွားရေးဘဏ်

ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့စီးပွားရေးဘဏ်၊ချေးငွေစိစစ်ကြီးကြပ်ကွပ်ကဲရေးဌာနမှ အထွေထွေမန်နေဂျာဦးလှမြင့်အောင် အသက်(၅၇)နှစ်သည် ၁၁-၂-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်နယ်မန်နေဂျာနှင့် ဝန်ထမ်းများ
မွန်ပြည်နယ်
မြန်မာ့စီးပွားရေးဘဏ်

ဦးကောင်းဗိုလ်
အသက်(၇၀)
မိုးကုတ်ယောဂီ
(မုံတိုင်ပင်-ရေဦး)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုံတိုင်ပင်ကျေးရွာနေ (ဦးဘိုးအောင်-ဒေါ်ရွှေမေ)တို့၏ သားထွေး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း၊ သုခလမ်း၊ ခြံအမှတ် (၇၄/၇၅)နေ ဒေါ်ကြင်ကြင်အေး၏ခင်ပွန်း၊ ဦးအောင်မျိုးညွှန့်-ဒေါ်အေးသိန်း၊ (ဒု-ဗိုလ် အောင်မျိုးထွန်း)၊ ဒေါက်တာဒေါ်ရွှေဝါအေး (မျက်စိအထူးကုဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့)၊ ဒေါ်စန္ဒာအေးကောင်း(အင်ဂျင်နီယာဌာန၊အဆောက်အအုံ၊ Y.C.D.C)၊ ဒေါ်ထွေးထွေးအေးကောင်းတို့၏ဖခင်၊ မောင်ထွန်းတေဇာ၊ မသီရိရတနာ (Grade-9, TTC) တို့၏ အဘိုးသည် ၁၀-၂-၂၀၁၅ (အင်္ဂါနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၂)၊ ခန္ဓာဗေဒဌာနသို့ ပို့ဆောင်လှူဒါန်းပြီးစီးပါကြောင်း။ [၁၄-၂-၂၀၁၅ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစိုးတင့် (၇၈)နှစ်
[အငြိမ်းစား၊ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ၊ ပန်းတနော်)

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နေ (ဦးစစ်ကူး-ဒေါ်ကျင်မေ)တို့၏ သားလတ်၊ ဒေးဒရဲမြို့နေ (ဦးထွန်း-ဒေါ်တင့်)တို့၏ သားသမက်၊ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားဖရီးမောက်နေ ဦးကျင်စိန်(စံပြ)-ဒေါ်ကျင်တီတို့၏မောင်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် ကျောက်ချဉ်ကန်လမ်း၊ အမှတ်(၃၂၈)နေ ဒေါ်လှတီ၏ခင်ပွန်း၊ မောင်မင်းနိုင် (EURO Marketing Malaysia)-မစန္ဒာစိုး၊ မောင်အောင်သူ(ပြည့်စုံသံလွင် Construction Co., Ltd.)-မသူဇာကျော်(မှော်ဘီနည်းပညာတက္ကသိုလ်)၊ မောင်ဝင်းဇော် (Shwemi Plastics Factory)-မကေသွယ်စိုး၊ မောင်မင်းသစ္စာ (Computer Graphic Designer)-မခင်မေစိုး၊ ဒေါက်တာရီရီစိုး(ကထိက၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ စက်နည်းပညာဌာန)တို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဦးစိုးတင့်(အငြိမ်းစား၊ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ) သည် ၁၁-၂-၂၀၁၅ရက် နံနက် ၆း၄၃ နာရီတွင် အင်းစိန်မြို့နယ် Kwe Ka Baw Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အသုဘ

မိုးကုတ်မြို့နယ်အသင်း
ဒေါ်စက်ညွှန့်
အသက် (၁၀၀)
(ကျပ်ပြင်ဈေးရပ်၊မိုးကုတ်မြို့)

ရန်ကုန်မြို့ အမှတ်(၇၇၂/င)၊ အခန်း(၁၁)၊ ဗိုလ်တေဇလမ်း၊ အင်းစိန်မြို့နယ်နေ ဦးသန်းဝင်း-ဒေါ်မေသန်းတင်တို့၏ မိခင်သည် ၁၁-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားပါ၍ ၁၃-၂-၂၀၁၅ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်လှိုင် (၉၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ မိချောင်းအိုင်ကျေးရွာနေ (ဦးထွေး-ဒေါ်စိန်ခင်)တို့၏ သမီးလတ်၊ ရန်ကုန်မြို့၊ အမှတ်(၂၄၇)၊ မြေညီ(ဝဲ)၊ (၃၇)လမ်း(အထက်လမ်း)၊ ကျောက်တံတားမြို့နယ်နေ (ဦးချန်ဟုတ်)၏ဇနီး၊ ဒေါ်မေရီသက် (ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းကြီး)၊ ဒေါ်တင်တင်ဦး (ခေတ္တ-U.S.A)-(ဦးမြင့်သန်း)၊ ဦးချစ်သန်း-ဒေါ်ရင်ဆွေ၊ ဦးချစ်သိန်း-ဒေါ်ခင်ရွှေ ဒေါ်လှလှသွယ်၊ ဦးချစ်သောင်း-ဒေါ်မြင့်မြင့်ချို၊ ဒေါက်တာချစ်ဆွေ (အေးကမ္ဘာဒေါက်တာချစ်)- ဒေါ်ယုယုနွယ်၊ ဦးချစ်ငွေ-ဒေါ်အေးအေးမာ၊ ဦးချစ်ညီ(ခေတ္တ- USA)-GUO YING တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၅ ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ကျင်လှိုင်သည် ၁၀-၂-၂၀၁၅(အင်္ဂါနေ့) ည ၇း၁၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၅(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသောင်းတင်(ခ)ဦးသောင်း
အသက်(၇၉)နှစ်
(ပွဲန်တန်ဆာ)

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့၊ မင်းလမ်းနေ (ဆရာကြီး ဦးမောင်မောင်-ဒေါ်အုန်းမေ)တို့၏ သား၊ (ဦးခင်မောင်ကြီး-ဒေါ်ကျင်)၊ (ဆရာကြီးဦးလှမောင်)-ဒေါ်အေးမြင့်၊ [ဦးအေးမောင်(ခ) ဦးပါ-ဒေါ်တင်ပု၊ [ဦးတင်မောင်(ခ) ဦးသံချောင်း-ဒေါ်ကြည်၊ [ဒု-ဗိုလ်မှူးကြီး ဦးခင်မောင်ညွှန့်(ငြိမ်း)]-ဒေါ်ခင်စိုးရည် (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၄၊ တာမွေ)၊ ဦးကျော်စိန်(ဆမ-ငြိမ်း)-ဒေါ်အေးခင်တို့၏ ညီ/မောင်သည် ၁၀-၂-၂၀၁၅(အင်္ဂါနေ့) နံနက် ၉း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၅ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [တိုက် (၂၅၇/၆)၊ ရန်ကင်း နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၅(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ထိပ်တင်ညွှန့်
SYLVIAN GYWE
အသက် (၇၆)နှစ်

[ဦးစိုးကြွယ်-မြင်ကွန်းထိပ်ခေါင်တင်မလေး]တို့၏ ဒုတိယသမီး၊ (မြင်ကွန်းထိပ်ခေါင်တင်မကြီး)၏တူမ၊ (ဒေါ်ထိပ်တင်သီ)၏ညီမ၊ ဒေါက်တာထိပ်တင်လှ (USA)၊ ဦးကျော်ဟိန်း-ဒေါ်ထိပ်တင်အေး(USA)၊ ဦးထိပ်တင်လွင်-ဒေါက်တာတိုးနန္ဒာတင်၊ ဦးထိပ်တင်မြင့်-ဒေါ်ခင်ဆွေဦး(UK)တို့၏အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏ ကြီးတော်သည် ၁၀-၂-၂၀၁၅ရက် နံနက် ၁၀း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [၁၆-၂-၂၀၁၅ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အမှတ် (၅၅၄)၊ မမဦးလမ်းနှင့် ဗဟိုလမ်းထောင့်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမျိုးညွှန့်(ကပရ-ငြိမ်း) (၇၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥ (၂)လမ်း၊ အမှတ်(၉၃၃)နေ (ဦးမောင်ဆိုင်-ဒေါ်ဝိုင်း)တို့၏သား၊ (ဦးငွေလုံး-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ (ဦးပါ)၊ (ဦးလှမောင်-ဒေါ်ကျင်လှိုင်)တို့၏ ညီ/မောင်၊ ဦးအေးရွှေ(ကပရ)-ဒေါ်စန်းစန်းလှ၊ ဦးငွေဝင်း(ဗဟိုဘဏ်)-ဒေါ်နွဲ့နွဲ့ငွေတို့၏ ဦးလေး၊ ဦးသန်းဇော်ဦး-ဒေါ်လှလှမျိုး(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဒေါ်ယဉ်ယဉ်မျိုး၊ ဦးစည်သူမျိုး(ခ)ဦးဇေယျာ(ညွှန်ကြားရေးမှူး-အသံလွှင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-ဒေါ်သီတာဝင်း၊ ဒေါ်သန္တာမျိုး (STLM Co., Ltd)၊ ဦးတင်အောင်မျိုး (FMI Garden Development Ltd.)တို့၏ မွေးသဖခင်၊ မခင်မျိုးထက်ကျော်၊ မသန့်သုတအောင်၊ မောင်ဇေလင်းကျော်တို့၏ချစ်လှစွာသောအဘိုး၊ ဒေါ်အုန်းမြိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၁၁-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅(သောကြာနေ့) ညနေ ၅း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၂-၂၀၁၅ရက် နံက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမောင်မောင်(ခ)ဦးခူသန်းဘန် (၆၈)နှစ်

ယခင်လားရှိုးမြို့၊ ရပ်ကွက်(၃)၊ သုခလမ်းနှင့် ကြာနီလမ်းထောင့်နေ [ဦးခူကုတ်ဟန်-ဒေါ်ကြုံရွှေဟွာ (ရွှေဘုံသာရေခဲစက်)]တို့၏သားကြီး၊ လားရှိုးမြို့၊ ရပ်ကွက်(၇)နေ (ဦးခွန်အိုက်)-ဒေါ်ဂျာဒွဲတို့၏ သားသမက်၊ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်နေ ဒေါ်ခင်နှင်းရီ-ဦးကျော်အေး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ခင်စန်းရီ-ဦးကျော်ရင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးမျိုးမြင့်မောင်(CEO,New WaveWood-based Manufacturing Co., Ltd)နှင့် ဒေါက်တာသိင်္ဂီမောင် (လက်ထောက်ဆရာဝန်၊ လပွတ္တာပြည်သူ့ဆေးရုံ)တို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဒေါ်ဆန်းမေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၂-၂၀၁၅(အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၂-၂၀၁၅(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်(မော်လမြိုင်)
B.Sc (Engg)(Retd.FAO Official, ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်လယ်ယာ
အသက်(၈၅)နှစ်

မော်လမြိုင်မြို့နေ (ဦးစိန်ရုံ-ဒေါ်သိန်းရှိန်) တို့၏သား၊ (ဦးတန်ခဲဟုတ်-ဒေါ်စိန်တီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ (၂၆) သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်အေးလွင်(ခ)ဒေါ်ငွေအိတ်၏ခင်ပွန်း၊ ဦးဉာဏ်ဝင်း-(Imelda Win)-ဒေါ်အေးအေးထိုက်၊ ဒေါက်တာရဲထွန်းဦး-ဒေါက်တာမြတ်မြတ်တို့၏ဖခင်၊ မောင်ကောင်းမြတ်ဝင်း၏အဘိုးသည် ၁၁-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

Mr.Nepal Chowdhury(ခ)
ဦးထွန်းခင် (၇၆)နှစ်
(ထွန်းလျှပ်စစ်)ပဲခူး

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်၊ နာရီစင်ရှေ့၊ အမှတ်(၅၄၁)နေ (ဦးမော်နီ-ဒေါ်သျှန်းသီး)တို့၏သားငယ်၊ (ဦးမောင်ကာစီ-ဒေါ်လှဘန်းညို)တို့၏ သားသမက်၊ ဒေါ်စိန်မြညို၏ချစ်လှစွာသောခင်ပွန်း၊ ကိုအေးမြကျော်-မအေးအေးလွင်၊ မသီတာဝင်း၊ မောင်ထွန်းထွန်းဝင်း-မချယ်ရီထွန်းတို့၏ကျေးဇူးရှင်ဖခင်၊ (ဦးထွန်းမြင့်)-ဒေါ်ဘိုကူလီတို့၏ ညီ၊ ဒေါ်ရီတာ၏အစ်ကို၊ ကိုဝဏ္ဏကျော်၊ ကိုအောင်နိုင်ဝင်း၊ မနှင်းနှင်းကျော်တို့၏ ဦးလေး၊ မဟန်မြင့်မိုရ်ဦး၊ မောင်ကျော်ဇင်ဟိန်း၊ မသင်းပြည့်ဟန်တို့၏အဘိုးသည် ၈-၂-၂၀၁၅(တနင်္ဂနွေနေ့) ည ၁၂း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်း ဟိန္ဒူသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိုးငြိမ်း (၆၄)နှစ်
တပ်ကြပ်ကြီး(ငြိမ်း) ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ငွေကြွယ် (က)ရပ်ကွက်၊ သူကြွယ်လမ်း၊ အမှတ်(၇)၊ လေးလွှာ(အေ)နေ (ဦးလှ-ဒေါ်သန်း)တို့၏သား၊ (ဦးအောင်ဇံ-ဒေါ်သန်း)တို့၏သားသမက်၊ ဒေါ်စန်းရီ (လယ်ပြ၊ ထ-၂၊ လမ်းမတော်-ငြိမ်း)၏ ခင်ပွန်း၊ ဦးသန့်ဇင်စိုး(ထက်ပြ၊ အထက-၁၊ သန်လျင်)၊ ဦးမြတ်သူစိုး-ဒေါ်နွယ်နီစမ်းတို့၏ဖခင်၊ မောင်မြတ်မင်းခန့်၊ မအိမ့်သဒ္ဒါတို့၏အဘိုးသည် ၁၀-၂-၂၀၁၅(အင်္ဂါနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၅(တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြမြသန်း (၈၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ အနော်ရထာလမ်းနှင့် (၅၂) လမ်းထိပ်၊ အမှတ်(၉၇)၊ လေးလွှာ (၄၀၁)နေ (ဦးခွေး-ဒေါ်ရင်)တို့၏သမီး၊ (ဦးချိန်လျောင်-ဒေါ်ကျင်မြိုင်)တို့၏ သမီးချွေးမ၊ ဦးအောင်၏ဇနီး၊ ဒေါ်သန်းသန်းလှိုင်-(ဦးခိုင်းစိန်)၊ ဒေါ်သန်းသန်းမြင့်-ဦးကျင်ဝင်း၊ (ဦးစိုးသန်း)-ဒေါ်မြင့်မြင့်စန်း၊ ဒေါ်သန်းသန်းအောင်-ဦးလှအောင်၊ ဦးအောင်သန်း-ဒေါ်လှဝင်းအေးတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွား ဒေါ်မြမြသန်းသည် ၁၁-၂-၂၀၁၅ရက် နံနက် ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၅ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၅ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်နန်းအဲဟန်(နမ္မတူ)
အသက်(၇၀)

(ဦးဘသော်-ဒေါ်နန်းခေါင်)တို့၏ တတိယမြောက်သမီး၊ (ဦးစောအမောင်)၏ချစ်လှစွာသောဇနီး၊ ဦးတင်ရွှေ-ဒေါ်စုစီ၊ (ဦးဖိုးလစ်-ဒေါ်ညို)တို့၏ညီမ၊ ဦးကျော်နိုင်ဦး(ခ)ကိုကြီးကြီး-မသန္တာအောင်၊ ဦးကျော်ခိုင်ဦး(ခ)ကိုငယ်ငယ်-စောကေသီ၊ ဦးဇော်တူး-ဒေါ်ငြိမ်းနုနုကျော်တို့၏မိခင်၊ တူ/တူမ ခြောက်ယောက်၊ မြေးနှစ်ယောက်တို့၏အဘွား ဒေါ်နန်းအဲဟန်သည် ၁၀-၂-၂၀၁၅ (အင်္ဂါနေ့) ည ၇း၃၅နာရီတွင် အမှတ်(၄)၊ မာလာလမ်း၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၂-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မကေသီအောင် (၄၄)နှစ်
သာယာဝတီမြို့
(သာယာဝတီမြို့နယ်အသင်း)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ကွက်သစ်မေတ္တာလမ်းနေ ဦးလှသန်း-(ဒေါ်အုန်းသန်း)တို့၏သမီးချွေးမ၊ ရွှေဘိုမြို့နေ ဦးသိန်းအောင်-ဒေါ်အုန်းမြင့်တို့၏ သမီး၊ မဆုမြတ်ပန်၊ မမြတ်ဆုပန်တို့၏ မွေးသမိခင်၊ ဦးမြတ်စိုးအောင်၏ ချစ်လှစွာသောဇနီး မကေသီအောင်သည် ၁၀-၂-၂၀၁၅(အင်္ဂါနေ့) နံနက် ၄း၂၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကွက်သစ်ရပ်ကွက် မေတ္တာလမ်း နေအိမ်မှ ထောင်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းတို့နှင့် သာယာဝတီမြို့နယ်အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြရန်။

ကျန်ရစ်သူမိသားစုနှင့်
သာယာဝတီမြို့နယ်အသင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အဘွား ဒေါ်စက်ညွှန့်(မိုးကုတ်) အသက်(၁၀၀)

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ ဒေါ်ညွှန့်ညွှန့်၊ ရန်ကုန်မြို့၊ (၉)မိုင်၊ အောင်သုခလမ်းနေ ဦးဝင်းဖေ-ဒေါ်ရွှေချော၊ (၁၃)လမ်းနေ ဒေါ်ပြုံး၊ ကျပ်ပြင်ဈေးရပ်နေ ဦးသောင်းညွှန့်-ဒေါ်ရင်ရင်တို့၏ အဒေါ်၊ ရန်ကုန်မြို့၊ ကန်တော်ကလေး၊ (၈၇)လမ်းနေ (ဦးခင်မောင်ရင်)-ဒေါ်တင်တင်၊ မိုးကုတ်မြို့၊ အောင်နန်းရပ်နေ (ဦးစိုးညွှန့်)-ဒေါ်ဝင်းရီ၊ မန္တလေးမြို့၊ (၁၉)လမ်းနေ ဦးကျော်ညွှန့်-ဒေါ်နန်းမြတ်ထွေး၊ ရန်ကုန်မြို့၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်းနေ ဦးသန်းဝင်း-ဒေါ်မေသန်းတင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး/မြစ် ၅၀ကျော်တို့၏အဘွား ဒေါ်စက်ညွှန့်သည် ၁၁-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (ဦးသန်းဝင်း-ဒေါ်မေသန်းတင်တို့၏ နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းသိန်း(ဖားအောက်) (၈၁)နှစ်
အကောက်ခွန်ဦးစီးဌာန(ငြိမ်း)

မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာနေ (ဦးစိန်ဖေ-ဒေါ်ပုလဲငွေ) တို့၏သမီး၊ (ဦးသန်းမောင်) -ဒေါ်လှစံတို့၏ညီမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဒဿန(၁)လမ်း၊ အမှတ်(၃၇)နေ [ဦးသန်းဆွေ (စာရေးဆရာ မောင်သက်နောင်)၏ဇနီး၊ ဦးသန်းဇော်အေး-ဒေါ်အေးသီတာသက်၊ ဦးသိန်းဇော်- ဒေါ်နှင်းစန္ဒာသက်၊ ဦးအောင်မျိုးသက်-ဒေါ်နီလာမြင့်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မမေဆုမြတ်၏အဘွားသည် ၁၀-၂-၂၀၁၅ (အင်္ဂါနေ့) ည ၈း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ရင်ရင်အေး(ခ)ဒေါ်ရှုလွမ် အသက်(၈၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၅၇)၊ (၄၆)လမ်း၊ မြေညီထပ်နေ (ဦးမောင်မောင်သန်း-စန်းသော်တာရုပ်ရှင်)၏ဇနီး၊ ဦးအောင်သန်း(ဒါရိုက်တာ -MOB ဘဏ်)-ဒေါက်တာအေးအေးသန်း၊ ဦးမြင့်ဝင်း-ဒေါ်မြမြသန်း(ခ)ဒေါ်ဘေဘီ (Green Luck Co., Ltd)၊ ဦးဝင်းလှိုင်-ဒေါက်တာချိုချိုသန်း(Australia)၊ ဦးထွန်းထွန်းအောင် (Asia word Co., Ltd)-ဒေါ်လှလှထွေး၊ ဦးကျော်ကျော်အောင်၊ ဒေါ်မြတ်သူဇာကျော်(Sunfar Shipping Co.,Ltd)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေးလေးယောက်တို့၏ဘွားဘွားကြီး ဒေါ်ရင်ရင်အေးသည် ၁၁-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဒေါက်တာဆွေလွင်(B.V.S) အသက်(၆၀)
လက်ထောက်ညွှန်ကြားရေးမှူး၊ မွေးမြူရေးဌာန(ရန်ကုန်)

(ဦးသိန်းဆွေ-ဒေါ်ခင်မြ)တို့၏သား၊ (ဦးကျင်မောင်-ဒေါ်ကျင်မေ)တို့၏ သားသမက်၊ ဇရပ်ကွင်းနေ ဦးမင်းလွင်၏ညီ၊ ထောက်ကြန့်မြို့နေ ဦးသက်တင်-ဒေါ်ခင်ဆွေသိန်း၊ ဇရပ်ကွင်းနေ ဦးညီညီဆွေ-ဒေါ်ခင်ဝင်းမာ၊ ရန်ကုန်မြို့နေ ဦးတင့်ဆွေ-ဒေါ်ခိုင်ရွှေဝါတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တိုက်အမှတ် (TH/1)၊ အခန်း(၂၀၂)၊ သုမင်္ဂလာလမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ ကိုနေလင်းထွန်း-မခိုင်စန္ဒာဆွေ၊ ကိုမင်းမင်းထူး၊ မစုစန္ဒာဆွေတို့၏ဖခင်၊ မြေးတစ်ယောက်၏အဘိုး၊ ဒေါ်ကြည်ဝင်း၏ခင်ပွန်း ဒေါက်တာဆွေလွင်သည် ၁၁-၂-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်မင်းသူ အသက်(၄၀)
အထက(၄)၊ ပုဇွန်တောင်ကျောင်းသူဟောင်း
B.Sc(Chem) Q.M.Sc (Bio chemistry)
M.Research (Bio-Chemistry), Phd Pretim, A.C.C.A Part-II
Chief Accountant. vina Pioneer Ltd Vietnam

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်၊ တောင်လုံးပြန်ရပ်ကွက်၊ သော်တာလမ်း၊ အမှတ် (၁၄)နေ (ဦးသန်းဆွေ)-ဒေါ်သိန်းရွှေ၊ (ဗိုလ်ကြီးလှကြည်-ဒေါ်ဖွားဟန်)တို့၏ချစ်လှစွာသောမြေး၊ ဦးခင်အောင် (ဦးစီးအရာရှိ၊ ဘာသာပြန်-ငြိမ်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)-ဒေါ်မိမိဆွေ [အထပြ-ငြိမ်း၊ ထ-၄၊ ပုဇွန်တောင်၊ FISC (သန်လျင်ကျောင်းခွဲကျောင်းအုပ်-ငြိမ်း]တို့၏ချစ်လှစွာသော တစ်ဦးတည်းသောသမီး၊ မယဉ်မင်းသူ (အထက-၄၊ ပုဇွန်တောင်ကျောင်းသူဟောင်း)၊ ဦးဇော်မင်းထွဋ် (3/0 M.V PHARO STAR)၏ ချစ်လှစွာသောအစ်မ၊ ဒေါ်အေးအေးသန်း (GM JENKO MIND WORKS EDUCATION CENTRE)၊ ချစ်လှစွာသောတူမကြီး၊ ဦးသိန်းလွင်-ဒေါ်မို့မို့ခိုင်(ရွှေမင်းမွန်-ဆန်ပွဲရုံ၊ မိတ္ထီလာမြို့)တို့၏ ချစ်လှစွာသောတူမကြီး၊ မအိမ့်မွန်ဟန် (3rd MB-UMM) မောင်မင်းသူဟန် (1st BDS UDMM) တို့၏ ချစ်လှစွာသောအစ်မသည် ၅-၂-၂၀၁၅ရက် နံနက် ၁နာရီတွင် VIETNAM နိုင်ငံ၊ Hanoi မြို့၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၁၅ရက်တွင် VIETNAMနိုင်ငံ၊ Honio မြို့၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးစိန် (၈၆)နှစ်
(ရွှေကူ-ဗန်းမော်)

ရွှေကူမြို့နေ (ဦးဟိန်မှန်-ဒေါ်သဲနု) တို့၏သမီး၊ (ဒေါ်စက်မေ)၊ (ဒေါ်စက်ရွှေ)၊ (ဒေါ်စောမြိုင်)၊ (ဒေါ်စောလှိုင်)၊ ဒေါ်အေးမယ်တို့၏ညီမ၊ (ဒေါ်အေးရှိန်)၊ (ဦးဘငွေး)တို့၏အစ်မ၊ အမှတ်(၂၁၉/D)၊အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ (ဦးတင်ဦး)၏ဇနီး၊ ဦးစိုင်းလုံးတစ်ဆမ်-ဒေါ်သက်သက်ဦး(USA)၊ ဦးအောင်မင်းဦး-ဒေါ်နန်းမို၊ Mr. TO NY- ဒေါ်နီနီဦး(Australia)၊ ဦးကျော်ကျော်လှိုင်-ဒေါ်လဲ့လဲ့ဦး၊ ဦးအေးထွန်း-ဒေါ်ထားထားဦးတို့၏မွေးသမိခင်၊ နန်းစန္ဒာဆမ်၊ မောင်အေးငြိမ်းချမ်း၊မောင်ဟန်သူကျော်၊ Emily၊မနန်းအိန္ဒြေဦးတို့၏ ချစ်လှစွာသောအဘွားသည်၁၁-၂-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၂-၂၀၁၅(အင်္ဂါနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီထိ မြို့မကျောင်းလမ်း၊ အိမ်တော်ရာတိုက်၊ ဒက္ခိဏာရုံကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
နိုင်ထွန်းရှင်(ခ)ဦးမွန်ထွန်းရှင်
ဘီလူးကျွန်း၊ တော်ကနာရွာ
မြို့ရွာနှင့်အိုးအိမ်(ငြိမ်း)
မွန်စာပေနှင့်ယဉ်ကျေးမှု
ကော်မတီ အတွင်းရေးမှူးဟောင်း
ကျိုက်သီမွန်ကျောင်း ဒါယကာကြီး
တိုင်းရင်းဆေးသမားတော်ကြီး
အသက်(၈၂)နှစ်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ကနာရွာနေ (နိုင်ပု-မိလုံးဘု)တို့၏ သား၊ ကွမ်ရိုက်ရွာနေ (နိုင်ချစ်လှ-မိခွားသီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဂရုဏာ(၄)လမ်း၊ အမှတ်(၆၆၄)နေ မိခင်သန်းရီ၏ချစ်လှစွာသောခင်ပွန်း၊ (မိတင်)၊ မိတင်အေး၊ နိုင်သောင်းစိန်-မိနုနုခင်တို့၏အစ်ကိုကြီး၊ မိအေးအေးမွန် (ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)၊ မင်းသန်းထွန်း-မစန်းစန်းဝင်း၊ မင်းမျိုးသွယ်-မဖြူစင်သန့်တို့၏ ချစ်လှစွာသောဖခင်၊ မင်းဉာဏ်မင်းထက်၏ အဘိုးသည် ၁၁-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၅ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းကုန်ဆုံးသည့်လက်မှတ်များအပ်နံရေးအစီအစဉ် ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၁၉/၂၀၁၅

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့် သက်တမ်းကုန်ဆုံးသည့် လက်မှတ်များအပ်နံရေးအစီအစဉ် ထုတ်ပြန်ကြေညာခြင်း

၁။ နိုင်ငံတော်အချုပ်အခြာအာဏာပိုင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီးနှင့် လက်တွဲဖော်ဆောင်သည့် နိုင်ငံသားနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံ၏ရေရှည်အကျိုးကို ရည်ရွယ်၍ **၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ** တို့ကိုပြဋ္ဌာန်းကျင့်သုံးခဲ့ပါသည်။

၂။ **၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ** ပုဒ်မ ၅၊ ပုဒ်မခွဲ (၁)ပါပြဋ္ဌာန်းချက်နှင့် **၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ၏** နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ(၃)ပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအချို့သို့ လိုအပ်ချက်အရ ကိုင်ဆောင်ရန် ယာယီသက်သေခံလက်မှတ်များအား ထုတ်ပေးခဲ့ပါသည်။ ယခုအခါ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းစဉ်အား မိုးပွင့်အထူးစီမံချက်ဖြင့် အရှိန်မြှင့်ဆောင်ရွက်နေပြီဖြစ်၍ ယာယီသက်သေခံလက်မှတ်များ၏ သက်တမ်းကုန်ဆုံးသည့် နေ့ရက်ကို ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ သတ်မှတ်ပါသည်။

၃။ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများသည် **၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများ၏** နည်းဥပဒေ ၁၃၊ နည်းဥပဒေခွဲ(၄)ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်တမ်းကုန်ဆုံးသည့် လက်မှတ်များအပ်နံခြင်း၊ စိစစ်မှုခံယူခြင်းတို့ကို သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များကိုလိုက်နာ၍ နည်းလမ်းတကျ ဆောင်ရွက်ကြရမည်။ သက်တမ်းကုန်ဆုံးသည့်လက်မှတ်များအပ်နံခြင်းကို ၂၀၁၅ ခုနှစ် မေလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ အထက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် **၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများ၏** နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(၁)နှင့် နည်းဥပဒေခွဲ(၃)၊ နည်းဥပဒေ ၂၉၊ နည်းဥပဒေခွဲ(၂)တို့ပါ ပြဋ္ဌာန်းချက်များအရနှင့် ပွင့်လင်းမြင်သာမှုရှိစေရေး၊ ညီညွတ်မျှတမှုရှိစေရေးတို့အတွက် မြို့နယ်မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များကို နိုင်ငံတော်သမ္မတရုံးမှ မိုးပွင့်အထူးစီမံချက်တွင် ဖွဲ့စည်းပေးထားပြီးဖြစ်သော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကြီးကြပ်မှုကော်မတီများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ရန် တာဝန်ပေးအပ်ပါသည်။

၅။ **၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ**ပုဒ်မ ၃၊ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်အရ မှတ်ပုံတင်အရာရှိချုပ်အဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား လည်းကောင်း၊ မြို့နယ်မှတ်ပုံတင်အရာရှိအဖြစ် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးအား လည်းကောင်း တာဝန်ပေးအပ်ပါသည်။

၆။ ထို့အပြင် ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ ရဟန်းရှင်လူပြည်သူအပေါင်းက ဝေဖန်သုံးသပ်မှုများရှိနေသည့်အတွက် ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ဆက်စပ်ကိစ္စရပ်များ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်ကို ပညာရှင်များ၊ ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မီဒီယာလွတ်လပ်ခွင့်

ယခုလို သမိုင်းဝင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမယ့်အချိန်အခါမျိုးမှာ မီဒီယာလွတ်လပ်ခွင့်ကို ခုတုံးလုပ်ပြီး ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာတွေ၊ မီဒီယာစည်းကမ်းနဲ့မညီတဲ့ အပြုအမူတွေကို မပြုလုပ်ကြဘဲ အားလုံးစုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လိုပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

ယနေ့ မာတိကာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ — စာမျက်နှာ - ၃

ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနား ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပ — စာမျက်နှာ - ၅

တစ်စိတ်တစ်ဝမ်း ညီညီလှမ်းလို့

ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး — စာမျက်နှာ - ၆၊ ၇

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေး လေးပွင့်ဆိုင် ဆွေးနွေး၊ ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၊ ဥပဒေပြုလွှတ်တော်၊ ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) နှင့် ကျောင်းသားကိုယ်စားလှယ်များပါဝင်သော တတိယအကြိမ်မြောက် လေးပွင့်ဆိုင်ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ဒေါက်တာအောင်ကျော်မြတ်၊ ဦးသောင်းထိုက်၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အကြံပေးအဖွဲ့ဝင်များ၊ NNER နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များ၊ Moderator အဖြစ် ဆောင်ရွက်မည့် ဒေါက်တာအောင်ထွန်းသက်နှင့် ဒေါက်တာကျော်သူတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆွေးနွေးပွဲတွင် ဒေါက်တာ အောင်ထွန်းသက်က အဖွင့်အမှာစကားပြောကြားရာ ယနေ့ ဆွေးနွေးပွဲကို မေတ္တာရှေ့ထား ဆွေးနွေးကြရန်နှင့် ဆွေးနွေးပွဲ၏ အဓိကဦးတည်ချက်ကို တိုင်ပင်ဆွေးနွေးပြီး အပြန်အလှန်ညှိနှိုင်းကြရန်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲအောင်မြင်ရန် အချက်နှစ်ချက်ရှိကြောင်း၊ ပထမအချက်မှာ ပညာရေးဥပဒေနှင့် ပါဝင်ပတ်သက်သူများအားလုံး ပြောကြားနေကျဖြစ်သည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻